# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ကုသိုလ်ကောင်းမှု လျင်မြန်စွာပြု**

စိတ်သည် မကောင်းမှုတွင် မွေ့လျော်တတ်သဖြင့် ကောင်းမှုပြုသောအခါ နှံ့နှေးတတ်ရကား မကောင်းမှုမှ စိတ်ကိုတားမြစ်၍ ကုသိုလ်ကောင်းမှုတို့ကို အချိန်မဆိုင်းဘဲ ဆောလျင်စွာပြုလုပ်ရာ၏။ ကောင်းမှုပြုလိုသော စိတ်ဆန္ဒပေါ်လာလျှင် အဆောတလျင် ပြုလုပ်နိုင်ရန် ကြိုးစားရာ၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၆)


၁၃၈၄ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် | ၂၀၂၂ ခုနှစ်၊ အောက်တိုဘာ ၁၀ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ် (၁၁၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီများ၌ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကား

**နေပြည်တော် အောက်တိုဘာ ၉**

သီတင်းကျွတ် လပြည့်နေ့သည် မြတ်စွာဘုရားရှင်တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားတော်ကို ဝါတွင်းသုံးလ ဟောကြားခြင်း ပြီးမြောက်သောနေ့၊ နတ်ဖြဟ္မာအပေါင်းတို့ ခြံရံလျက် တာဝတိံသာမှ သင်္ကာသနဂိုရ်ပြည်သို့ ဆင်းသက်တော်မူသောနေ့၊ ဖြဟ္မာနတ်လူ သုံးဘုံလူတို့ မြတ်စွာဘုရားအား ကြည်ဖြူကော်ရော်ပူဇော်သောနေ့၊ လောကဝိဝရဏ တန်ခိုးတော်ကြောင့် စကြဝဠာတစ်ဝန်းလုံးကို တိုးလျှိုပေါက်မြင်ကြရသောနေ့ စသောဂုဏ်ထူးဝိသေသတို့ဖြင့် အထူးတလည် ပြည့်စုံသော နေ့ထူးနေ့မြတ်ဖြစ်သည်။



နေပြည်တော်ကောင်စီနယ်မြေရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

အဆိုပါ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များ အနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပဋ္ဌာန်းဒေသနာတော်နှင့် ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ သက်ကြီးရွယ်အိုများနှင့် မိဘဘိုးဘွားများအား ကန်တော့ခြင်း၊ ကုသိုလ်ဒါန သီလပွားများခြင်း စသည့်သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြလေ့ရှိသည်။

နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ဗုဒ္ဓဂယာ(နေပြည်တော်)၊ မဟာသကျရံသီရုပ်တော်မူ ရုပ်ရှင်တော်မြတ်ကြီး၊ ရန်အောင်မြင်ရွှေလက်လှစေတီတော်၊ ဓာတုစယဓာတ်ပေါင်းစု စေတီတော်၊ ထာဝရငြိမ်းချမ်းရေးစေတီ၊ လေ့ခွင်းတောင် တန်ခိုးကြီးဘုရား၊ ကိုးနဝင်းစေတီတော်၊ ဆုတောင်းပြည့်လောကမာရဇိန် စေတီတော်၊ သံသရာငြိမ်းအေး စေတီတော်၊


*စာမျက်နှာ ၅ ကော်လံ ၁* ◆


## ယနေ့ ဖတ်စရာ


ကြောင်းကျိုးမဆင်ခြင် တစ်ဖက်သတ်အမြင်ဖြင့် ကြိုးဆွဲရာ ကနေသမျှ — ဆောင်းပါး | စာ - ၆

ပြင်သစ်နိုင်ငံ ဘဲမွေးမြူရေးခြံ၌ ကြက်ငှက်တုပ်ကွေးရောဂါ တွေ့ရှိ — နိုင်ငံတကာသတင်း | စာ - ၁၃



ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉၆ ဦး တွေ့ရှိ — ပြည်တွင်းသတင်း | စာ - ၁၅

# မြူမှောင်ကင်းလျှင် လမင်းသာမည်

ဝါလကင်းလွတ် သီတင်းကျွတ်အခါသမယသည် မိုးရိပ်မိုးငွေ့တို့ မကုန်သေးသည့်တိုင် ခြေခင်းလက်ခင်းသာစပြုပြီ ဖြစ်သည်။ မိုးဥတုနှင့်အတူ ဝါတွင်းသုံးလပတ်လုံး အနားမရခဲ့သမျှတို့ကို အတိုးချကာ သီတင်းကျွတ်ကာလ ရုံးပိတ်၊ ကျောင်းပိတ်ရက်တို့ စသည်နှင့် ကျောင်းကန်ဘုရားတို့တွင် စည်ကားသကဲ့သို့ ပွဲလမ်းသဘင်၊ ပျော်ပွဲရွှင်ပွဲတို့ဆီမှာလည်း ကြက်ပျံမကျအောင် စည်ကားမြဲဖြစ်သည်။ မြန်မာလူမျိုးတို့မှာ နှစ်တစ်နှစ်၏ ၁၂ လရာသီတွင် ရာသီအလိုက် လအလိုက် ကိုက်ညီဆီလျော်သည့် ပွဲတော်များကို ကျင်းပခဲ့ရာ ရာသီ ၁၂ လ ပွဲတော်များသည် မြန်မာ့ယဉ်ကျေးမှု ပွဲတော်များပင်ဖြစ်သည်။

ယခုနှစ် သီတင်းကျွတ်ကာလ အစမှာပင် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးတွင် ခရီးသွားမော်တော်ယာဉ်များ လမ်းလုံးပြည့်မျှ ခရီးထွက်ကြကြောင်း၊ ပုဂံညောင်ဦးတွင် ဟိုတယ်၊ မိုတယ်၊ ဧည့်ရိပ်သာများ အောက်တိုဘာ ၁၆ ရက်အထိ ကြိုတင်ဘိုကင်များဖြင့် ပြည့်နေကြောင်း၊ ကျိုက်ထီးရိုးစေတီဘုရားပွဲတော် တောင်တော်ဖွင့်ပွဲသည် တောင်လုံးပြည့်လျှံစည်ကားကြောင်း ကြားသိရသလို ရန်ကုန်၊ နေပြည်တော်၊ မန္တလေးမြို့ကြီးများနှင့်တကွ အမြို့မြို့အနယ်နယ်ရှိ ကျောင်း၊ ကန်၊ ဇရပ်၊ ဘုရား၊ ပုထိုးများတွင် ဥပုသ်သီတင်းဆောက်တည်ကြသူများနှင့် စည်ကားလျက်ရှိကြောင်း၊ ဒေသအသီးသီးရှိ လူအများသွားလာလည်ပတ်ကြသည့် နေရာများသို့လည်း အနားယူအပန်းဖြေကြသူများ အမြောက်အမြား လာရောက်ကြကြောင်းတို့ကို သတင်းမီဒီယာများမှတစ်ဆင့် သိရှိရသည်။ ဤသည်မှာ ဒါန၊ သီလ၊ ဘာဝနာ ကုသိုလ်ကောင်းမှုများကို ပြုလုပ်လိုခြင်း၊ ငြိမ်းချမ်းသာယာစွာ နေထိုင်လိုခြင်းစသော မြန်မာလူမျိုးတို့၏ ပကတိစရိုက်သဘောကို ထင်ရှားစွာ တွေ့မြင်ရခြင်းပင်ဖြစ်သည်။

မိမိတို့နိုင်ငံသည် ရေမြေသယံဇာတများစွာ ပိုင်ဆိုင်ထားသည့် နိုင်ငံဖြစ်သည်။ လူဦးရေ ၅၆ သန်းခန့်ရှိပြီး အလုပ်လုပ်နိုင်သည့် အသက်အရွယ်ရှိသော အချိုးအစားများပြားသည့် လူဦးရေဆုလာဘ်ကိုလည်း ရရှိထားသည်။ တစ်နိုင်ငံလုံးအကြားအလပ်မရှိ ငြိမ်းချမ်းနေမည်၊ ညီညွတ်နေမည်ဆိုပါက အချိန်အနည်းငယ်အတွင်း တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်သွားမည့် အလားအလာကောင်းများ ရှိနေသည့် နိုင်ငံဖြစ်သည်။ သို့ရာတွင် မိမိတို့နိုင်ငံသည် ကံမကောင်းအကြောင်းမလှစွာဖြင့် ကိုလိုနီနယ်ချဲ့ခေတ်မှ ဆိုးမွေများကို ဖယ်ရှား၍ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ခေတ်အဆက်ဆက် တည်ဆောက်နေရဆဲ၊ ပြည်တွင်းပြည်ပမှ အဖျက်အမှောင့် အနှောင့်အယှက်များစွာတို့ကို တစ်ရံမလပ် ရှင်းလင်းဖယ်ရှားနေရဆဲဖြစ်သည့်အလျောက် နိုင်ငံတည်ဆောက်ရေးတွင် အတားအဆီး အပိတ်အဆို့များနှင့် နှောင့်နှေးမှုတို့ကြုံရသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်မှု နှေးကွေးနည်းပါးသည့်အခါ နိုင်ငံအတွင်းရှိ ပြည်သူလူထု၏ လူမှုစီးပွားဘဝများ၊ လူနေမှုအဆင့်အတန်းများမှာလည်း နိမ့်ကျကြရသည်။

ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးရာတွင်လည်း ပြည်သူလူထုက ရွေးချယ်တင်မြှောက်လိုက်သည့် အစိုးရတစ်ရပ်သည် ပြည်သူလူထုကို မှန်ကန်စွာ ဦးဆောင်စည်းရုံး၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသူ၊ နိုင်ငံသားများ၏ လူမှုစီးပွားဘဝများ မြင့်မားတိုးတက်ရေးတို့ကို အရည်အချင်းပြည့်ဝစွာ ဆောင်ရွက်မပေးနိုင်ခဲ့သည့် အခြေအနေမျိုးကိုလည်း ကြုံတွေ့ခဲ့ရသည်။ အဆိုးဆုံးမှာ နိုင်ငံရေး မရိုးသားမှုပင်ဖြစ်ပြီး ယင်းသို့ မရိုးသားမှုမှ ပေါ်ပေါက်လာသည့် ပြဿနာများကို မှန်မှန်ကန်ကန် ဖြေရှင်းရမည့်အစား နိုင်ငံနှင့် ပြည်သူ "နာ" စေမည့် နည်းလမ်းကို ရွေးချယ်ကာ အလုံးစုံပျက်သုဉ်းရေးလမ်းစဉ်နှင့် အကြမ်းဖက်မှုဝါဒတို့ကို ကျင့်သုံးကြခြင်းပင်ဖြစ်သည်။

မည်သို့ပင်ဆိုစေ မြူမှောင်ကင်းလျှင် လမင်းသာမြဲ၊ အလင်းရောင်လာလျှင် အမှောင်ပျောက်မြဲ ဖြစ်သည်နှင့်အညီ အချိန်တန်သည်နှင့် နိုင်ငံနှင့်ပြည်သူတို့၏ ကောင်းရာကောင်းကျိုးကို လိုလားသော၊ ငြိမ်းချမ်းသာယာဝပြောမှုကို လိုလားသော ငြိမ်းချမ်းရေးဝါဒနှင့် ဓမ္မဝါဒီတို့ကသာ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးတို့ကို ဆောင်ကြဉ်းကြမည်ဖြစ်ပြီး အကြမ်းဖက်ဝါဒနှင့် အဓမ္မဝါဒီတို့မှာမူ ကြက်ပျောက်ငှက်ပျောက် ပျောက်ကွယ်ကြရမည်သာဖြစ်သည်ဟု ယုံကြည်ပါကြောင်း။ ။

## ၂၀၂၂ ခုနှစ်၊ (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၏ ဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

( ခ ) တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၊ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

( ဂ ) အမိနိုင်ငံတော်ကို ချစ်မြတ်နိုးသည့်စိတ်ဓာတ် ပိုမိုထွန်းကားစေရန် ရိုးရာယဉ်ကျေးမှု အနုပညာများကို ဖော်ထုတ်ထိန်းသိမ်းပြီး မျိုးဆက်သစ်လူငယ်များသို့ လက်ဆင့်ကမ်းပေးနိုင်ရေး၊

(ဃ) ထာဝရငြိမ်းချမ်းရေးကို ဖော်ဆောင်ရာတွင် ယဉ်ကျေးမှုကဏ္ဍမှ အထောက်အကူပြုနိုင်ရေး။

## (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်အဖွဲ့များ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် အောက်တိုဘာ ၉**

၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင် အဖွဲ့များသည် ယနေ့နံနက်ပိုင်းမှ စတင်၍ တည်းခိုနေထိုင်ကြမည့် နေပြည်တော် စစ်ကြောရေးနှင့် တည်းခိုရေစခန်းသို့ ရောက်ရှိကြသည်။




ထိုသို့ ရောက်ရှိကြလာကြသည့် ပြိုင်ပွဲဝင်အဖွဲ့များကို ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ဝန်ထမ်းများက ကိုဗစ်-၁၉ စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး သတ်မှတ်ထားသည့် တည်းခိုဆောင်များအလိုက် နေရာချထားပေးကာ စုဖွဲ့ပေးထားသည့် ဆပ်ကော်မတီများ အလိုက် တာဝန်ရှိသူများက ပြိုင်ပွဲဝင်များ နေထိုင်စားသောက်ရေး အဆင်ပြေစေရေးအတွက် ပြင်ဆင်ဆောင်ရွက်ပေးကြသည်။

(၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်အဖွဲ့များတွင် ကချင်ပြည်နယ်မှ ၁၀၃ ဦး၊ ကယားပြည်နယ်မှ ၉၃ ဦး၊ ကရင်ပြည်နယ်မှ ၁၁၀၊ ချင်းပြည်နယ်မှ ၇၇ ဦး၊ မွန်ပြည်နယ်မှ ၁၀၈ ဦး၊ ရခိုင်ပြည်နယ်မှ ၁၀၀၊ ရှမ်းပြည်နယ်မှ ၁၁၃ ဦး၊ စစ်ကိုင်းတိုင်းဒေသကြီးမှ ၁၃၉ ဦး၊ ပဲခူးတိုင်းဒေသကြီးမှ ၁၈၇ ဦး၊ မကွေးတိုင်းဒေသကြီးမှ ၁၇၀၊ မန္တလေးတိုင်းဒေသကြီးမှ ၂၂၂ ဦး၊ ရန်ကုန်တိုင်းဒေသကြီးမှ ၂၅၂ ဦးနှင့် ဧရာဝတီတိုင်းဒေသကြီးမှ ၂၀၃ ဦးတို့ ရောက်ရှိကြပြီး တနင်္သာရီတိုင်းဒေသကြီးကိုယ်စားပြု ပြိုင်ပွဲဝင် ၁၄၆ ဦးသည်လည်း အောက်တိုဘာ ၁၀ ရက်တွင် ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။



ပြန်ကြားရေးဝန်ကြီးဌာနက ပြိုင်ပွဲဝင်အဖွဲ့များ အနားယူနေချိန်အတွင်း သုတ၊ ရသ၊ ကဏ္ဍစုံလင်စွာ ပါဝင်သည့် စာအုပ်၊ စာပေများ ဖတ်ရှုနိုင်သည့် စာကြည့်တိုက်ကို အုပ်ချုပ်မှုအဆောင်၌ ဖွင့်လှစ်ထားသည့်အပြင် ကျန်းမာရေးဝန်ကြီးဌာနကလည်း ပြိုင်ပွဲဝင်အဖွဲ့များ ကျန်းမာရေးကိစ္စတစ်စုံတစ်ရာ ဖြစ်ပေါ်လာပါက ကျန်းမာရေးစောင့်ရှောက်မှုများ ပေးနိုင်ရန်အတွက် အနောက်တိုင်းဆေးခန်းနှင့် တိုင်းရင်းဆေးခန်းတို့ ဖွင့်လှစ်ထားသည်ကိုလည်း တွေ့ရသည်။

**မျိုးဆက်သစ်**
**ဓာတ်ပုံ - ဟိန်းအောင်**

❍ *ကျောဖုံးမှ*

ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေအား ကောင်းကင်ယံမှ ရှုခင်းကြည့်ရှုနိုင်ရန် Balloons စတင်ပျံသန်းခြင်းကို ရွှေလေတံခွန် (နီညိုရောင်)မီးပုံးပျံ ဓာတ်ငွေ့ Balloons အဖွဲ့မှ ပိုင်းလော့ KX-Gavm မောင်းနှင်သော XY-AKH နံပါတ်ပါ Balloons နှင့် ပိုင်းလော့ K-Andy မောင်းနှင်သော XY-AKY နံပါတ်ပါ Balloons တို့အား တစ်ခုလျှင် လူဦးရေ ၁၆ ဦး လိုက်ပါစီးနင်းခဲ့ပြီး နံနက် ၇နာရီ ၄၅ မိနစ်တွင် ပုဂံမြို့သစ် အရှေ့ဘက် Bagan Lodge ဟိုတယ်၏ အရှေ့ တောင်ဘက်၌ ဆင်းခဲ့ကြောင်း သိရသည်။ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေနှင့် ဧရာဝတီမြစ်အလှရှုခင်းများ၊ ထန်းပင်ထန်းတောများ၊ အညာဒေသတွင် ပေါက်ရောက်သည့် ထနောင်းပင်များ၊ တမာပင်များ၊ ရှေးဟောင်းအဆောက်အအုံများကို ကြည့်ရန် ပြည်ပခရီးသွား ဧည့်သည်များနှင့် ပြည်တွင်းခရီးသွားဧည့်သည်များ လိုက်ပါစီးနင်းမှုများပြားခဲ့ပြီး ကိုဗစ်- ၁၉ ရောဂါကူးစက်မှု မြန်မာပြည်တွင် ကူးစက်မှုရှိလာချိန်မှစတင်ကာ ပျံသန်းမှုများရပ်တန့်ခဲ့ကြောင်း၊ အောက်တိုဘာ ၉ ရက် နံနက်မှစတင်ကာ Balloons များ စတင်ပျံသန်းခဲ့ပြီဖြစ်ကြောင်း သိရသည်။

**ကိုကြေးမုံ**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန် စစ်တွေမြို့ မြို့လုံးကျွတ်ဆွမ်းတော်ကြီး လောင်းလှူပွဲသို့ တက်ရောက်၊ ဆွမ်းဆန်တော်လောင်းလှူ



**စစ်တွေ အောက်တိုဘာ ၉**

စစ်တွေမြို့ မြို့လုံးကျွတ် ဆွမ်းတော်ကြီး လောင်းလှူပွဲကို ယနေ့ နံနက်ပိုင်းက စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီး၌ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါ်အေးနုစိန်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ အောင်ကျော်မင်း၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ တက်ရောက်ပြီး ဆွမ်းဆန်တော်လောင်းလှူကြသည်။ (ဓါတ်ပုံ)

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန်သည် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များနှင့်အတူ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ စေတနာရှင် အလှူရှင်များက ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်တော်များ၊ အချိုရည်နှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား စေတနာထက်သန်စွာဖြင့် ပါဝင်ကုသိုလ်ယူ လှူဒါန်းကြသည်။

ဆွမ်းဆန်တော်လောင်းလှူပွဲတွင် စစ်တွေမြို့ ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော် အပါး ၅၀၀ ကျော်နှင့် သီလရှင် ၁၀၀ ကျော်တို့သည် အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးမှ စတင်ကာ ဝင်္ကပါကွင်းတစ်ပတ် ကြွရောက်ကာ ဆွမ်းဆန်တော်များ အလှူခံကြသည်။

**နှစ်စဉ်ကျင်းပ**

စစ်တွေမြို့ မြို့လုံးကျွတ်ဆွမ်းတော်ကြီး လောင်းလှူပွဲကို သီတင်းကျွတ်လပြည့်နေ့၌ အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးဂေါပကအဖွဲ့မှ ဦးဆောင်ကာ နှစ်စဉ် ကျင်းပလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကို မြန်မာနိုင်ငံ သဘင်အစည်းအရုံးဝင် မွန်ပြည်နယ် ပွင့်နေခြည်ဇာတ်သဘင်အဖွဲ့အတွက် ထောက်ပံ့ငွေပေးအပ်

နေပြည်တော် အောက်တိုဘာ ၉

**အောက်တိုဘာ ၅ ရက်က မြဝတီ အာရှလမ်းမကြီးပေါ်တွင် ယာဉ်မတော်တဆမှုဖြစ်ပွားခဲ့သော မြန်မာနိုင်ငံ သဘင်အစည်းအရုံးဝင် မွန်ပြည်နယ်မှ ပွင့်နေခြည်ဇာတ်အဖွဲ့အား ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနားကို သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ရုံးအမှတ် (၃၅) နေပြည်တော်ရှိ လောကနတ်ခန်းမ၌ ယနေ့နံနက် ၉ နာရီက ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို တက်ရောက်ပြီး ထောက်ပံ့ငွေပေးအပ်၍ ကရုဏာစကား ပြောကြားသည်။**




အခမ်းအနားသို့ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်း၊ ဒုတိယအမြဲတမ်းအတွင်းဝန် ဦးလှိုင်ဝင်းမောင်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အနုပညာရှင်ဝန်ထမ်းများ၊ မြန်မာနိုင်ငံ သဘင်အစည်းအရုံး (ဗဟို) ဥက္ကဋ္ဌ ဦးစိန်မြအောင်၊ အတွင်းရေးမှူး ဦးနေဝင်းနှင့် ဗဟိုအမှုဆောင်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက ယခုကဲ့သို့ ပွင့်လင်းရာသီကာလ၌ သဘင်အနုပညာရှင်များအနေဖြင့် ကပ်ရောဂါဘေးဆိုးကြီးအကြားမှ ရုန်းကန်လှုပ်ရှားရန် ကြိုးပမ်းရင်းဖြင့် ယခုကဲ့သို့ ကြုံတွေ့သွားရခြင်းအတွက် များစွာစိတ်မကောင်းဖြစ်ရပါကြောင်း၊ သဘင်အစည်းအရုံးမှ တာဝန်ရှိသူများအနေဖြင့် သတင်းရလျှင်ရခြင်း ကူညီဆောင်ရွက်သင့်သည်များကို ငွေအား၊ လူအားဖြင့် အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ခဲ့ခြင်းအတွက် အသိအမှတ်ပြု လေးစားပါကြောင်း၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် မိတ်ဖက်အဖွဲ့အစည်းဖြစ်သော မြန်မာနိုင်ငံ သဘင်အစည်းအရုံးကြီးကို ကူညီချင်သောစေတနာ၊ စာနာတတ်သော စိတ်ထားများဖြင့် အလေးအနက်ထား၍ ယခုကဲ့သို့ အခမ်းအနားကျင်းပကာ ကူညီထောက်ပံ့ခြင်းဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုက မြန်မာနိုင်ငံ သဘင်အစည်းအရုံး(ဗဟို)သို့ ငွေကျပ် ၂၂ သိန်းကို ထောက်ပံ့ပေးအပ်ရာ အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်မြအောင်၊ အတွင်းရေးမှူး ဦးနေဝင်းနှင့် ဗဟိုကော်မတီဝင် ဦးမြစည်သူတို့က လက်ခံရယူကြသည်။ **(အပေါ်ပုံ)**

ဆက်လက်၍ အခမ်းအနားသို့ တက်ရောက်လာကြသော အနုပညာရှင်ဝန်ထမ်းများက ငွေကျပ် သုံးသိန်းကိုလည်းကောင်း၊ အနုပညာရှင် လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန္တာလင်းက ငွေကျပ် နှစ်သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ မြန်မာနိုင်ငံသဘင်အစည်းအရုံး ဗဟိုကော်မတီဝင် ဦးဌေးလွင်က လက်ခံရယူသည်။

ထို့နောက် မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို) ဥက္ကဋ္ဌ ဦးစိန်မြအောင်က ကျေးဇူးတင်စကား ပြန်လည် ပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# ပြည်ထဲရေးဝန်ကြီးဌာန မိသားစုများက ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် အောက်တိုဘာ ၉**

ပြည်ထဲရေးဝန်ကြီးဌာန တပ်ဖွဲ့ဝင်/ဝန်ထမ်း အရာထမ်း၊ အမှုထမ်း မိသားစုများက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများသို့ ဆွမ်းဆန်တော်နှင့် ဆန်ကြာဆံများ ဆက်ကပ်လှူဒါန်းခြင်းကိုဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ဝဇီရာနန္ဒသုဗောဓာရုံကျောင်းတိုက်၊ ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်ရှိ ဓမ္မရက္ခိတဝန်းသိုကျောင်းတိုက်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ်ရှိ ကျိုက်ပွန်ဇေတဝန်ကျောင်းတိုက်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နယ်ရှိ အောင်ပါရမီပရိယတ္တိစာသင်တိုက်၊ ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်ရှိ အရှင်ဥတ္တမသာရစာသင်တိုက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မစိုးရိမ်ကျောင်းတိုက်၊ ရန်ကင်းမြို့နယ်ရှိ မဟာဗောဓိကျောင်းတိုက်နှင့် သာကေတမြို့နယ်ရှိ အောင်သီတာစာသင်တိုက်တို့သို့ ဆွမ်းဆန်တော်များကိုလည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ်ရှိ ရန်ကင်းပရိယတ္တိစာသင်တိုက်၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်ရှိ မဟာဝိသုတာရာမ သာသနဗိမာန်ကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်ရှိ ရွှေအိုးရတောရကျောင်းတိုက်၊ အောင်မြေသာစံမြို့နယ်ရှိ ဖားအောက်တောရကျောင်းတိုက်နှင့် ရှမ်းပြည်နယ် လားရှိုးမြို့နယ်ရှိ ရက္ခဝတီတောရကျောင်းတိုက်တို့သို့ ဆန်ကြာဆံများကိုလည်းကောင်း တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် အောက်တိုဘာ ၉**

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မိုး/ဇလ**

# အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်အတွင်းရှိ မဟာသန္တရံစေတီတော်ကြီး ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်း ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ခြင်းနှင့် ပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

အရှေ့အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်အတွင်း တည်ထားကိုးကွယ်ထားသည့်မဟာသန္တရံစေတီတော်ကြီး ရွှေသင်္ကန်းဆက်ကပ်လှူဒါန်းခြင်း၊ ဗုဒ္ဓါဘိသေကအနေကဇာတင်ပူဇော်ခြင်းနှင့် မဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါစေတီတော်ကြီး ဓမ္မာရုံအတွင်း၌ ပြုလုပ်ရာ ရှမ်းပြည်နယ်(တောင်ပိုင်း) ခိုလမ်မြို့ ကျောက်မဲကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တသုဇာတ အမှူးပြုသော သံဃာတော်များကြွရောက်တော်မူကြပြီး တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့်အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းမှူးက ဓမ္မာရုံအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား ပန်း၊ ရေချမ်း၊ ဆီမီး၊ ဆွမ်း၊ သစ်သီးနှင့် ရွှေသင်္ကန်းတို့ကို ဆက်ကပ်ပူဇော်သည်။ **(ယာပုံ)** ထို့နောက် တိုင်းမှူးနှင့် တက်ရောက်လာကြသူများက စေတီတော်ကြီးအား ရွှေသင်္ကန်း ဆက်ကပ်လှူဒါန်းကြပြီး ဗုဒ္ဓါဘိသေကအနေကဇာတင် ပူဇော်ကြသည်။ ယင်းနောက် သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြပြီး တိုင်းမှူးနှင့် တက်ရောက်လာကြသူများက သံဃာတော်များအား အရုဏ်ဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် မဟာပဋ္ဌာန်းကျမ်းမြတ်ပူဇော်ပွဲ ပဋ္ဌာန်းသိမ်းအောင်ပွဲမင်္ဂလာကို ဆက်လက်ပြုလုပ်ကြရာ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ကျောက်မဲကျောင်းတိုက်ဆရာတော် အမှူးပြုသော သံဃာတော်များထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်များအား လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းကြကာ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**





## သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် ဇီဝိတဒါနငါးလွှတ်ကုသိုလ်ပြုခြင်းနှင့် ကျိုင်းတုံမြို့ သံဃာ့မဟာပဝါရဏာလောင်းလှူပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

ယနေ့ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် ဗုဒ္ဓဘာသာဝင်များသည် တရားဘာဝနာများ ကျင့်ကြံအားထုတ်ခြင်း၊ သံဃာတော်များအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ အရုဏ်ဆွမ်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်း၊ ဇီဝိတဒါန ကုသိုလ်ပြုခြင်း အစရှိသည့် ကုသိုလ်ကောင်းမှုများ ပြုလုပ်လျက်ရှိကြသည့် နည်းတူ ယနေ့နံနက်ပိုင်းတွင် ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တကောဝိဒ(ဝစီပိတ်ဆရာတော်)နှင့် သံဃာတော်များအား အမှူးထား၍ ကြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်နှင့် အဖွဲ့ဝင်များသည် ကျိုင်းတုံမြို့ရှိ ကျိုင်းဖောင်းချောင်းသို့ သွားရောက်ကာ သီတင်းကျွတ်လပြည့်နေ့ ဇီဝိတဒါန ငါးလွှတ်ကုသိုလ် ပြုလုပ်ကြသည်။

**လှူဖွယ်ပစ္စည်းများလောင်းလှူ**

ဆက်လက်၍ ကျိုင်းတုံမြို့ မြို့လုံးကျွတ် သံဃာ့မဟာပဝါရဏာလောင်းလှူပွဲကို သံသရာအေးကျောင်းတိုက် အတွင်း၌ ဆက်လက်ပြုလုပ်ရာ တိုင်းမှူးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့မိမြို့ဖများနှင့် ဒေသခံတိုင်းရင်းသားပြည်သူများ တက်ရောက်ကြပြီး မိုင်းဇင်းကျေးရွာအုပ်စု ဇေယျာမေဒိနီကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တဝိဇယ အမှူးပြုသော ကျိုင်းတုံမြို့နယ်ရှိ ဘုန်းကြီးကျောင်း ၅၆ ကျောင်းမှ သံဃာတော် ၂၀၂ ပါးအား ဆွမ်းဆန်၊ ဆီ၊ ဆား အစရှိသည့် လှူဖွယ်ပစ္စည်းများနှင့် နဝကမ္မအလှူငွေများကို လောင်းလှူပူဇော်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## (၁၄)ကြိမ်မြောက် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့) အခမ်းအနားနှင့် အကြိမ်(၁၄၀)မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲအောင်ပွဲမင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် အောက်တိုဘာ ၉**

၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)အခမ်းအနားကို ယနေ့ နံနက် ၇ နာရီတွင် နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော် ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ဂေါပကအဖွဲ့ဝင်များနှင့် ဘာသာရေးဝတ်အသင်းအဖွဲ့များက ဩကာသကန်တော့ချီးဖြင့် ဆရာတော် သံဃာတော်များထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြသည်။ ထို့နောက် အဘိဓမ္မာ ခုနစ်ကျမ်းပါဠိတော် ကောက်နုတ်ချက်များကို ရွတ်ဆိုပူဇော်၍ အရပ်ဆယ်မျက်နှာ မေတ္တာပို့ဖြင့် မေတ္တာပို့သကြသည်။

ဆက်လက်၍ အကြိမ် (၁၄၀) မြောက် အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားကို နံနက် ၁၀ နာရီတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ရင်ပြင်တော်ဓမ္မာရုံ၌ ဆက်လက်ကျင်းပရာ အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော် နေပြည်တော် လယ်ဝေးမြို့ ပေါက်မြိုင်ကျောင်းတိုက် ပဓာနနာယက အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဇနိန္ဒမထေရ်မြတ်နှင့် ဆရာတော် သံဃာတော်များ ကြွရောက်ကြပြီး သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့်ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စိုးဦး၊ ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ ဘဒ္ဒန္တဇနိန္ဒမထေရ်မြတ်ထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်တို့က ပရိတ်တရားတော် ရွတ်ပွားပူဇော်ကြသည်။ ထို့နောက် ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့်ဇနီး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ အမြဲတမ်းအတွင်းဝန်၊ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများက ဆရာတော် သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် အင်းသာကျောင်းတိုက် ဆရာတော်ထံမှ ရေစက်ချတရားနာယူ၍ ရေစက်သွန်းလောင်းအမျှပေးဝေကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဝန်ကြီးနှင့်ဇနီး၊ နေပြည်တော်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ အမြဲတမ်းအတွင်းဝန်၊ ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများက ဆရာတော် သံဃာတော်များအား နေ့ဆွမ်းဆက်ကပ် ပူဇော်ကြသည်။

**သတင်းစဉ်**



## ဘိုကလေးမြို့နယ်ရှိ အောင်စကြာစေတီတော်မြတ်ကြီး၌ သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးပြည်သူများဖြင့် စည်ကား

**ဘိုကလေး အောက်တိုဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်ရှိ အောင်စကြာစေတီတော်မြတ်ကြီး၌ ယနေ့ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် ဘုရားဖူးပြည်သူများ၊ တရားဘာဝနာပွားများသူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ အောင်စကြာစေတီတော်မြတ်ကြီးရှိ အနန္တသုခ ရွှေဗိမာန်တန်ဆောင်းတော်ကြီးအတွင်း၌ ဝါတွင်းကာလတစ်လျှောက် ဝါဆိုလပြည့်နေ့မှစတင်ကာ ယနေ့ သီတင်းကျွတ်လပြည့်နေ့အထိ လပြည့်၊ လကွယ်နေ့တိုင်း နေ့အထူးတရားပွဲများ ကျင်းပခဲ့ကြောင်း သိရသည်။ **မိုးစက်(ဘိုကလေး)**

◆ *ရှေ့ဖုံးမှ*

ဘုရားကိုးဆူ၊ ကိုးခန်းကြီးဘုရား၊ လောကရန်နှိမ်စေတီ၊ ဖောင်တော်ချက်မစေတီ၊ လက်လုပ်တောင်စေတီ၊ မြို့ပေါ်ရပ်ကွက်များရှိ စေတီပုထိုးများနှင့် ကျောင်းကန်ဇရပ်များတွင် ယနေ့နံနက်ပိုင်းမှ စတင်ကာ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများသည် တရားဘာဝနာပွားများခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ တရားသဘင်များကျင်းပခြင်း၊ ဆရာတော် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ ဆွမ်းဆန်စိမ်းလောင်းလှူခြင်း၊ စတုဒိသာကျွေးမွေးလှူဒါန်းခြင်းများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရသည်။

"သီတင်းကျွတ်လပြည့်နေ့က ဗုဒ္ဓဘာသာဝင်တို့ရဲ့ နေ့ထူးနေ့မြတ်ဖြစ်တဲ့အတွက်ကြောင့် သူငယ်ချင်းတွေနဲ့အတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးကို လာရောက်ဖူးမြော်တာပါ။ ညပိုင်းမှာတော့ ကျွန်မတို့သူငယ်ချင်းတွေစုပြီး ရပ်ကွက်ထဲမှာရှိတဲ့ ဘုရားကို ဆီမီး ၁၀၀၀ ပူဇော်ပြီးရင် သက်ကြီးရွယ်အို၊ မိဘဘိုးဘွားတွေနဲ့ ဆရာသမားတွေကိုသွားပြီး ကန်တော့မှာပါ။ မြန်မာနိုင်ငံအတွင်းမှာရှိကြတဲ့ ပြည်သူတွေအားလုံး ကပ်ကြီးသုံးပါးကို ကျော်လွှားပြီး ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေးတွေ အားလုံးအဆင်ပြေကြပါစေလို့ ဆုတောင်းပါတယ်" ဟု ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးသို့ ဘုရားဖူးလာရောက်သည့် မဟန်နီစိုးက ပြောသည်။

ထို့အတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းရှိ ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ်၌ ဆင်စာကျွေးကြသူများ၊ နိဗ္ဗာန်ကုန်ဆိုင်များနှင့် အမှတ်တရပစ္စည်းအရောင်းဆိုင်များတွင်လည်း ဈေးဝယ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် နေပြည်တော်ရှိ Ocean Super Center၊ Juction Center၊ Naypyitaw Wholesale တို့တွင် ဈေးဝယ်ကြသူများ၊ အမျိုးသားအထိမ်းအမှတ်ဥယျာဉ် **(အောက်ပုံ)**၊ ဆာဖာရီဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်၊ လေ့ခွင်းတောင်အပန်းဖြေစခန်း၊ ငလိုက်ဆင်စခန်းနှင့် မင်္ဂလာကန်တော်တွင် အပန်းဖြေလာရောက်ကြသူများနှင့် ဘောဂသီရိကားကြီးကွင်း၊ သပြေကုန်းနှင့် မြို့မကားကွင်းတို့တွင်လည်း အနယ်နယ်အရပ်ရပ်သို့ ဘုရားဖူးနှင့် အပန်းဖြေခရီးသွားကြသူများဖြင့် စည်ကားလျက်ရှိသည်။

ညပိုင်းတွင်လည်း အဆိုပါဘုရားများ၌ ဆီမီးပူဇော်ပွဲများ၊ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများရှိ ဘုရားစေတီများနှင့် နေအိမ်များ၌ မြတ်စွာဘုရားရှင်အားရည်မှန်း၍ ဆီမီးနှင့်မီးရောင်စုံ ထွန်းညှိပူဇော်ကြသူများ၊ မိဘဘိုးဘွားများနှင့် ဆရာသမားများကို လိုက်လံကန်တော့ကြသူများဖြင့် စည်ကားလျက်ရှိသည်။



ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအနီးရှိ တပေါင်းကွင်း၌ မီးရှူး၊ မီးပန်းများ ပစ်ဖောက်စဉ်။

အလားတူ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးရင်ပြင်ပေါ်၌ ဆီမီးထွန်းညှိပူဇော်ပွဲများကျင်းပပြီး စေတီတော်မြတ်ကြီးအနီးရှိ တပေါင်းကွင်း၌လည်း FIREWORK အမျိုးအစား မီးရှူး၊ မီးပန်းများ ပစ်ဖောက်ပေးရာ အများပြည်သူများ လာရောက်ကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိသည်။

" နေပြည်တော်မှာရှိတဲ့ အထင်ကရဘုရား၊ စေတီတွေကို နေ့ခင်းပိုင်းမှာ သူငယ်ချင်းတွေနဲ့အတူ ဖူးမြော်ခဲ့ပါတယ်။ လပြည့်နေ့ဖြစ်တဲ့အတွက် ဘုရား၊ စေတီတွေမှာ ဘုရားဖူးပြည်သူတွေ စည်ကားနေတာတွေ့ရပါတယ်။ ညပိုင်းမှာတော့ ရေပန်းဥယျာဉ်ထဲက ညဈေးရောင်းပွဲတော်မှာ ဖျော်ဖြေပွဲရှိတယ်ဆိုလို့ လာရောက်အားပေးတာပါ။ ညဈေးရောင်းပွဲတော်မှာ အစားအစာတွေလည်းစုံပြီး ဈေးကလည်း သင့်တင့်ပါတယ်။ မနက်ဖြန်ညမှာလည်း ဖျော်ဖြေရေးအစီအစဉ် ရှိသေးတဲ့အတွက် လာရောက်အားပေးမှာပါ" ဟု နေပြည်တော်ရေပန်းဥယျာဉ် ညဈေးပွဲတော်သို့ လာရောက်လည်ပတ်သူ ကိုတေဇာဖြိုးက ပြောသည်။

ထို့အတူ နေပြည်တော်ရေပန်းဥယျာဉ်အတွင်း ကျင်းပလျက်ရှိသည့် ညဈေးရောင်းပွဲတော်အတွင်း ဖျော်ဖြေရေးအစီအစဉ်များအဖြစ် နိုင်ငံတော် တေးသံရှင်များနှင့် The Voice Myanmar မှ တေးသံရှင်များက DJ, Music Band များနှင့်အတူ ပရိသတ်အကြိုက် တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ လာရောက်ကြည့်ရှုကြသူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ သီတင်းကျွတ်အများပြည်သူရုံးပိတ်ရက်တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်သို့ ဘုရားဖူးလာရောက်ကြသည့် ပြည်သူများသာမက တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အထင်ကရနေရာများသို့ သွားရောက်လည်ပတ်ကြသည့် ဘုရာဖူးကားများကိုလည်း ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် စည်ကားများပြားစွာ တွေ့မြင်ရသည်။

" သီတင်းကျွတ်ရုံးပိတ်ရက်မှာ မိသားစုနဲ့အတူ ပြင်ဦးလွင်မြို့ကို သွားရောက်လည်ပတ်မှာဖြစ်ပါတယ်။ အခုက နေပြည်တော်မှာ ထမင်းစားခဏနားနေတုန်း နေပြည်တော်ရဲ့ ဒေသထွက်အစားအစာတွေကို ဝယ်ယူနေတာပါ။ အမြန်လမ်းမကြီးပေါ်မှာလည်း ကျွန်မတို့လို အလည်အပတ်သွားရောက်ကြတဲ့သူတွေ အများ အပြားတွေ့ရပါတယ်။ နိုင်ငံတော်အစိုးရအနေနဲ့လည်း အခုရုံးပိတ်ရက်တွေမှာ သွားလာလည်ပတ်နိုင်အောင် ကိုဗစ်-၁၉ စည်းကမ်းချက်တွေနဲ့အညီ ဘုရား၊ စေတီတွေကို ဖွင့်လှစ်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်" ဟု ရန်ကုန်မြို့မှ ပြင်ဦးလွင်မြို့သို့ သွားရောက်လည်ပတ်သူ မတိုးနန္ဒာက ပြောသည်။

သီတင်းကျွတ်လပြည့်နေ့တွင် ဘုရားဖူးလာရောက်ကြသူများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးဝန်ထမ်းများနှင့် ကြက်ခြေနီတပ်ဖွဲ့ဝင်များက နှာခေါင်းစည်းများ ဖြန့်ဝေပေးကြပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များကလည်း ဘုရားဖူးပြည်သူများ စိတ်အေးချမ်းစွာ ကုသိုလ်ပြုနိုင်ရန် လုံခြုံရေးဆောင်ရွက်ပေးနေသည်ကိုလည်း တွေ့ရသည်။



သတင်း - မျိုးဆက်သစ်
ဓာတ်ပုံ - ကိုကြီးထိန်

## ပြည်မြို့ လေးဆူဓာတ်ပျော်ရွှေဆံတော်စေတီတော်မြတ်ကြီး၌ (၁၂) ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကျင်းပ

**ပြည် အောက်တိုဘာ ၉**

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) တွင် ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး ရင်ပြင်တော် မြတ်စွယ်တော်တိုက်၌ (၁၂) ကြိမ်မြောက် အဘိဓမ္မာအခါတော်နေ့ အခမ်းအနား ကျင်းပရာ ဩဝါဒါစရိယ ဆရာတော်ကြီးများ အမှူးပြုသော ဒေသကွပ်ကဲမှုစစ်ဌာနချုပ်(ပြည်)မှ ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် အောင်နိုင်ဦး၊ ပြည်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဂေါပကအဖွဲ့ဝင်များ တက်ရောက်သည်။

ရှေးဦးစွာ ပြည်မြို့ ရွာဘဲတောင်ပေါ်ကျောင်းတိုက် ဦးစီးပဓာနနာယက ရွှေဆံတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုမာရ ဆရာတော်ကြီးထံမှ တက်ရောက်လာကြသူများက ရှစ်ပါးသီလ ခံယူဆောက်တည်ကြသည်။

ဆက်လက်၍ ဩဝါဒါစရိယ ဆရာတော်ကြီး ကိုးပါးတို့က မေတ္တာသုတ်အစရှိသော ပရိတ်တော်မြတ်များကို ရွတ်ဖတ်သရဇ္ဈာယ်တော်မူကြသည်။

ယင်းနောက် ဒေသကွပ်ကဲရေးမှူး ဗိုလ်မှူးချုပ် အောင်နိုင်ဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသိန်းအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ဂေါပကအဖွဲ့ဝင်များက ဆရာတော်ကြီးများထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ရွာဘဲတောင်ပေါ် ကျောင်းတိုက်ဆရာတော်ဘုရားကြီးက အဘိဓမ္မာအခါတော်နေ့အကြောင်း သိကောင်းစရာများကို ဟောကြားတော်မူကာ လှူဒါန်းမှုနှင့် ကုသိုလ်ကောင်းမှုအစုစုတို့အတွက် ရေစက်ချတရားချီးမြှင့်တော်မူသည်။

ထို့နောက် အဘိဓမ္မာပြန့်ပွားရေးအသင်းဦးဆောင်သော ပြည်မြို့ပေါ်ရပ်ကွက်များနှင့် ဌာနဆိုင်ရာ ဝတ်အသင်းများက အဘိဓမ္မာခုနစ်ကျမ်းအား ပါဠိတော်ဖြင့် ရွတ်ဖတ်ပူဇော်ကြသည်။

ကိုဆက်(ပြန်/ဆက်)



# ကြောင်းကျိုးမဆင်ခြင် တစ်ဖက်သတ်အမြင်ဖြင့် ကြိုးဆွဲရာ ကနေသမျှ

**ကြီးမြတ်သော ရည်ရွယ်ချက်၊ ရည်မှန်းချက်၊ မျှော်မှန်းချက်တို့ဖြင့် ကမ္ဘာ့နိုင်ငံများက ဒုတိယကမ္ဘာစစ်အပြီးတွင် စုပေါင်းဖွဲ့စည်းတည်ထောင်ခဲ့သော ကုလသမဂ္ဂ အဖွဲ့ကြီးသည် မျက်မှောက်ကာလတွင် ဂုဏ်သိက္ခာကင်းမဲ့ ယိုင်နဲ့လာခဲ့သည်ဟု ဆိုရမည်။**

ဇာနည်ဘွား

စစ်အေးခေတ်ကာလတွင် အင်အားကြီးနှစ်နိုင်ငံနှင့်နေတိုး၊ ဝါဆောစစ်အုပ်စုတို့၏ အားပြိုင်မှုများကြားတွင် ကုလသမဂ္ဂသည် ကမ္ဘာ့တင်းမာမှုလျော့ပါးရေးအတွက် ဟန်ချက်ညီညီ ထိန်းကျောင်းလုပ်ဆောင်ပေးနိုင်ခဲ့သော်လည်း ဆိုဗီယက်ပြည်ထောင်စုနှင့် ဝါဆောစစ်အုပ်စုပြိုကွဲပြီးနောက်တွင်မူ အမေရိကန်နှင့် အနောက်အုပ်စုတို့၏ အလိုကျ ကြိုးဆွဲရာကနေရသည့် အခြေအနေသို့ ဆိုက်ရောက်သွားခဲ့သည်။

**တစ်ဖက်သတ်အမြင်ဖြင့် စွပ်စွဲပြစ်တင်မှုများ**

၂၀၀၃ ခုနှစ် အီရတ်စစ်ပွဲကာလတွင် လန်ဒန်ထုတ် ဂါဒီးယန်းသတင်းစာကြီးက "ကုလသမဂ္ဂဟာ မအောင်မြင်တဲ့ အမေရိကန်စွန့်စားခန်းတွေအတွက် အမှိုက်ပုံကြီးတစ်ခုအဖြစ် အသုံးချတာ မခံသင့်ဘူး" ဟု သတိပေးဝေဖန်ခဲ့သည့်အတိုင်း လက်ရှိကမ္ဘာ့တင်းမာမှုများ၏ ဗဟိုချက်ဖြစ်သော ထိုင်ဝမ်အရေး၊ ယူကရိန်းအရေးကိစ္စများတွင် အမေရိကန်၏ မလိုအပ်သော စွန့်စားခန်းများအတွက် အမှိုက်ပုံကြီးသဖွယ် အသုံးချခံနေရသည်။

ကုလသမဂ္ဂအဖွဲ့ကြီးနည်းတူ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများသည်လည်း အမေရိကန်နှင့် အနောက်အုပ်စုအပါအဝင် ရန်ပုံငွေပံ့အောထောက်ပံ့ရာ အစ္စလာမ္မစ် ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ဝင် နိုင်ငံများ၏ အလိုကျ နိုင်ငံရေးအရောင်အသွေးများ ဖုံးလွှမ်းကာ အမြင်မတူသည့်နိုင်ငံများအပေါ် ခွဲခြားဆက်ဆံလာသည်။ ပစ်မှတ်ထားလာသည်။ လက်ရှိ ပကတိမြေပြင်အခြေအနေများအပေါ် ကြောင်းကျိုးမဆင်ခြင်ဘဲ တစ်ဖက်သတ်အမြင်ဖြင့် စွပ်စွဲပြစ်တင်မှုများ လုပ်ဆောင်လာခဲ့သည်။

**လုပ်ပိုင်ခွင့်ကို တလွဲသုံး**

လက်ရှိ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ၏ (၅၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင်လည်း မြန်မာနိုင်ငံနှင့်ပတ်သက်၍ အထူးအစီရင်ခံစာတင်သွင်းသူသည် ၎င်းကိုယ်တိုင်ကိုယ်ကျသိရှိခြင်းမရှိဘဲ ခိုင်လုံမှုမရှိသည့်ဆန့်ကျင်ဘက်အရင်းအမြစ်များကို အလွယ်တကူရည်ညွှန်းပြီး လုပ်ပိုင်ခွင့်ကို တလွဲသုံးလျက် မြန်မာအစိုးရသည် နိုင်ငံတကာပြစ်မှုများ ကျူးလွန်ကြောင်းကို အကြိမ်ကြိမ်စွပ်စွဲမှုများ ပြုလုပ်လျက်ရှိသည်။ NUG နှင့် PDF အကြမ်းဖက်များ၏ အကြမ်းဖက်မှုများကိုဖုံးကွယ်ခြင်းဖြင့် နိုင်ငံတကာကို လိမ်လည်လှည့်ဖြားလျက်ရှိသည်။

ထို့အတူ ကုလသမဂ္ဂ လူ့အခွင့်အရေးဆိုင်ရာ မဟာမင်းကြီးရုံး၏ အစီရင်ခံစာတွင်လည်း မြန်မာနိုင်ငံ၏ ပြည်တွင်းရေးကို ဘက်ပေါင်းစုံမှဝင်ရောက်စွက်ဖက်ရန်အတွက် လှုံ့ဆော်ထားပြီး မြန်မာနိုင်ငံသားတို့၏ ဖွံ့ဖြိုးတိုးတက်ပိုင်ခွင့်ကို တားဆီးပိတ်ပင်ရန် ရည်ရွယ်၍ နိုင်ငံပိုင်လုပ်ငန်းများအပေါ် စီးပွားရေးအရ ပိတ်ဆို့မှုများဆောင်ရွက်ရန် တောင်းဆိုထားသည်။



၂၀၂၁ ခုနှစ်က ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ အစည်းအဝေးတွင် အစီရင်ခံစာကို ဆုတ်ဖြဲနေသော အစ္စရေး သံအမတ်ကြီး။

အလားတူ လူ့အခွင့်အရေးဆိုင်ရာ ခေတ္တမဟာမင်းကြီးသည် မြန်မာအစိုးရအပေါ် တစ်ဖက်သတ်စွပ်စွဲချက်များဖြင့် ချဲ့ကားပြောကြားခဲ့သော်လည်း အပြန်အလှန်ဆွေးနွေးပွဲများတွင် သက်ဆိုင်ရာ မြန်မာနိုင်ငံ၏ ပါဝင်တက်ရောက်ခွင့်၊ ခုခံချေပခွင့်ကို ရည်ရွယ်ချက်ရှိရှိဖြင့် ချန်လှပ်ခဲ့သည်။ ထို့ပြင် ရခိုင်ပြည်နယ်တွင် ကုလသမဂ္ဂအဖွဲ့အစည်း ၁၅ ခုနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းရုံး ၂၉ ခု လည်ပတ်လျက်ရှိသော်လည်း လူသားချင်းစာနာမှု အကူအညီများပေးအပ်ခွင့် ငြင်းပယ်ခံရကြောင်း ယုတ္တိမတန်သော စွပ်စွဲချက်ဖြင့် စွပ်စွဲခဲ့ပြန်သည်။

❒ **လူ့အခွင့်အရေးဆိုင်ရာ ခေတ္တမဟာမင်းကြီးသည် မြန်မာအစိုးရအပေါ် တစ်ဖက်သတ် စွပ်စွဲချက်များဖြင့် ချဲ့ကားပြောကြားခဲ့သော်လည်း အပြန်အလှန် ဆွေးနွေးပွဲများတွင် သက်ဆိုင်ရာ မြန်မာနိုင်ငံ၏ ပါဝင်တက်ရောက်ခွင့်၊ ခုခံချေပခွင့်ကို ရည်ရွယ်ချက်ရှိရှိဖြင့် ချန်လှပ်ခဲ့သည်။ ထို့ပြင် ရခိုင်ပြည်နယ်တွင် ကုလသမဂ္ဂအဖွဲ့အစည်း ၁၅ ခုနှင့် အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်း ရုံး ၂၉ ခု လည်ပတ်လျက်ရှိသော်လည်း လူသားချင်းစာနာမှု အကူအညီများပေးအပ်ခွင့် ငြင်းပယ်ခံရကြောင်း ယုတ္တိမတန်သော စွပ်စွဲချက်ဖြင့် စွပ်စွဲခဲ့ပြန်သည်**

**ပြတ်သားစွာ ကန့်ကွက်ပယ်ချ**

ထို့ကြောင့် လူ့အခွင့်အရေးကောင်စီ၏ (၅၁) ကြိမ်မြောက် ပုံမှန်အစည်းအဝေးသို့ တင်သွင်းခဲ့သော မြန်မာနိုင်ငံနှင့် စပ်လျဉ်းသည့် ချို့ယွင်းချက်များဖြင့် အစီရင်ခံစာများ၊ တင်ပြချက်များနှင့် နိုင်ငံအချို့၏ စွက်ဖက်ပြောကြားချက်များကို မြန်မာနိုင်ငံက ရှုတ်ချပြီး ပြတ်သားစွာ ကန့်ကွက်ပယ်ချကြောင်းကို မြန်မာနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနက ၂၀၂၂ ခုနှစ် အောက်တိုဘာ ၄ ရက် နေ့စွဲဖြင့် အကျယ်တဝင့် သတင်းထုတ်ပြန် ဖော်ပြခဲ့ပါသည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ အစီရင်ခံစာများ၊ တင်ပြချက်များသည် မြန်မာနိုင်ငံအပါအဝင် နိုင်ငံငယ်များအတွက် စိတ်ပျက်ဝမ်းနည်းဖွယ်ရာပင်။ သို့ရာတွင် မြန်မာနိုင်ငံသည် သံတမန်ကျင့်ဝတ်ကို အလေးထား လေးစားလိုက်နာသည့် နိုင်ငံတစ်နိုင်ငံပီပီ ကန့်ကွက်ပယ်ချမှုကို ဒီပလိုမေစီဆန်ဆန် ထုတ်ပြန်ခဲ့ပါသည်။

**အစီရင်ခံစာကို ဆုတ်ဖြဲ**

ပြီးခဲ့သည့် ၂၀၂၁ ခုနှစ် အောက်တိုဘာ ၂၉ ရက်က ကျင်းပခဲ့သော ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီ၏ နှစ်ပတ်လည်အထူးအစည်းအဝေးတွင်မူ ကုလသမဂ္ဂဆိုင်ရာ အစ္စရေးသံအမတ်ကြီး ဂျီလတ်အာဒန်က အစ္စရေးနိုင်ငံအပေါ် ပြစ်တင်ရှုတ်ချမှုသည် မျှတမှုမရှိကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကို ပြစ်တင်ဝေဖန်ပြောဆိုလိုက်ပြီးနောက် ကုလသမဂ္ဂ နှစ်ပတ်လည်အစီရင်ခံစာကို ဆွဲဖြဲခဲ့သည်။ အဆိုပါ အစီရင်ခံစာကို အစိတ်စိတ်အမြွှာမြွှာ မဆုတ်ဖြဲမီ ယင်းအစီရင်ခံစာကို ဂျူးဆန့်ကျင်ရေးဝါဒအမှိုက်ပုံးထဲတွင် ပစ်ချထားရမည်ဖြစ်ကြောင်း ပြောဆိုပြီးနောက် အစီရင်ခံစာကို ဆုတ်ဖြဲကာ အစည်းအဝေးခန်းမထဲမှ ထွက်ခွာသွားခဲ့သည်။

ထို့ပြင် အစ္စရေးသံအမတ်ကြီးသည် အထူးအစည်းအဝေး၌ မိန့်ခွန်းပြောကြားရာတွင် "သည်းသည်းလှုပ် အစ္စရေးဆန့်ကျင်ရေး ဘက်လိုက်မှု"ဟု ဆိုကာ ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီကို ပြင်းထန်စွာ ပြစ်တင်ဝေဖန်ခဲ့သည်။

"လွန်ခဲ့တဲ့ ၁၅ နှစ် ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီ စတင်တည်ထောင်ခဲ့တဲ့ အချိန်ကစပြီး အစ္စရေးကို အီရန်တို့၊ ဆီးရီးယားတို့ထက် ပိုပြီး ပြစ်တင်ရှုတ်ချခဲ့တယ်။ အီရန်ကို ၁၀ ကြိမ်၊ ဆီးရီးယားကို ၃၅ ကြိမ်ပဲ ပြစ်တင်ဝေဖန်ခဲ့တယ်။ လူ့အခွင့်အရေးကောင်စီဟာ အစ္စရေးကို ဆုံးဖြတ်ချက်ပေါင်း ၉၅ ကြိမ် ချမှတ်ပြီး ပြစ်တင်ဝေဖန်တိုက်ခိုက်ခဲ့တယ်။ တခြားနိုင်ငံတွေကို ပြစ်တင်ဝေဖန်ခဲ့တဲ့ အကြိမ်ပေါင်း စုစုပေါင်း ၁၄၂ ကြိမ်ပဲရှိတာနဲ့ နှိုင်းယှဉ်ကြည့်ပေါ့" ဟုလည်း သံအမတ်ကြီးက ထောက်ပြပြောဆိုခဲ့သည်။

ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီသည် ပြီးခဲ့သည့် ၂၀၂၁ ခုနှစ်တွင် မြန်မာ၊ အာဖဂန်နစ္စတန်နှင့် အစ္စရေး-ပါလက်စတိုင်း ပဋိပက္ခများနှင့်ပတ်သက်၍ အထူးအစည်းအဝေး သုံးကြိမ်ကျင်းပသွားမည်ဟု ဆိုခဲ့ရာ အစ္စရေးနိုင်ငံက ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီသည် အစ္စရေးဆန့်ကျင်ရေး ဘက်လိုက်မှုများကို စွဲကိုင်ကျင့်သုံးနေကြောင်း စွပ်စွဲပြောဆိုခဲ့ပြီး စုံစမ်းစစ်ဆေးမှုများတွင် ပူးပေါင်းဆောင်ရွက်ရန် ငြင်းဆိုခဲ့သည်။

**ယူကရိန်းအရေး အထူးအစည်းအဝေး**

မကြာသေးမီက ကုလသမဂ္ဂ၏ ယူကရိန်းအရေးနှင့်ပတ်သက်သည့် အရေးပေါ် အထူးအစည်းအဝေးတွင် ထောက်ခံမဲ ၉၃ မဲ၊ ကန့်ကွက်မဲ ၂၄ မဲ၊ ကြားနေမဲ ၅၈ မဲဖြင့် ဆုံးဖြတ်ချက်ကို အတည်ပြုကာ ရုရှားကို ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင်အဖြစ်မှ ယာယီရပ်ဆိုင်းခဲ့မှုနှင့် ပတ်သက်၍လည်း နိုင်ငံအချို့က မေးခွန်းထုတ်ခဲ့ကြသည်။

အဆိုပါဆုံးဖြတ်ချက်သည် အမေရိကန်က မိမိဘာသာစီစဉ်၍ မိမိဘာသာ ဇာတ်ကသည့် ရုပ်သေးပြဇာတ်ပင်ဖြစ်သည်ဟုလည်း ဆိုကြသည်။ ကျူးဘားနိုင်ငံကမူ အမေရိကန်အား မည်သည့်အချိန်မှ အမည်ပယ်ဖျက်နိုင်မည်နည်းဟု မေးခွန်းထုတ်ခဲ့သည်။ လုံးဝ မစုံစမ်းရသေးသော တစ်ဖက်သတ်ထောက်ပံ့သည့် သက်သေပင်လျှင် ရုရှားအား လူ့အခွင့်အရေးကောင်စီမှ ဖယ်ရှားနိုင်သည်ဆိုပါက စစ်ပွဲပြစ်မှုများစွာ ကျူးလွန်ခဲ့ပြီး လူ့အခွင့်အရေးချိုးဖောက်မှုသက်သေပေါင်းများစွာရှိခဲ့သည့် အမေရိကန်က အဘယ်ကြောင့် ဖယ်ရှားခြင်းမခံရသေးသနည်းဟူသည့် သဘောမျိုးသက်ရောက်သည့် မေးခွန်းကို ကျူးဘားက မေးခဲ့ခြင်းဖြစ်သည်။

**ထပ်ဆင့် မေးခွန်းထုတ်**

တရုတ်ပြည်သူ့သမ္မတနိုင်ငံ CIR သတင်းမီဒီယာကလည်း ကျူးဘား၏ အဆိုပါမေးခွန်းနှင့်ဆက်စပ်၍ အမေရိကန်က အယ်လ်ကေးဒါးအဖွဲ့အား ဖယ်ရှားရေးကို အကြောင်းပြု၍ ၂၀၀၁ ခုနှစ်တွင် အာဖဂန်နစ္စတန်အား ကျူးကျော်ခဲ့ပြီး အာဖဂန်အတွက် နှစ်ပေါင်း ၂၀ ကြာ မပြတ်သည့်စစ်မီးများနှင့် စစ်ပွဲပြီးဆုံးပြီးနောက် ဘေးဒုက္ခများကိုသာ သယ်ဆောင်လာပေးခဲ့သည်။ ယင်းအတွက် ဒဏ်ခတ်ခံရမှုနှင့် ပြစ်ဒဏ်ပေးခံရမှု ခံစားရပါသလား။ ၂၀၀၃ ခုနှစ်တွင် အမေရိကန်က အီရတ်အား ကျူးကျော်ရာတွင် ယခု ရုရှားကဲ့သို့ ပြစ်တင်မှု အများအပြားခံခဲ့ရပါသလား။ ၂၀၁၁ ခုနှစ်တွင် အမေရိကန်က လစ်ဗျားအား ကျူးကျော်တိုက်ခိုက်ရာတွင်လည်း ကုလသမဂ္ဂ လုံခြုံရေးကောင်စီ၏ မဲခွဲခွင့်ပြုချက်ရယူခြင်းမရှိခဲ့သည့်အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီမှ ထုတ်ပယ်ခြင်း ခံခဲ့ရသလော။ အမေရိကန်၏ ပြည်တွင်း လူ့အခွင့်အရေးအခြေအနေအရလည်း လူနည်းစု လူမျိုးစုများ အထူးသဖြင့် အာရှနွယ်ဖွားများအား လူတန်းစားခွဲခြားတိုက်ခိုက်မှု၊ သေနတ်ပစ်ခတ်မှုကြောင့် သေဆုံးသူအရေအတွက် စံချိန်တင် မြင့်မားလာခဲ့မှုနှင့် လူ့အခွင့်အရေးကို အကြောင်းပြု၍ စီးပွားရေးပိတ်ဆို့ အရေးယူခံရသည့် နိုင်ငံများအပေါ် လူ့အခွင့်အရေး ဖိနှိပ်မှုများကြောင့် အမေရိကန်က ပိုပြီး အပြစ်ပေးခြင်းမခံသင့်ဘူးလားဟု ထပ်ဆင့် မေးခွန်းထုတ် ရေးသားခဲ့သည်။

သက်ဆိုင်ရာ စာရင်းကောက်ယူမှု စစ်တမ်းများအရ အမေရိကန်သည် ၂၀၀၀ ပြည့်နှစ်မှ ၂၀၂၁ ခုနှစ်အထိ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၄၀ ခန့်အား စီးပွားရေးပိတ်ဆို့အရေးယူမှုကို လုပ်ဆောင်ခဲ့ရာ ကမ္ဘာ့လူဦးရေထက်ဝက်ခန့်ကို ထိခိုက်စေပြီး ပြင်းထန်သော လူသားချင်းစာနာထောက်ထားမှု ဒုက္ခများကို ဖြစ်စေခဲ့ကြောင်း သိရသည်။

*စာမျက်နှာ ၇ သို့*

# မြန်မာနိုင်ငံ စက်မှုလက်မှုသမိုင်းစာအုပ်သည် နောင်လာနောက်သား မျိုးဆက်သစ်များအနေဖြင့် စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရေးအတွက် ပြုစုနေခြင်းဖြစ်ပြီး သတ်မှတ်ချိန်ပြီးစီးနိုင်ရေး အားလုံးပူးပေါင်းဆောင်ရွက်

**နေပြည်တော် အောက်တိုဘာ ၉**

မြန်မာနိုင်ငံတွင် စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ခေတ်အဆက်ဆက် ဆောင်ရွက်ခဲ့မှုကို မျိုးဆက်သစ်များ လေ့လာနိုင်ရန်၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်၊ စက်မှုကဏ္ဍနှင့် ပတ်သက်၍ သင်ခန်းစာဖော်ထုတ်နိုင်ရန် ရည်ရွယ်၍ ဆောင်ရွက်လျက်ရှိသည့် မြန်မာနိုင်ငံစက်မှုလက်မှု သမိုင်းပြုစုခြင်းလုပ်ငန်းကို သတ်မှတ်ချိန်အတွင်း ပြီးစီးရေးအတွက် မြန်မာနိုင်ငံ စက်မှုလက်မှုသမိုင်း ပြုစုရေးဦးစီးကော်မတီ၊ အကြံပေးအဖွဲ့နှင့် လုပ်ငန်းကော်မတီ ပူးပေါင်းညှိနှိုင်းအစည်းအဝေး (၃၆/၂၀၂၂) ကို အောက်တိုဘာ ၈ ရက်တွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် သလ္လာဝတီလမ်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဌာန၌ ကျင်းပသည်။

**သတ်မှတ်ချိန်ပြီးစီးရေး**

ရှေးဦးစွာ မြန်မာနိုင်ငံ စက်မှုလက်မှုသမိုင်းပြုစုရေး ဦးစီးကော်မတီနာယက စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းက မြန်မာနိုင်ငံစက်မှုလက်မှု သမိုင်းစာအုပ်တွင် ပါဝင်မည့် အတွေ့အကြုံ၊ လောကဓံနှင့် သုံးသပ်ချက်များသည် အနာဂတ်လူငယ်မျိုးဆက်သစ်များအတွက် အရေးကြီးကြောင်း၊ စက်မှုလက်မှုကဏ္ဍအတွက် လိုအပ်မည့် လူ့စွမ်းအားအရင်းအမြစ် ဖြည့်ဆည်းပေးနိုင်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခင်ကတည်းက ဆောင်ရွက်ခဲ့သလို ယခုအချိန်တွင် ပိုမိုဆောင်ရွက်ပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံစက်မှုလက်မှု သမိုင်းပြုစုရေးအဖွဲ့ဝင် ပညာရှင်များ၏ အဖိုးမဖြတ်နိုင်သည့် အတွေ့အကြုံများနှင့် နားလည်သဘောပေါက်မှုများကို အနာဂတ်မြန်မာနိုင်ငံသူ/ နိုင်ငံသားများအတွက် အထောက်အကူဖြစ်စေရန် ပြည့်ပြည့်စုံစုံလက်ဆင့်ကမ်း မျှဝေပေးစေလိုကြောင်း၊ ယခုပြုစုနေသည့် မြန်မာနိုင်ငံ စက်မှုလက်မှုသမိုင်းစာအုပ်သည် နောင်လာနောက်သား မျိုးဆက်သစ်များအနေဖြင့် စက်မှုလက်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် အထောက်အကူပြုနိုင်ရေးအတွက် ကြိုးစား၍ ပြုစုနေခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ စက်မှုလက်မှုသမိုင်းအား သတ်မှတ်ချိန်တွင် ပြီးစီးနိုင်ရေးအတွက် အားလုံးပူးပေါင်းဆောင်ရွက်ပေးကြပါရန် ပြောကြားသည်။

**ပြည့်စုံအောင် ရေးသားထုတ်ဝေနိုင်ရေး**

ဆက်လက်၍ အကြံပေးအဖွဲ့ဝင်များ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ သတင်းအချက်အလက်ရှာဖွေစုဆောင်းရေး ဆပ်ကော်မတီဝင်များ၊ ဘဏ္ဍာရေးဆပ်ကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ အထောက်အကူပြုအဖွဲ့ဝင်များက မြန်မာနိုင်ငံ စက်မှုလက်မှုသမိုင်းအား ပြည့်စုံအောင် ရေးသားထုတ်ဝေနိုင်ရေးအတွက် ဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို



ရှင်းလင်းတင်ပြရာ လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်၍ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

**လုပ်ငန်းလည်ပတ်ဆောင်ရွက်နေမှုဆွေးနွေး**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် စက်မှုဝန်ကြီးဌာနမှ စက်ရုံများ ငှားရမ်း/ အကျိုးတူပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် စက်မှုလုပ်ငန်းရှင်ကြီးများအား တွေ့ဆုံ၍ နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် ဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များနှင့် စက်မှုဝန်ကြီးဌာန၏ လုပ်ငန်းလည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှုကို ရှင်းလင်းဆွေးနွေးသည်။

**အစီအမံများတင်ပြ**

ထို့နောက် တက်ရောက်လာသည့် လုပ်ငန်းရှင်များက ကြုံတွေ့နေရသည့် အခက်အခဲများ၊ လက်ရှိလုပ်ငန်းလည်ပတ်အကောင်အထည်ဖော်ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားကြောင်း သိရသည်။

**သတင်းစဉ်**

# ထီးချိုင့်မြို့နယ်၌ တောင်သူများအား ဈေးနှုန်းသက်သာစွာဖြင့် ယူရီးယားဓာတ်မြေဩဇာ ဖြန့်ဖြူးရောင်းချ

**ထီးချိုင့် အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ယမန်နေ့က တိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် တောင်သူများအား ဈေးနှုန်းသက်သာစွာဖြင့် ယူရီးယားဓာတ်မြေဩဇာ ဖြန့်ဖြူးရောင်းချခြင်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးမှူးရုံး၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးဇော်လင်းက အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးကိုကိုအောင်က ယူရီးယားဓာတ်မြေဩဇာ ဖြန့်ဖြူးရောင်းချပေးရခြင်း ရည်ရွယ်ချက်နှင့် ယူရီးယားဓာတ်မြေဩဇာ အချိုးကျသုံးစွဲခြင်း နည်းပညာများကို တောင်သူများအား ရှင်းလင်းဆွေးနွေးပြောကြား ခဲ့ပြီး မိုးစပါး၊ နေကြာ၊ စံပြကွက်၊ စမ်းသပ်ကွက် စိုက်ပျိုးသော အကျိုးဆောင် တောင်သူများနှင့် အိမ်ခြံဝင်းသီးနှံစိုက်ပျိုးသော တောင်သူများအား ယူရီးယားဓာတ်မြေဩဇာအိတ် ၁၄၀၀ ကို ဈေးနှုန်းချိုသာစွာဖြင့် ရောင်းချပေးသည်။

ထီးချိုင့်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် မိုးစပါးစိုက်ဧက ၄၀၂၇၁ ဧက၊ ဆီထွက်သီးနှံ ၃၃၂ဧက၊ ကြံဧက ၆၅၈၅၀ နှင့် အခြားသီးနှံ ၁၀၈၄၆ ဧက စုစုပေါင်း မိုးသီးနှံစိုက်ဧက ၁၁၇၂၉၉ဧကကို စိုက်ပျိုးနိုင်ခဲ့ပြီး ယူရီးယားဓာတ်မြေဩဇာများကိုလည်း နည်းပညာပြန့်ပွားရေးစင်တာအလိုက် ဆက်လက်၍ ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

**ရဲလင်းထွန်း (ထီးချိုင့်)**

*စာမျက်နှာ ၆ မှ*

**အမေရိကန်က စတင်သည့်စစ်ပွဲများ**

ထို့ပြင် ဒုတိယကမ္ဘာစစ်ပြီးနောက် အမေရိကန်က စစ်ပွဲများစွာစတင်ခဲ့သဖြင့် ပြည်သူအများအပြား သေကျေခဲ့ရပြီး ဒုက္ခသည်ပေါင်း သန်းဆယ်ချီ တိုးတက်များပြားလာစေခဲ့သည်။ ကိုရီးယားစစ်ပွဲတွင် လူဦးရေ သုံးသန်းခန့် ဒုက္ခသည် ဖြစ်ခဲ့ရသည်။ ဗီယက်နမ်စစ်ပွဲ၌ ပြည်သူပေါင်း သုံးသန်းကျော် နိုင်ငံအတွင်းမှ ထွက်ပြေးခဲ့ရသည်။ ကိုဆိုဗိုစစ်ပွဲတွင် လူဦးရေတစ်သန်းခန့် အိုးအိမ်မဲ့ ဖြစ်ခဲ့ရပြီး လူဦးရေနှစ်သန်းကျော်မှာ လူနေမှုဘဝ အရင်းအမြစ်များ ဆုံးရှုံးခဲ့ရသည်ဟု ဆိုသည်။

Brown University Watson Institute for International and Public Affairs က "9/11 နောက်ပိုင်းတွင် အမေရိကန်က စတင်သည့်စစ်ပွဲကြောင့် အနည်းဆုံးပြည်သူ ၃၈ သန်း အိုးအိမ်မဲ့ခဲ့ရကြောင်း၊ ယင်းသည် အနည်းဆုံးခန့်မှန်းတွက်ချက်မှုသာဖြစ်ပြီး လက်တွေ့လူဦးရေသည် ၄၉ သန်းမှ သန်း ၆၀ အကြား ရှိနိုင်ကြောင်း ဆိုသည်။

နှစ်ပေါင်း ၂၀ ကြာသည့် အာဖဂန်နစ္စတန်စစ်ပွဲတစ်ခုတည်းမှာပင် အာဖဂန်ပြည်သူ ၁၁ သန်းခန့် ဒုက္ခသည်ဖြစ်ခဲ့ပြီး ၃ ဒသမ ၅ သန်းမှာ အိုးအိမ်မဲ့ဖြစ်ခဲ့ရသည်။ လူဦးရေ ၂၃ သန်း နီးပါးသည် အလွန်အမင်း ငတ်မွတ်ခေါင်းပါးမှုနှင့် ရင်ဆိုင်နေရပြီး ၎င်းတို့အနက် ၃ ဒသမ ၂ သန်းမှာ ငါးနှစ်အောက်ကလေးငယ်များဖြစ်ကြောင်း သိရသည်။

> ❖ **ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ၂၀၂၂ ခုနှစ် အစီရင်ခံစာအရ ဆီးရီးယားစစ်ပွဲကြောင့် ပေါ်ထွက်လာသည့် ဒုက္ခသည်လူဦးရေသည် ခြောက်နှစ်ဆက်တိုက် ခြောက်သိန်းတစ်သောင်းကျော်ပြီဟု ဆိုသည်။ ကိန်းဂဏန်းအချက်အလက်သက်သေများက မည်သို့ဆိုစေ မျက်မှောက်ကာလတိုင် အမေရိကန်သည် ဒီမိုကရေစီနှင့်လူ့အခွင့်အရေး၏ ဦးဆောင်နိုင်ငံကြီးအဖြစ် ပုံဖော်ဖန်တီး၍ မိမိတစ်နိုင်ငံတည်းကဖြစ်စေ၊ ကုလသမဂ္ဂအဖွဲ့အစည်းအရိပ်အောက်မှဖြစ်စေ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို နိုင်ငံရေးလက်နက်အဖြစ် အသုံးပြု၍ မိမိမလိုလားသည့် နိုင်ငံအချို့အား ဖိအားပေးလုပ်ဆောင်လျက်ရှိသည်**

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး၏ ၂၀၂၂ ခုနှစ် အစီရင်ခံစာအရ ဆီးရီးယားစစ်ပွဲကြောင့် ပေါ်ထွက်လာသည့် ဒုက္ခသည်လူဦးရေသည် ခြောက်နှစ်ဆက်တိုက် ခြောက်သိန်းတစ်သောင်းကျော်ပြီဟု ဆိုသည်။

**လူ့အခွင့်အရေးကို နိုင်ငံရေးလက်နက်အဖြစ်အသုံးပြု**

ကိန်းဂဏန်း အချက်အလက်သက်သေများက မည်သို့ဆိုစေ မျက်မှောက်ကာလတိုင် အမေရိကန်သည် ဒီမိုကရေစီနှင့်လူ့အခွင့်အရေး၏ ဦးဆောင်နိုင်ငံကြီးအဖြစ် ပုံဖော်ဖန်တီး၍ မိမိတစ်နိုင်ငံတည်းကဖြစ်စေ၊ ကုလသမဂ္ဂအဖွဲ့အစည်းအရိပ်အောက်မှဖြစ်စေ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို နိုင်ငံရေးလက်နက်အဖြစ် အသုံးပြု၍ မိမိမလိုလားသည့် နိုင်ငံအချို့အား ဖိအားပေးလုပ်ဆောင်လျက်ရှိသည်။

ရုရှားအား ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီအဖွဲ့ဝင်အဖြစ်မှ ယာယီရပ်ဆိုင်းမှုဖြစ်စဉ်တွင် နိုင်ငံငယ်အများစုသည် အမေရိကန်၏ ဖိအားပေးမှုအောက်တွင် ထောက်ခံမဲ ထည့်ခဲ့ကြရပြီး စိတ်ရင်းအမှန်အားဖြင့် အမေရိကန်အား သဘောတူခြင်းမဟုတ်။ ဥပမာအားဖြင့် ဆာဗီးယားနိုင်ငံသည် အမေရိကန်အတိုင်း မလိုက်နာပါက ဆာဗီးယားနိုင်ငံ၏ စွမ်းအင်အရင်းအမြစ်များ ဖြတ်တောက်ခံရမည်ဟု ခြိမ်းခြောက်ခြင်းခံရသည်ဟု တရုတ် CRI သတင်းဌာနက ဆိုသည်။

ထို့ပြင် အမေရိကန်က လူ့အခွင့်အရေးကောင်စီအား ထိန်းချုပ်၍ ရုရှားကို လူ့အခွင့်အရေးကောင်စီအဖွဲ့ဝင်အဖြစ်မှ ယာယီရပ်ဆိုင်းမှု မဲခွဲသည့် လုပ်ရပ်သည် ပဋိပက္ခကို ပိုမိုဆိုးရွားလာစေ၍ ငြိမ်းချမ်းရေးဆွေးနွေးမှုအား အကျိုးမပြုသည့်အပြင် အန္တရာယ်အသစ်များလည်း ဖန်တီးပြီး အတိုက်အခံဖြစ်မှုအား တစ်ဆင့်တိုး ဆိုးရွားလာစေကာ ကုလသမဂ္ဂ အုပ်ချုပ်မှုစနစ်အတွက် ပိုမိုကြီးမားသည့် ထိုးနှက်မှုသာဖြစ်လာစေမည်ဖြစ်ကြောင်း သုံးသပ်ရေးသားဖော်ပြခဲ့သည်။

သို့ဆိုလျှင် ကုလသမဂ္ဂနှင့် လူ့အခွင့်အရေးကောင်စီတို့သည် ဒီမိုကရေစီနှင့် လူ့အခွင့်အရေးကို နိုင်ငံရေးလက်နက်သဖွယ်အသုံးပြု၍ နိုင်ငံကြီးများအလိုကျ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအချို့အပေါ် ကြောင်းကျိုးမဆင်ခြင် တစ်ဖက်သတ်အမြင်ဖြင့် ကြိုးဆွဲရာကနေသမျှ အဆိုပါနိုင်ငံများနှင့် ကမ္ဘာ့မိသားစုအသိုက်အဝန်းကြားတွင် ယုံကြည်မှုများ ပျက်ပြားကာ အစဉ်အလာကြီးမားခဲ့သော ကုလသမဂ္ဂ၏ ဂုဏ်သိက္ခာနှင့် အခန်းကဏ္ဍ၊ စံနှုန်းတန်ဖိုးများကိုလည်း လျော့ပါးကျဆင်းစေမည်ဖြစ်သည်။ ။

# သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့တွင် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကုသိုလ်ကောင်းမှုပြုလုပ်သူများ၊ အပန်းဖြေလည်ပတ်သူများနှင့် စည်ကားလျက်ရှိသည့် ဓာတ်ပုံမြင်ကွင်း



ရှမ်းပြည်နယ် မြောက်ပိုင်း နမ္မတူမြို့နယ်ရှိ တောင်ပေါ်ဘုရား၌ သီတင်းကျွတ်လပြည့်နေ့ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိစဉ်။
လူမော် (ပြန်/ဆက်)



မွန်ပြည်နယ် ကျိုက်ထိုမြို့ ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့်နေ့ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိစဉ်။
ကျိုက်ထို(ပြန်/ဆက်)



တနင်္သာရီတိုင်းဒေသကြီး ကော့သောင်းမြို့ ပြည်တော်အေးစေတီတော်တွင် သီတင်းကျွတ်လပြည့်နေ့ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိစဉ်။
ကျော်စိုး(ကော့သောင်း)



ကချင်ပြည်နယ် မိုးညှင်းမြို့နယ် အင်းတော်ကြီးဒေသရှိ ရွှေမဇ္ဈူ ရေလယ်ဘုရား၌ သီတင်းကျွတ်လပြည့်နေ့ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိစဉ်။
ရွှေမိုးညှင်း



မကွေးမြို့ မြသလွန်ဘုရားတွင် သီတင်းကျွတ်လပြည့်နေ့ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိစဉ်။
ကိုစည်သူ (မကွေး)



ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့ ရှင်ပင်ချမ်းသာဘုရားကြီးတွင် သီတင်းကျွတ်လပြည့်နေ့ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိစဉ်။
ချစ်သက်လယ် (အိမ်မဲ)



မွန်ပြည်နယ် သံဖြူဇရပ်မြို့နယ်ရှိ ကျိုက္ခမီရေလယ်ဆံတော်ရှင်ဘုရားကြီး၌ သီတင်းကျွတ်လပြည့်နေ့ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိစဉ်။
အေးအေးသီ(ပြန်/ဆက်)



မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်ရှိ ရှေးဟောင်းသမိုင်းဝင် မြစည်းခုံဘုရားပွဲတော်တွင် သီတင်းကျွတ်လပြည့်နေ့ ဘုရားဖူးများဖြင့် စည်ကားလျက်ရှိစဉ်။
နေအောင် (ပြန်/ဆက်)



မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ သီတင်းကျွတ်လပြည့်နေ့ အပန်းဖြေလည်ပတ်သူများဖြင့် စည်ကားလျက်ရှိစဉ်။
ကိုကီး



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်၌ သီတင်းကျွတ်ဈေးရောင်းပွဲတော်တွင် လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ အောင်မြင့်(ပြန်/ဆက်)



ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ပြည်သူ့ရင်ပြင်၌ သီတင်းကျွတ်လပြည့်နေ့တွင် မီးရှူးမီးပန်းများ ပစ်ဖောက်နေမှုကို တွေ့ရစဉ်။ တင်စိုး(မြန်မာ့အလင်း)



စစ်တွေမြို့ ပွိုင့်ကမ်းခြေ၌ သီတင်းကျွတ်လပြည့်နေ့တွင် အပန်းဖြေအနားယူကြသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ တင်ထွန်း(ပြန်/ဆက်)



နေပြည်တော် ရေပန်းဥယျာဉ်ညဈေး၌ သီတင်းကျွတ်လပြည့်နေ့တွင် လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိစဉ်။ သတင်းစဉ်



နေပြည်တော် ရေပန်းဥယျာဉ်အတွင်း၌ သီတင်းကျွတ်လပြည့်နေ့တွင် လာရောက်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိစဉ်။ သတင်းစဉ်



ဧရာဝတီတိုင်းဒေသကြီး ချောင်းသာကမ်းခြေ၌ သီတင်းကျွတ်လပြည့်နေ့တွင် လာရောက်လည်ပတ်အပန်းဖြေသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ကျော်ကျော် (ပြန်/ဆက်)



ဧရာဝတီတိုင်းဒေသကြီး ငွေဆောင်ကမ်းခြေ၌ သီတင်းကျွတ်လပြည့်နေ့တွင် လာရောက်လည်ပတ်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ ကျော်လင်းဦး(ပြန်/ဆက်)

# မွန်ပြည်နယ် ကျိုက္ခမီရေလယ် ဆံတော်ရှင်မြတ်ဘုရားကြီး၌ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့အခမ်းအနား ကျင်းပ

နေပြည်တော် အောက်တိုဘာ ၉

**သီတင်းကျွတ်လပြည့်နေ့ အခါသမယတွင် မွန်ပြည်နယ်အတွင်းရှိ တန်ခိုးကြီးဘုရားများ၊ စေတီများ၌ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိရာ ယနေ့နံနက်ပိုင်းက သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို ကျိုက္ခမီရေလယ် ဆံတော်ရှင်မြတ်ဘုရားကြီး သာသနာ့ဗိမာန်တော်ခန်းမဆောင်၌ ကျင်းပသည်။** (ယာပုံ)



အခမ်းအနားသို့ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများ တက်ရောက် ဖူးမြော်ကြည်ညိုကြပြီး ကျိုက္ခမီမြို့ အဘိဓမ္မာအသင်းမှ မျှော်ချင့်ပဋ္ဌာန် ကန်တော့လွှာဖြင့် ရွတ်ဆိုပူဇော်ခြင်း၊ အေးရိပ်သာ မန္တလေးကျောင်းတိုက်ဆရာတော်ထံမှ ရှစ်ပါးသီလခံယူ ဆောက်တည်ခြင်း၊ မေတ္တာသုတ် ပရိတ်တော် နာယူကြည်ညိုခြင်း၊ ပန်း၊ ဆီမီး၊ ရေချမ်းနှင့် ရွှေသင်္ကန်းများ ကပ်လှူပူဇော်၍ အလှူငွေများ ပေးအပ်ခြင်းတို့ ဆောင်ရွက်ကြကာ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်သည် ကျိုက္ခမီရေလယ် ဆံတော်ရှင်မြတ်ဘုရားကြီး ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ တာဝန်ရှိသူများနှင့် တွေ့ဆုံရာ ဂေါပကအဖွဲ့ တာဝန်ရှိသူများက ဘုရားကြီး ဘက်စုံ မွမ်းမံ ဆောင်ရွက်ထားရှိမှု၊ ဘုရားဖူးများ တည်းခိုနေထိုင်ရေး စီစဉ်ဆောင်ရွက်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဘုရားဖူးပြည်သူများ စိတ်အေးချမ်းသာစွာ ဘုရားဖူးနိုင်ရေးနှင့် ကိုဗစ်- ၁၉ ရောဂါ စည်းကမ်းချက်များနှင့်အညီ ဖြစ်စေရေးကို အလေးထားဆောင်ရွက်ပေးကြရန် မှာကြားကာ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# မန္တလေးမြို့တွင် သီတင်းကျွတ်မီးထွန်းပွဲတော်(အကြို) စတုဒိသာဧည့်ခံပွဲနှင့် မြန်မာ့ရိုးရာအကအလှ ဖျော်ဖြေပွဲများကျင်းပ

**မန္တလေး အောက်တိုဘာ ၉**

ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) တွင် မန္တလေးမြို့၌ မြတ်စွာဘုရားအားရည်မှန်း၍ ဆီမီးများ၊ လျှပ်စစ်မီးရောင်စုံအလှများဖြင့် ထွန်းညှိခြင်း၊ ပန်း၊ ရေချမ်း၊ ဆွမ်းခဲဖွယ် ကပ်လှူပူဇော်ခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်းဖြင့် ကုသိုလ်ကောင်းမှု ပြုလုပ်ကြသူများ၊ ရုံးများ၊ လူနေအိမ်များ၊ လမ်းများ၌ ရောင်စုံလျှပ်စစ်မီးများ၊ ဆီမီးများ၊ ဖယောင်းတိုင်များ ထွန်းညှိပူဇော်ခြင်းများနှင့် လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိသည်။



မန္တလေးမြို့တွင် သီတင်းကျွတ်မီးထွန်းပွဲတော်(အကြို) စတုဒိသာဧည့်ခံပွဲနှင့် မြန်မာ့ရိုးရာအကအလှဖျော်ဖြေပွဲများကို မန္တလေးကျုံးနှင့် မြို့ရိုးအကြား ရတနာပုံဥယျာဉ် အရှေ့ဘက်ခြမ်းတွင် အောက်တိုဘာ ၈ ရက် ညနေပိုင်းက ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦး၊ မန္တလေးမြို့တော်ဝန် ဦးကျော်ဆန်းနှင့် တာဝန်ရှိသူများက ပွဲတော်အား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး(**အပေါ်ပုံ**) မြို့မတေးဂီတအဖွဲ့၊ ကျောက်ဆည်ဆင်အက၊ မြန်မာ့ရိုးရာခြင်းအလှခတ်၊ ရိုးရာအက၊ မန်းစည်ပင်တေးဂီတအဖွဲ့တို့မှ ဖျော်ဖြေခြင်း၊ စတုဒိသာဧည့်ခံနေမှုများကို ကြည့်ရှုအားပေးပြီး ပွဲတော်လာပြည်သူများနှင့်အတူ မီးပုံပျံငယ်များ လွှတ်တင်ခဲ့ကြကာ လည်ပတ်ကြသူများအား ရင်းနှီးစွာ နှုတ်ဆက်သည်။

ယင်းနောက် မန္တလေးနန်းမြို့ရှိ မြနန်းစံကျော်ရွှေနန်းတော်ပတ်လည်တွင် စတုဒိသာမဏ္ဍပ်များမှ ဧည့်ခံကျွေးမွေးနေမှု၊ ရောင်စုံလျှပ်စစ်မီးများနှင့် ဆီမီးအလှ ထွန်းညှိထားရှိမှုနှင့် တေးဂီတအဖွဲ့မှ ဧည့်ခံဖျော်ဖြေမှုများကို ကြည့်ရှုအားပေးသည်။

ယနေ့ သီတင်းကျွတ်လပြည့်နေ့ညနေပိုင်းတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အောင်မြေသာစံမြို့နယ်ရှိ မဟာလောကမာရဇိန်ကုသိုလ်တော်ဘုရားသို့ သွားရောက် ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီး၊ ရေချမ်းများ ကပ်လှူပူဇော်ပြီး ရင်ပြင်တော်ပေါ်တွင် ဘုရားဖူး ပြည်သူများနှင့်အတူ ဆီမီးများ ထွန်းညှိပူဇော်သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရတနာပုံဥယျာဉ်၌ ကျင်းပသည့် မြန်မာ့ရိုးရာ သီတင်းကျွတ်မီးထွန်းပွဲတော်နှင့် မန္တလေးနန်းမြို့အတွင်း အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်မှကျင်းပသည့် သီတင်းကျွတ်မီးထွန်းပွဲတော်များသို့ သွားရောက်ကြည့်ရှုအားပေးသည်။

အလားတူ အမရပူရမြို့နယ်ရှိ ဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်တွင်လည်း ဆီမီး ၉၀၀၀ ပူဇော်ပွဲ၊ ဝတ်ရွတ်ပူဇော်ပွဲနှင့် အဋ္ဌမအကြိမ် ဆွမ်းတော်ကြီး ကပ်လှူပူဇော်ပွဲများကို ကျင်းပခဲ့ကြောင်း၊ တိုင်းဒေသကြီးအတွင်းခရိုင်/မြို့နယ်/ရပ်ကွက်များရှိ တန်ခိုးကြီးဘုရားများ၊ စေတီပုထိုးများနှင့် ဓမ္မာရုံများတွင် ပန်း၊ ဆီမီး၊ ရေချမ်းကပ်လှူပူဇော်ခြင်း၊ ဥပုသ်သီလဆောက်တည်ကြခြင်းနှင့်စတုဒိသာ ကျွေးမွေး လှူဒါန်းကြသူများ စသည့်ကောင်းမှု ဒါနကုသိုလ် ပြုခဲ့ကြသူများ၊ လည်ပတ်ကြသူများဖြင့် စည်ကားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# ဆန်ရေစပါးစီးပွားဥစ္စာပေါများ တိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် ထားဝယ်ရိုးရာ သပိတ်မျှောပွဲတော်ကျင်းပ

**ထားဝယ် အောက်တိုဘာ ၉**

ဝါလကင်းလွတ် သီတင်းကျွတ်လပြည့်နေ့တွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၏ ရိုးရာအစဉ်အလာမပျက် နှစ်စဉ်နှစ်တိုင်း ပြုလုပ်ကျင်းပလျက်ရှိသော ထားဝယ်ရိုးရာသပိတ်မျှောပွဲတော် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၉ ရက်နံနက် ၄ နာရီခွဲက ထားဝယ်မြို့ တလိုင်းမရပ် ဆိပ်ကမ်းသာလမ်း ပြည်သူ့အပန်းဖြေရင်ပြင် ထားဝယ်မြစ်ကမ်း၌ ကျင်းပသည်။

ဖွင့်ပွဲတွင် နိုင်ငံတော်သြဝါဒစရိယ ဃောသိတရာမပါဠိတက္ကသိုလ် ကျောင်းတိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တပညာသာမိ၊ တိုင်းသံဃနာယကအဖွဲ့ဥက္ကဋ္ဌ ဇေယျဝတီစာသင်တိုက်မှ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တနန္ဒဝံသ၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ မြို့မိ/မြို့ဖဦးဘမြင့်နှင့် ဦးထွန်းကြည်တို့က ထားဝယ်ရိုးရာသပိတ်မျှောပွဲမုခ်ဦးအား ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။

ထို့နောက် ဆရာတော်ကြီးများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များက အရှင်ဥပဂုတ္တ မထေရ်မြတ်အား သပိတ်မျှော၍ ဆွမ်းဆက်ကပ် ကုသိုလ်ပြုခဲ့ကြပြီး ဒေသခံပြည်သူများက ထားဝယ်ရိုးရာသပိတ်မျှောမုခ်ဦးမှစ၍ အကွေ့များပါသော ဇက်ပါကို ပျော်ရွှင်စွာ ဖြတ်ကျော်ကာ သပိတ်မျှော၍ ဆုတောင်းပတ္ထနာပြုပြီး ကုသိုလ်ယူခဲ့ကြသည်။

သပိတ်မျှောပွဲကို နှစ်စဉ်နှစ်တိုင်း သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပလေ့ရှိပြီး စေတနာရှင်၊ အလှူရှင်များက သပိတ်မျှောပွဲ လာရောက်ကြည့်ရှုသူများကို စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ သပိတ်မျှောပွဲတွင် မီးပုံးပျံအငယ်လွှတ်တင်ခြင်း၊ ထားဝယ်ရိုးရာ ယဉ်ကျေးမှုအက၊ ထားဝယ်ဒေသ သပိတ်မျှောပွဲ အက၊ ရွှေဝယ်သူများ ရေအိုးရွက် ယိမ်းအက၊ သမိုင်းအလှ တနင်္သာရီအက၊ ရေးထားဝယ်ရိုးရာ ယိမ်းအက၊ ရွှေဝယ်သူများ ရေခပ်သွားအက၊ အိုးစည်အကများဖြင့် သီဆိုဧည့်ခံဖျော်ဖြေခြင်းများ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် ဒေသခံပြည်သူများက ကြည့်ရှုအားပေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့နှင့် တီးဝိုင်းအဖွဲ့ကို ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။



သပိတ်မျှော ပွဲတော်သည် အရှင်ဥပဂုတ္တ မထေရ်မြတ်အား ရည်စူး၍ ထားဝယ်ရိုးရာ မြေသပိတ်အထဲတွင် ဆွမ်း၊ မုန့်၊ သစ်သီး၊ ပေါက်ပေါက်၊ မုန့်ဆီကြော်၊ ယိုအမျိုးမျိုးစသည့်လှူဖွယ်များကိုထည့်ပြီး တံခွန်၊ ကုက္ကားများစိုက်ထူ၍ ဆီမီးများ ထွန်းညှိကာ သပိတ်မျှောခဲ့ခြင်းဖြစ်ပြီး ရာသီဥတုမိုးလေဝသ ကောင်းမွန်စေရန်၊ ဆန်ရေစပါးစီးပွားဥစ္စာပေါများ တိုးတက်စေရန်၊ မိုးဒဏ်၊ လေဒဏ်၊ သဘာဝဘေးရန်များနှင့် မကောင်းသော ဘေးဘယာကံကြမ္မာအပေါင်း ကင်းဝေးလွတ်မြောက်စေရန် ဆုတောင်းပြုသည့် ရည်ရွယ်ချက်ဖြင့် ထားဝယ်တိုင်းရင်းသားလူမျိုးများက ရှေးအစဉ်အဆက်မှ ယနေ့တိုင် သပိတ်မျှောပွဲတော်ကို ကျင်းပလာခဲ့ခြင်း ဖြစ်သည်ဟု သိရသည်။

သပိတ်မျှောပွဲကို နံနက် ၄ နာရီခွဲမှစ၍ နံနက် ၆ နာရီအထိ ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာဖြင့် သပိတ်မျှော ကုသိုလ်ယူလျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

# သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရားစေတီများတွင် ဘုရားဖူးပြည်သူများနှင့် အထူးစည်ကားများပြားလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၉**

ယနေ့သည် ၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ဖြစ်သည်နှင့်အညီ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး အပါအဝင် တန်ခိုးကြီးဘုရား၊ စေတီများတွင် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားများကို ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့် အညီ ကျင်းပလျက်ရှိရာ ဘုရားဖူးပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့နှင့် ဆွမ်းသိမ်းသီလခံယူပွဲ အောင်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရွှေတိဂုံစေတီတော် တောင်ဘက်မုခ်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဝန်ထမ်းများက အရုဏ်တက်ချိန်တွင် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဗုဒ္ဓရုပ်ပွားတော်များအား ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဝန်ထမ်းများက ဝါဆိုဘုရားရှိခိုးခြင်း၊ စိန်ရောင်ခြည်ဘုရားပင့် ဂါထာဖြင့် ဘုရားရှင်ကို ပင့်လျှောက်ထားခြင်း၊ စေတီတော်မြတ်ကြီးအား မြတ်ဘုရားရွှေတိဂုံဂါထာဖြင့် ရှိခိုးပူဇော်ခြင်း၊ ပရိသတ်အပေါင်းတို့က နဝင်္ဂသီလ ခံယူဆောက်တည်ခြင်း၊ ဆုတောင်းအမျှဝေ သာဓုခေါ်ဆိုခြင်း စသည့်အစီစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ယင်းနောက် အဘိဓမ္မာအခါတော်နေ့နှင့် ဆွမ်းသိမ်းသီလခံယူပွဲ အောင်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြသည်။



**သီလဆောက်တည်**

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ပဓာနနာယက ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ၊ သ၊ စ၊ အ ပါဠိပါရဂူ တိပိဋကရေ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်) ထံမှ ဧည့်ပရိသတ်များက နဝင်္ဂသီလခံယူ ဆောက်တည်ကြသည်။

ထို့နောက်ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ကိုယ်စား အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင်ဦးအောင်သော်က ဇယမင်္ဂလာအနုမောဒနာစာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

**ရေစက်ချအမျှပေးဝေ**

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ညောင်တုန်းပါဠိတက္ကသိုလ်ကျောင်းတိုက်ဆရာတော်ဘဒ္ဒန္တပဝရာဘိဝံသထံမှ ဧည့်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာ တရားနာကြားပြီး ရေစက်ချအမျှပေးဝေကြသည်။

ထို့နောက်ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ညနေပိုင်းတွင် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများသည် ရွှေတိဂုံစေတီတော် ပတ်ပတ်လည်ရှိ ဆီမီးခုံများ၌ ဆီမီးများ ထွန်းညှိပူဇော်ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ မဟာဝိဇယစေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်၊ ဆူးလေစေတီတော်၊ ဝရဒါဠာဓာတုစေတိယ စွယ်တော်မြတ်စေတီတော် (ရန်ကုန်)၊ မင်းဓမ္မကုန်းတော်ရှိလောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ရွှေဘုန်းပွင့်စေတီတော်နှင့် ဆုတောင်းပြည့် မယ်လမုစေတီတို့တွင်လည်း ဂေါပကအဖွဲ့များက ကြီးမှူး၍ ယနေ့နံနက်ပိုင်း အရုဏ်တက်ချိန်တွင် စေတီတော်နှင့် ဘုရားရုပ်ပွားတော်များအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ဖြင့် ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက အဘိဓမ္မာတရားတော်များကို ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

**ထွန်းညှိပူဇော်**

သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့တွင် ရန်ကုန်မြို့ရှိ ဘုရားစေတီများတွင် ဘုရားဖူးလာပြည်သူများက ပန်း၊ ရေချမ်း၊ ဆီမီးများ ပူဇော်ကြခြင်း၊ မြို့နယ်ရပ်ကွက် အသီးသီးရှိ လမ်းများ၌ ကုသိုလ်ကောင်းမှုပြုကြခြင်း၊ သက်ကြီး၊ ဝါကြီး၊ မိဘ၊ အဘိုးအဘွား၊ ဆရာသမားများအား ကန်တော့ခြင်း၊ ဥပုသ်သီလဆောက်တည်ကြခြင်း၊ ရုံးများ၊ လူနေအိမ်များနှင့် လမ်းများ၌ ရောင်စုံလျှပ်စစ်မီးများ ဆီမီးများ၊ ဖယောင်းမီးများဖြင့် ထွန်းညှိပူဇော်ကြခြင်းများ ပြုလုပ်ကြသည်။

**သတင်း - ဇော်မင်းလတ်(MNA)၊**
**ကျော်စိုးဝင်း**
**ဓာတ်ပုံ - ကိုကိုဇော်**

# မန္တလေးမြို့တွင် သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)၌ ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး မီးထွန်းပွဲတော်များ အစဉ်အလာမပျက် ပျော်ရွှင်စွာကျင်းပ

**မန္တလေး အောက်တိုဘာ ၉**

ယနေ့ ကျရောက်သည့် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)သည် နေ့ထူးနေ့မြတ်ဖြစ်သည်နှင့်အညီ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၊ မြို့နယ်၊ ရပ်ကွက်အသီးသီးရှိ စေတီပုထိုးများနှင့် ဓမ္မာရုံများ၌ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်၍ ကုသိုလ်ကောင်းမှုပြုလုပ်ကြပြီး ဥပုသ်သီလခံယူဆောက်တည်ကြသည်။

မန္တလေး ပြည်သူများသည် ဒေသ၏ကုသိုလ်ကောင်းမှုပြုလုပ်ကြသည့် ဓလေ့ထုံးစံအတိုင်း နံနက်အရုဏ်တက်တွင် မဟာမုနိဘုရားကြီးသို့ ဦးခိုက်ပူဇော်ကာ ပန်းရေချမ်းဆီမီးများနှင့် ရွှေသင်္ကန်းများကို ဘုရားဂေါပကတာဝန်ရှိသူများက ကိုဗစ်-၁၉ ကာကွယ်ရေး နည်းလမ်းများအတိုင်း ဆက်ကပ်လှူဒါန်းကြသည့်အပြင် မြို့တွင်းရှိ တန်ခိုးကြီးဘုရားများဖြစ်ကြသည့် ရွှေကျီးမြင်မြတ်စွာဘုရား၊ မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီး၊ စန္ဒာမုနိဘုရားများအပြင် အောင်တော်မူဘုရား၊ ဘုရားနီဘုရားတို့တွင်လည်း ကုသိုလ်ပြုကြသူများ၊ ဘုရားစေတီများ၏ အေးချမ်းသည့် အရိပ်အာဝါသအောက်တွင် တရားဘာဝနာ ပွားများကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကိုလည်း တွေ့မြင်ရသည်။

**ကုသိုလ်ကောင်းမှုများပြုလုပ်**

မန္တလေးမြို့ရှိမဟာသကျမာရဇိန် ကျောက်တော်ကြီး မြတ်စွာဘုရား၏ (၁၃၄) ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် သံဃာ့ဒါနဆွမ်းတော်ကြီး လောင်းလှူပွဲကိုလည်း ကျင်းပခဲ့ပြီး မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား (ယာပုံ) နှင့် စန္ဒာမုနိဘုရားပွဲတော်ကိုလည်း နှစ်စဉ်ကျင်းပမြဲဖြစ်သည့်အတိုင်း စက်တင်ဘာ ၈ ရက်မှ စတင်၍ ကျင်းပလျက်ရှိရာ ယနေ့ သီတင်းကျွတ် လပြည့်နေ့တွင်လည်း အလှူရှင်ပြည်သူများ၊ ဘာသာရေးအသင်းအဖွဲ့ အသီးသီးတို့က ဆွမ်းတော်ကြီးကပ်လှူခြင်း၊ ပန်း၊ ရေချမ်း၊ လျှပ်စစ်မီး၊ ဖယောင်းတိုင်၊ ဆီမီးထွန်းညှိပူဇော်ခြင်း၊ နိဗ္ဗာန်ဈေးရောင်းချခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှုများပြုလုပ်ကြသည်။

ထို့ပြင် ဗုဒ္ဓဘာသာဓလေ့ထုံးတမ်းများနှင့်အညီ ဆွမ်းဆန်တော် လောင်းလှူပူဇော်ခြင်း၊ ဓမ္မစကြာရွတ်ဆိုခြင်း၊ ပရိတ်တရားတော်များနှင့် ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ပူဇော်ခြင်း၊ မိဘ၊ ဘိုးဘွား၊ ဆရာသမား၊ သက်ကြီးဝါကြီးများအား ကန်တော့ခြင်းစသည့် ကုသိုလ်ကောင်းမှုတို့ကို ပြုလုပ်ကြပြီး လူ၊ နတ်၊ ဗြဟ္မာ၊ သတ္တဝါတို့ ကျန်းမာချမ်းသာ၍ ငြိမ်းချမ်းကြစေကြောင်း ဆုမွန်ကောင်းများ တောင်း၍ မေတ္တာပို့သကြသည်။

**ဆီမီးထွန်းညှိပူဇော်**

သီတင်းကျွတ်လပြည့် ညပိုင်းတွင်လည်း မြန်မာ့ရိုးရာသီတင်းကျွတ် မီးထွန်းပွဲတော်ကို မန္တလေးမြို့ ရတနာပုံဥယျာဉ်အရှေ့ဘက်ခြမ်းတွင် ကျင်းပရာ စတုဒိသာအကျွေးအမွေးများဖြင့် ဧည့်ခံပြီး မြို့မတေးဂီတအဖွဲ့၊ ကျောက်ဆည်ဆင်အက၊ မန်းစည်ပင်တေးဂီတအဖွဲ့တို့က ရိုးရာအကအလှများဖြင့် ဖျော်ဖြေခဲ့ကြပြီး မန္တလေးမြို့တွင်းရှိ အထင်ကရဘုရားများနှင့် ရပ်ကွက်များမှ ဘုရား၊ စေတီများ၊ ဓမ္မာရုံများနှင့် နေအိမ်များတွင် မြတ်စွာဘုရားရှင်ကို ရည်မှန်း၍ ဆီမီးထွန်းညှိပူဇော်ကြခြင်း၊ ကလေးငယ်များက မီးရှူးမီးပန်းများနှင့် မီးပုံးအရုပ်များဖြင့် ပျော်ရွှင်စွာ ဆော့ကစားခြင်းများအပြင် မိသားစုအလိုက် မိဘ၊ ဆရာသမားများအား ဂါရဝပြု ကန်တော့ခြင်းများဖြင့် ရိုးရာယဉ်ကျေးမှု ဓလေ့ပုံရိပ်ကို ပီပြင်စွာ ဖော်ထုတ်ခဲ့ကြသည်။



**မင်းထက်အောင် (မန်းကိုယ်ပွား)**




# ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်ရဲ့ ဗဟုသုတဖြစ်ဖွယ် အင်္ဂလိပ်စာကဏ္ဍရဲ့ Grammar အပိုင်းမှာတော့ အရင်အပတ်က ဖော်ပြခဲ့တဲ့ The Correct Use of Tenses (ကာလအပိုင်းအခြားများကို မှန်မှန်ကန်ကန်အသုံးပြုခြင်း) နဲ့ပတ်သက်ပြီး Present Perfect Tense အကြောင်း ပြည့်ပြည့်စုံစုံ ဖော်ပြလိုက်ပါတယ်။ ဒါ့အပြင် စကားပြောပိုင်းမှာလည်း "Shortest way to talk about Thadingyut Festival or Lighting Festival " ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အပိုင်းမှာတော့ နေ့စဉ်ဘဝမှာအသုံးများတဲ့ အီဒီယံ အသုံးအနှုန်းတွေကို မြန်မာလိုအဓိပ္ပာယ်ရှင်းလင်းချက်များနဲ့သာမက ပိုမိုနားလည်သဘောပေါက်စေဖို့ နမူနာဝါကျများနဲ့ပါ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

ဒီတစ်ပတ်မှာတော့ Present Perfect Tense (အတိတ်ပြီးမြောက်ကာလ) အကြောင်း ဖော်ပြလိုက်ပါတယ်။ ဒီ Tense ဟာ နေ့စဉ်ဘဝမှာ အသုံးများတဲ့ Tense တစ်မျိုးဖြစ်ပြီး နေရာအလိုက်အသုံးပြုပုံတွေလည်း အမြောက်အမြားရှိတဲ့အတွက် သူ့ရဲ့အသုံးပြုပုံတွေကို အသေအချာ မှတ်သားထားစေချင်ပါတယ်။

**Present Perfect Tense (အတိတ်ပြီးမြောက်ကာလ)**

Present Perfect Tense ကို အောက်ဖော်ပြပါအခြေအနေများမှာ အသုံးပြုနိုင်ပါတယ်။

1. To express an action which is completed at the present time: this is usually new information
   ပစ္စုပ္ပန်ကာလမှာပြီးဆုံးသွားသော ပြုလုပ်ဆောင်ရွက်ချက်ကို ဖော်ပြရန် – အချက်အလက်သစ်ကို အမြဲဖော်ပြ
   ဥပမာ – (1) Ow! I've cut my finger.
   (2) The road is closed. There's been an accident.
   (3) Police have arrested two men in connection with the robbery.
   (4) I have seen this movie.
   (5) She has gone out to the market.
2. To describe an action in the past has a result now:
   အတိတ်တစ်ချိန်ကစပြီး ယခုတိုင် အကျိုးသက်ရောက်မှုရှိနေသော ပြုလုပ်ဆောင်ရွက်ချက်တစ်ခုကို ဖော်ပြရန်
   ဥပမာ – (1) Tom has lost his key.
   (2) He told me his name, but I've forgotten it.
   (3) Sally is still here. She hasn't gone out.
   (4) I can't find my bag. Have you seen it?
   (5) I don't know what the film is about. I haven't seen it.
3. To express an action which is the (first) time something has happened:


ပထမဆုံးအကြိမ်ဖြစ်ပျက်မှုကို ဖော်ပြရာတွင်လည်ကောင်း

ဥပမာ –

1. It's the first time he has driven a car.

In the same way we say: အလားတူပင် ဒုတိယအကြိမ်၊ တတိယအကြိမ် ဖြစ်ပျက်မှုများကို ဖော်ပြရာတွင်လည်းကောင်း

1. Sarah has lost her passport again. This is the second time this has happened.
2. Andy is phoning his girlfriend again. It's the third time he's phoned her this evening.




4. To describe an action which happens earlier than another action at the present time:
   ပစ္စုပ္ပန်ကာလတွင် ပြုလုပ်ချက်တစ်ခုသည် အခြားတစ်ခုထက် ပိုစောပြီး ဖြစ်တာကို ဖော်ပြရာတွင်လည်ကောင်း

ဥပမာ –

1. I have solved two problems before you come.
2. The boys can play after they have done their work.
3. When we get to the station the train has left.

ထို့အတူ Present Perfect Tense ကို just, already, yet တို့ဖြင့်လည်း တွဲဖက်သုံးနိုင်ပါတယ်။

ဒီနေရာမှာ Just = a short time ago
(လွန်ခဲ့သောအချိန်တိုလေးအတွင်းက (ခုလေးတင်))
Already = before you expected
(ခန့်မှန်းချိန်မတိုင်ခင်ကတည်းက (နှင့်ပြီးပြီ))
Yet = until now (ခုချိန်ထိ တိုင်အောင် (မ.... သေး))

**For Just**

ဥပမာ – 1. A: Are Jane and David here?
B: Yes, they've just arrived.
2. A: Are you hungry?
B: No, I've just had dinner.
3. A: Is Tom here?
B: No, I'm afraid, he's just gone.

**For already**

ဥပမာ – 1. A: What time are Diane and Paul coming?
B: They've already arrived.
2. It's only nine o'clock and Ann has already gone to bed.
3. A: John, this is Mary.
B: Yes, I know. We've already met.

**For yet**

**I haven't ...yet (Yet in negative sentences)**

ဥပမာ – 1. A: Are Diane and Paul here?
B: No, they haven't arrived yet.
2. A: Does John know that you're going away?
B: No, I haven't told him yet.
3. Margaret has bought a new dress but she hasn't worn it yet.

**Have you … yet? (Yet in questions)**

ဥပမာ – 1. A: Have Diane and Paul arrived yet?
B: No, not yet. We're still waiting for them.
2. A: Has Linda started her new job yet?
B: No, she starts next week.
3. A: This is my new dress.
B: Oh, it's nice. Have you worn it yet?

**ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ**

**Exercise (1) မှ အဖြေများ**


1. I'm trying
2. It isn't raining
3. I'm not listening
4. She's having
5. He's learning
6. they're not speaking
7. It's getting
8. isn't working
9. I'm looking
10. He's starting
11. Are your friends staying
12. are you waiting
13. is she going
14. are you looking
15. Is it raining

## Vocabulary (Idioms)

1. to carry on (ဆက်လုပ်သည်)
   Carry on the good work!
2. to carry weight (အရေးကြီးသည်)
   His opinion carries a lot of weight with us, and we often seek out her advice before making any important decision.
3. to put the cart before the horse (နွားရှေ့ထွန်ကျူးသည် (အမှားလုပ်သည်))
   People are putting the cart before the horse by making plans on how to spend the money before we are even certain that the money will be available.
4. to let the cat out of the bag (လျှို့ဝှက်ချက်ကို လွှတ်ခနဲပြောမိသည်)
   I was trying to keep the party a secret, but Messi went and let the cat out of the bag.
5. a wild–cat scheme (အောင်မြင်နိုင်ချေမရှိသောအစီအစဉ်)
   It was a wild–cat scheme by some of our members.

*(ဒီတစ်ပတ်တော့ ဒီလောက်ပါပဲ။
နောက်တစ်ပတ် တနင်္လာနေ့မှာ ပြန်လည်ဆုံတွေ့ကြပါစို့)*

## Conversation



### Shortest way to talk about Thadingyut Festival or Lighting Festival

ဒီတစ်ပတ်မှာတော့ Thadingyut Festival အကြောင်း ဘယ်ပုံဘယ်နည်းပြောဆိုသုံးနှုန်းရမလဲဆိုတာတွေကို "Shortest way to talk about Thadingyut Festival or Festival of Lights" ဆိုပြီး ဖော်ပြလိုက်ပါတယ်။

**Conversation**

Happy Thadingyut Festival

Hay Mar: Do you know our Thadingyut Festival?

Win Win: Sure! It's also known as the lighting festival or the festival of lights. It is annually held on the full moon day of Thadingyut, the Burmese lunar month of Thadingyut, which usually falls in October and lasts for three days.

Hay Mar: Why is Thadingyut Festival held?

Win Win: Thadingyut festival is the celebration to welcome the Buddha's descent from heaven with three celestial stairways after He preached the Abhidhamma to his mother, Maya, who was reborn in heaven. It is traditional belief that Buddha returned to earth on the night of the Thadingyut full moon, which also marks the conclusion of the Buddhist fasting period starting from the full moon of the month Waso, which marks the beginning of the three–month period of



Buddhist Lent. During which monks retire to their respective monasteries. Meditation and study are the primary activities that monks engage in during this period. During Buddhist lent, getting married is prohibited. Lent typically falls during the monsoon season.

Hay Mar: What do people usually do at Thadingyut festival?

Win Win: People especially Buddhists light candles in their homes and temples to commemorate the anniversary of Buddhist's return. In the honor of this joyous occasion, towns and villages located throughout Myanmar keep their lights turned on. During the festival days, Buddhists usually go to pagodas and monasteries to pay respect and offer food. Young people pay respect to their parents, teachers and elderly relatives with some fruits and other gifts. Also while paying homage the younger people usually ask for forgiveness from the wrong–doings. Traditionally the elders tell younger people that they forgive any of their wrongdoings and continue to bless them with good luck and give some big notes as pocket money.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# နျူကလီးယားစစ်ပွဲခြိမ်းခြောက်မှုများ သမိုင်းကနေ သင်ခန်းစာယူကြရန် ပုပ်ရဟန်းမင်းကြီးဖရန်စစ် တိုက်တွန်း


ပုပ်ရဟန်းမင်းကြီး ဖရန်စစ်

ဗာတီကန် အောက်တိုဘာ ၉

နျူကလီးယားစစ်ပွဲခြိမ်းခြောက်မှုများနှင့်ပတ်သက်ပြီး သမိုင်းကနေ သင်ခန်းစာယူကြရန်နှင့် ငြိမ်းချမ်းသောလမ်းစဉ်ကို ရွေးချယ်ကြရန် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်က ကမ္ဘာကို တိုက်တွန်းလိုက်ကြောင်း အောက်တိုဘာ ၉ ရက်က အေအက်ဖ်ပီ သတင်းတစ်ရပ်တွင် ဖော်ပြထားသည်။

၁၉၆၀ ပြည့်နှစ်များက ဒုတိယဗာတီကန်ကောင်စီကို ပြန်ကြည့်မည်ဆိုလျှင် ထိုအချိန်က ကမ္ဘာကြီးကို ခြိမ်းခြောက်နေသော နျူကလီးယားစစ်ပွဲ၏ အန္တရာယ်ကို မမေ့နိုင်ကြောင်း ပုပ်ရဟန်းမင်းကြီးက ပြောသည်။ ထိုအချိန်အခါက ပဋိပက္ခများစွာနှင့် ပြင်းထန်သောတင်းမာမှုများ ရှိခဲ့သော်လည်း ငြိမ်းချမ်းသောလမ်းစဉ်ကိုသာ ရွေးချယ်ခဲ့ကြကြောင်း အသက် ၈၅ နှစ်အရွယ် ပုပ်ရဟန်းမင်းကြီးက ဆက်ပြောသည်။

ကမ္ဘာကြီးအနေဖြင့် နျူကလီးယားစစ်ပွဲဖြစ်မည့် အလားအလာနှင့် ရင်ဆိုင်နေရကြောင်း အောက်တိုဘာ ၆ ရက်တွင် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပြောကြားထားသည်။

ထို့အပြင် ပုပ်ရဟန်းမင်းကြီးက ထိုင်းနိုင်ငံတွင် မကြာသေးမီက ဖြစ်ပွားခဲ့သော အကြမ်းဖက်လုပ်ရပ်အတွက်လည်း ဆုတောင်းပေးခဲ့ကြောင်း သိရသည်။ အဆိုပါဖြစ်ရပ်မှာ အောက်တိုဘာ ၆ ရက်တွင် မူကြို ကလေးထိန်းကျောင်း၌ အလုပ်ထုတ်ခံရသော ရဲအရာရှိဟောင်းတစ်ဦးက သေနတ်ဖြင့် ဝင်ရောက်ပစ်ခတ်ရာ ကလေးငယ် ၂၄ ဦးအပါအဝင် လူပေါင်း ၃၆ ဦးအထိ သေဆုံးမှုဖြစ်ပွားခဲ့သည်။ **အေအက်ဖ်ပီ**

## ဂျပန်နိုင်ငံ ခရီးသွားလုပ်ငန်းတွင် အလုပ်သမားပြတ်တောက်မှုနှင့်ရင်ဆိုင်နေရ

**တိုကျို အောက်တိုဘာ ၉**

ဂျပန်နိုင်ငံရှိ ခရီးသွားလုပ်ငန်းမှာ အလုပ်သမားပြဿနာနှင့် ပတ်သက်၍ အခက်အခဲများနှင့် ရင်ဆိုင်နေရသည်။ နိုင်ငံအတွင်း နယ်စပ်ထိန်းချုပ်မှုများကို အောက်တိုဘာ ၁၁ ရက်တွင် ဖြေလျှော့ပေးမည်ဖြစ်ပြီး ယင်းမတိုင်မီ ခရီးသွားလုပ်ငန်း၌ အလုပ်သမား ရှားပါးမှုပြဿနာနှင့် ရင်ဆိုင်နေရခြင်းဖြစ်သည်။ ဂျပန်နိုင်ငံသည် ပြည်တွင်းသို့ အရေအတွက် အကန့်အသတ်ဖြင့် ခရီးသွားများ ဝင်ရောက်မှုကို အဆုံးသတ်တော့မည်ဖြစ်ပြီး ဗီဇာကင်းလွတ်မှုဖြင့် ခရီးသွားမှုကိုလည်း ခွင့်ပြုပေးတော့မည်ဖြစ်သည်။

ခရီးသွားကဏ္ဍမှ လူများသည် ကပ်ရောဂါမှ ပြန်လည်သက်သာလာရာ ရစေရေးအတွက် မျှော်လင့်နေကြသည်။ သို့သော်လည်း အလုပ်သမားပြတ်တောက်မှုနှင့် ရင်ဆိုင်နေရသည်ဟု ပြောသည်။ တိုကျိုမြောက်ပိုင်းရှိ ဂျပန်ရိုးရာ ဟိုတယ်ပိုင်ရှင်တစ်ဦးကမူ ပြည်ပနိုင်ငံမှ ခရီးသွားများက ၎င်းတို့ ဟိုတယ်တွင် တည်းခိုရန်စုံစမ်းမှုများ ပြုလုပ်ကြကြောင်း ပြောသည်။ သို့သော်လည်း ၎င်းတို့မှာ ဝန်ထမ်းငှားရမ်းရန် အခက်အခဲရှိကြောင်း ကပ်ရောဂါကာလအတွင်း ခရီးသွားလုပ်ငန်းတွင် အကျပ်အတည်းများနှင့် ရင်ဆိုင်ခဲ့ရကြောင်း ၎င်းက ဆက်ပြောသည်။

ခရီးသွားကဏ္ဍတွင် အလုပ်သမားရှားပါးမှု ဖြစ်ပေါ်နေကြောင်း ပုဂ္ဂလိက သုတေသန ကုမ္ပဏီတစ်ခုဖြစ်သည့် တီအီကိုကူ အချက်အလက်ဘဏ်က ပြောသည်။ ဟိုတယ် ၇၂ ဒသမ ၈ ရာခိုင်နှုန်းမှာ ဝန်ထမ်းရှားပါးမှုပြဿနာနှင့် ရင်ဆိုင်နေရကြောင်း တီအီကိုကူ အချက်အလက်ဘဏ်က နောက်ဆုံးကောက်ယူထားသည့် အချက်အလက်များအရ သိရသည်။ လူအများအပြားမှာ ဂျပန်သို့ လာရောက်လည်ပတ် ရန် မျှော်လင့်ထားကြသည့်အတွက် ခရီးသွားကဏ္ဍတွင် ဖြည့်ဆည်း မှုများလုပ်ဆောင်ရန် လိုအပ်သည်ဟုကျွမ်းကျင်သူများက ဆိုသည်။ **အင်န်အိတ်ချ်ကေ**


ဆမ်ဒက်တီချုပ်ဟွန်ဆန်

## ကမ္ဘောဒီးယား၌ ရေကြီးမှုကြောင့် လေးဦးသေဆုံး မိသားစုအများအပြား ရွှေ့ပြောင်းပေးခဲ့ရ

**ဖနောင်ပင် အောက်တိုဘာ ၉**

ကမ္ဘောဒီးယားနိုင်ငံဒေသအများအပြားတွင် ရေကြီးမှုကြောင့် လေးဦးထက် မနည်းသေဆုံးကြောင်း ဝန်ကြီးချုပ် ဆမ်ဒက်တီချုပ်ဟွန်ဆန်က အောက်တိုဘာ ၈ ရက်တွင် ပြောကြားသည်။

ရေကြီးမှုများကြောင့် ထိခိုက်ခံစားရသည့် မိသားစုအများအပြားကို ကုန်းမြင့်ပေါ်သို့ ရွှေ့ပြောင်းပေးခဲ့ရကြောင်း အသမ်မက်ဆော့ချ် တစ်ခုတွင် ဝန်ကြီးချုပ် ဟွန်ဆန်က ပြောကြားသည်။ ရေကြီးမှုကြောင့် စပါး ၁၅၁၄၄၂ ဟက်တာနှင့် အခြားသီးနှံ ၄၀၂၄ ဟက်တာ ရေနစ်မြုပ်ခဲ့ကြောင်း ၎င်းက ဆက်ပြောသည်။

အချို့နေရာများတွင် ရေပြန်ကျသွားသော်လည်း အချို့တွင် ရေကြီးမှုမြင့်တက်နေကြောင်း၊ မိုးလေဝသ ခန့်မှန်းချက်အရနောက်ထပ် မိုးအနည်းငယ် ရွာသွန်းနိုင်သော်လည်း အခြေအနေကို ထိန်းချုပ်ထားနိုင်ကြောင်း ဝန်ကြီးချုပ် ဟွန်ဆန်က ပြောကြားသည်။

ကမ္ဘောဒီးယားနိုင်ငံ၌ ဩဂုတ်လမှ အောက်တိုဘာလအတွင်း နှစ်စဉ်ရေကြီးလေ့ရှိကြောင်း၊ ပြီးခဲ့သည့်နှစ်က ရေကြီးမှုကြောင့် လူ ၁၁ ဦး သေဆုံးပြီး ၁၇၂၂၈၇ ဦး ဘေးလွတ်ရာသို့ ရွှေ့ပြောင်းခဲ့ရကြောင်း တရားဝင်ထုတ်ပြန်ချက်အရ သိရသည်။ **ဆင်ဟွာ**

## ပြင်သစ်နိုင်ငံ ဘဲမွေးမြူရေးခြံ၌ ကြက်ငှက်တုပ်ကွေးရောဂါတွေ့ရှိ

**ပါရီ အောက်တိုဘာ ၉**

ပြင်သစ်နိုင်ငံ အနောက်တောင်ပိုင်း ဂီရွန်ဒီဌာန ဘဲမွေးမြူရေးခြံတစ်ခု၌ ရောဂါကူးစက်မှု မြင့်မားသည့် ကြက်ငှက်တုပ်ကွေးရောဂါ ကူးစက်ဖြစ်ပွားခဲ့ကြောင်း ပြင်သစ်နေ့စဉ် သတင်းစာ လီဖီဂါရိုက အောက်တိုဘာ ၈ ရက်တွင် ထုတ်ပြန်ထားသည်။



ပြင်သစ် နေ့စဉ်သတင်းစာ လီဖီဂါရို၏ ပြောကြားချက်အရ ပိုင်ရှင်မှာ ပါရီမြို့ အရှေ့ပိုင်းဌာနတစ်ခုရှိ ခြံတစ်ခုတွင် တိရစ္ဆာန်များကို ရောဂါကူးစက်ခံရသည်ကို မသိရှိဘဲ ဝယ်ယူခဲ့ကြောင်း သိရသည်။

ရောဂါဖြစ်ပွားမှု ဝန်းကျင်တွင် ဒေသဆိုင်ရာအာဏာပိုင်များက စည်းကမ်းထိန်းသိမ်းရေးနှင့် စောင့်ကြည့်ရေးဇုန်များကို သတ်မှတ်ပေးထားကြောင်း သိရသည်။ အဆိုပါ ကြက်ငှက်တုပ် ကွေးရောဂါ ကူးစက်မှုသည် ဌာနအတွင်း ဒုတိယ မြောက်ကူးစက်မှု ဖြစ်ကြောင်း ပြင်သစ်နေ့စဉ် သတင်းစာ လီဖီဂါရိုက ဖော်ပြထားသည်။

ပြီးခဲ့သည့် ဆောင်းရာသီမှစကာ ပြင်သစ်နိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါကြောင့် တိရစ္ဆာန်အကောင်ရေ ၂၀ သန်း ရှင်းလင်းခဲ့ရကြောင်း သိရသည်။ **ဆင်ဟွာ**

## ဂျာမနီနိုင်ငံ ရထားဝန်ဆောင်မှုစနစ် ကေဘယ်လ်စနစ် ချို့ယွင်း၍ ရထားပြေးဆွဲမှု ရပ်တန့်

**ဘာလင် အောက်တိုဘာ ၉ –** ဂျာမနီနိုင်ငံ မြောက်ပိုင်းရှိ ရထားဝန်ဆောင်မှုစနစ်မှာ ကေဘယ်လ်စနစ်တွင် ချို့ယွင်းမှုနှင့်ကြုံတွေ့ရပြီးနောက် ရထားပြေးဆွဲမှု ရပ်တန့်ခဲ့ရသည်။ ယင်းဖြစ်ရပ်သည် အဖျက်သမားများ၏ လုပ်ရပ်ဖြစ်သည်ဟု အာဏာပိုင်များက သံသယရှိသည်။ ခရီးဝေးပြေးဆွဲသည့် ရထားများနှင့် အခြားရထားများမှာ အောက်တိုဘာ ၈ ရက်က သုံးနာရီကြာ ပြေးဆွဲမှုရပ်တန့်သွားခဲ့ရသည်ဟု ဂျာမန်ရထားအော်ပရေတာဒွိုက်ချ်ဘန့်က ပြောသည်။ နေရာ နှစ်နေရာတွင် ကေဘယ်လ်ကြိုးများ ဖြတ်တောက်ခံထားရသည်ဟု ဂျာမန်ဒစ်ဂျစ်တယ်နှင့်သယ်ယူပို့ဆောင်ရေးဝန်ကြီး ဗော့ကာဝစ်ဆင်းက သတင်းစာရှင်းလင်းပွဲတွင် ပြောသည်။ အခြေခံအဆောက်အအုံများတွင် ဖျက်ဆီးခံရခြင်းကို ဥရောပအာဏာပိုင်များ ကြုံတွေ့နေရသည်။ **အင်န်အိတ်ချ်ကေ**

## အစ္စတန်ဘူလ်ရှိ အကြီးဆုံး ဈေးဝယ်စင်တာတွင် ပစ်ခတ်မှုဖြစ်ပွား

**အစ္စတန်ဘူလ် အောက်တိုဘာ ၉ –** တူရကီယဲသမ္မတနိုင်ငံရှိ အကြီးဆုံး ဈေးဝယ်စင်တာတွင် အောက်တိုဘာ ၈ ရက်က ပစ်ခတ်မှုဖြစ်ပွားပြီး လူနှစ်ဦးဒဏ်ရာရရှိခဲ့သည်ဟု ဒေသတွင်း မီဒီယာများတွင် ဖော်ပြသည်။

အခင်းဖြစ်ပွားမှုအပြီး သံသယရှိသူ ငါးဦးကို ရဲများက ဖမ်းဆီးထားကြသည်။ ကြွေးမြီပြဿနာဖြစ်နေသည့် အုပ်စုနှစ်စုမှာ ဆာရီယာ အစ္စ တင်ယီပါ့ခ် ဈေးဝယ်စင်တာအတွင်းရှိ စားသောက်ဆိုင်တွင် ဆုံတွေ့ခဲ့ကြပြီး ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်းဖြစ်သည်။ အုပ်စုနှစ်စုစကားများကြရာမှတစ်ဆင့် ပစ်ခတ်မှုဖြစ်ပွားခဲ့ခြင်း ဖြစ်သည်။ အဆိုပါ အုပ်စုနှစ်စုတွင်ပါဝင်သည့် အာရပ်နွယ်ဖွား ဂျာမန်နိုင်ငံသားတစ်ဦးနှင့် စားသောက်ဆိုင်တွင် ထိုင်နေသည့် လက်ဘနွန် အမျိုးသားတစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့သည်။ ယင်းဖြစ်ရပ်နှင့်ပတ်သက်၍ မြို့တော်ဝန်နှင့် အာဏာပိုင်များက အသေးစိတ်ကြေညာခဲ့ခြင်းမရှိချေ။ ရဲတပ်ဖွဲ့က စုံစမ်းစစ်ဆေးရေးအဖွဲ့ တစ်ဖွဲ့ကို စေလွှတ်ထားပြီး အခင်းဖြစ်ပွားမှုကိုစုံစမ်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။ **ဆင်ဟွာ**

## ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၀ -၁၀-၂၀၂၂

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၀၂၅ | ၂၀၇၀ | ၂၀၆၅ | ၂၀၃၅ | ၂၀၇၀ | ၂၀၉၀ | ၂၀၈၀ | ၂၀၅၅ | ၂၁၅၀ | ၂၁၆၅ | ၂၀၆၅ | ၂၀၇၀ | ၂၁၀၅ | ၂၁၀၅ | ၂၁၁၀ | ၂၃၃၀ | ၂၇၃၅ |
| 95 Ron | ၂၀၇၅ | ၂၁၂၀ | ၂၁၂၀ | ၂၀၈၀ | ၂၁၂၀ | ၂၁၄၀ | ၂၁၂၅ | ၂၁၀၅ | ၂၂၀၀ | ၂၂၁၅ | ၂၁၁၀ | ၂၁၂၅ | ၂၁၅၅ | ၂၁၅၅ | ၂၁၆၀ | ၂၃၇၅ | ၂၈၂၀ |
| HSD (500 ppm) | ၂၈၀၅ | ၂၈၆၀ | ၂၈၅၅ | ၂၈၂၀ | ၂၈၅၅ | ၂၈၈၀ | ၂၈၇၅ | ၂၈၄၅ | ၂၉၅၅ | ၂၉၅၀ | ၂၈၅၀ | ၂၈၆၀ | ၂၈၉၅ | ၂၈၉၅ | ၂၈၉၅ | ၃၁၁၅ | ၃၄၁၅ |
| HSD (50 ppm) | ၂၈၉၀ | ၂၉၃၅ | ၂၉၃၀ | ၂၈၉၅ | ၂၉၃၀ | ၂၉၅၅ | ၂၉၅၀ | ၂၉၂၀ | ၃၀၃၀ | ၃၀၂၅ | ၂၉၂၅ | ၂၉၃၅ | ၂၉၇၀ | ၂၉၇၀ | ၂၉၇၀ | ၃၁၉၀ | ၃၄၅၀ |
| HSD (10 ppm) | ၂၈၉၀ | ၂၉၃၅ | ၂၉၃၀ | ၂၈၉၅ | ၂၉၃၀ | ၂၉၅၅ | ၂၉၅၀ | ၂၉၂၀ | ၃၀၃၀ | ၃၀၂၅ | ၂၉၂၅ | ၂၉၃၅ | ၂၉၇၀ | ၂၉၇၀ | ၂၉၇၀ | ၃၁၉၀ | ၃၄၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၁၉၂၆ | ၁၉၉၈ |
| 95 Ron | ၁၉၇၃ | ၂၀၄၆ |
| HSD (500 ppm) | ၂၆၉၁ | ၂၇၇၄ |
| HSD (50 ppm) | ၂၇၆၂ | ၂၈၄၇ |
| HSD (10 ppm) | ၂၇၆၂ | ၂၈၄၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၁၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

## မော်လိုက်မြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေး

**မော်လိုက် အောက်တိုဘာ ၉**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ ကိုဗစ်ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအား ကာကွယ်ဆေးများ ထိုးနှံပေးခြင်းကို အောက်တိုဘာ ၈ ရက် နံနက်ပိုင်းက မြို့တော်ခန်းမ၌ စနစ်တကျ ထိုးနှံပေးသည်။

ကိုဗစ်ကာကွယ်ဆေး ထိုးနှံရန် ကျန်ရှိသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအား ကာကွယ်ဆေးများ ထိုးနှံပေးရာ၌ နှစ်ကြိမ်ပြည့် ထိုးနှံပြီး (၆) လနှင့်အထက် ပြည့်ပြီးသူ ၁၀၅ ဦးတို့အား ထပ်ဆောင်းကာကွယ်ဆေး Booster Dose အနေဖြင့်လည်းကောင်း၊ ထပ်ဆောင်းကာကွယ်ဆေး Booster Dose ထိုးနှံပြီး သတ်မှတ်ကာလပြည့်ပြီးသည့် ပြည်သူ ၃၅ ဦးတို့အား Additional Booster Dose အနေဖြင့်လည်းကောင်း ထိုးနှံပေးသည်။



ထိုသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသည့် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူများအား ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးရာသို့ မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝဏ္ဏထွန်းနှင့် အဖွဲ့ဝင်များက သွားရောက် ကြည့်ရှုခဲ့ကြပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မော်လိုက်သားလေး**



## သာပေါင်းမြို့နယ်၌ နှာခေါင်းစည်းလှူပ်ရှားမှု ဆောင်ရွက်

**သာပေါင်း အောက်တိုဘာ ၉**

ဧရာဝတီတိုင်းဒေသကြီး သာပေါင်းမြို့နယ်၌ စည်ပင်သာယာရေးအဖွဲ့မှ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ခြင်းဆိုင်ရာ နှာခေါင်းစည်းလှုပ်ရှားမှုကို အောက်တိုဘာ ၈ ရက် နံနက်က ပြည်သူများ သွားလာစည်ကားရာ သီရိရွှေသာဈေး ဈေးတန်းများနှင့် ဈေးပတ်ဝန်းကျင်မှနေ၍ ဈေးရောင်း၊ ဈေးဝယ်သွားလာပြည်သူများအား နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးသည်။

အဆိုပါ လူထုလှုပ်ရှားမှု မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်ကျော်နှင့် ဝန်ထမ်းများက ပြည်သူများအား နှာခေါင်းစည်းအခု ၃၀၀ အခမဲ့ဖြန့်ဝေပေးကြကြောင်း သိရသည်။

**သာပေါင်း(ပြန်/ဆက်)**

## မံစီမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေး နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေ



**မံစီ အောက်တိုဘာ ၉**

ကချင်ပြည်နယ် မံစီမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူများ နေအိမ်ပြင်ပသို့ သွားလာပါက နှာခေါင်းစည်းများ တပ်ဆင်၍ သွားလာစေရန်အတွက် အောက်တိုဘာ ၇ ရက်က မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီနှင့် မြို့နယ်ဌာနဆိုင်ရာ ဝန်ထမ်းများ ပူးပေါင်း၍ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေပေးသည်။

အဆိုပါ နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေခြင်း လုပ်ငန်းကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီနှင့် မြို့နယ်ဌာနဆိုင်ရာဝန်ထမ်းများ ပူးပေါင်း၍ အဖွဲ့ သုံးဖွဲ့ခွဲကာ အလှည့်ကြစနစ်ဖြင့် အပတ်စဉ် တနင်္လာ၊ ဗုဒ္ဓဟူးနှင့် သောကြာနေ့များတွင် မံစီမြို့မဈေးရှေ့နှင့် ဈေးအတွင်း၌လည်းကောင်း၊ မြို့တွင်းလူစည်ကားရာ နေရာများနှင့် လမ်းဆုံလမ်းခွများ၌ လည်းကောင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုကို ကြိုတင်ကာကွယ်ရေးအတွက် ပြည်သူများ နေအိမ်ပြင်ပသို့ သွားလာပါက နှာခေါင်းစည်းများ မဖြစ်မနေ တပ်ဆင်ရမည်ဖြစ်၍ ပြည်သူများ မေ့လျော့ခြင်း မရှိစေရန်အတွက် နှာခေါင်းစည်းများ အခမဲ့ဖြန့်ဝေကာ အသိပညာပေးခြင်းလုပ်ငန်းကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၉၆ ဦး တွေ့ရှိ

## ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူ မရှိ

**(၉–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေး လုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာ စည်းကမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြုပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၈–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၉–၁၀–၂၀၂၂) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၈,၅၀၁) ခုအားစစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၉၆) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၂.၃၁) ရာခိုင်နှုန်း ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၁၇၅,၈၄၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၂၆,၄၅၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိ ကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁၅၆) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၀၀,၂၆၆) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်–၁၉ ရောဂါဖြင့် သေဆုံးသူမရှိပါသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၁၉,၄၆၇) ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၈–၁၀–၂၀၂၂) ရက်နေ့အထိ အသက် (၁၈) နှစ်နှင့်အထက် လူဦးရေစုစုပေါင်း (၃၀,၆၂၄,၂၁၉) ဦး နှင့် အသက် (၁၈) နှစ်အောက် လူဦးရေစုစုပေါင်း (၆,၆၅၇,၂၀၉) ဦး တို့အား ထိုးနှံထားရှိပြီးဖြစ်ပါသည်။

**ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှု**

**(၈–၁၀–၂၀၂၂ ရက်နေ့အထိ)**

| | |
|---|---|
| အသက် (၁၈) နှစ်နှင့်အထက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၃၀,၆၂၄,၂၁၉ |
| အသက် (၁၈) နှစ်အောက် ထိုးနှံထားသည့် လူဦးရေစုစုပေါင်း | ၆,၆၅၇,၂၀၉ |

မြန်မာနိုင်ငံတွင် (၂၈–၁–၂၀၂၂) ရက်နေ့မှ (၂၆–၉–၂၀၂၂) ရက်နေ့အထိ တွေ့ရှိရသော ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသူ စုစုပေါင်း (၁၄၅) ဦးရှိရာ ၎င်းတို့အနက် (၁၀၂) ဦး (၇၀ ရာခိုင်နှုန်း) မှာ ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါ စသည့်နာတာရှည်ရောဂါ အခံတစ်ခုခု ရှိသူများ ဖြစ်ကြပါသည်။ အဆိုပါ ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့် နာတာရှည်ရောဂါ ရောဂါအခံ ရှိသူများ၏ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံထားရှိမှု အခြေအနေများကို ဆန်းစစ်ချက်အရ သေဆုံးသူများ၏ (၈၁.၄) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးလုံးဝ ထိုးနှံထားခြင်းမရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိသူများဖြစ်ကြပြီး (၁၇.၂) ရာခိုင်နှုန်းမှာ ကာကွယ်ဆေးအကြိမ်ပြည့်ထိုး နှံထားရှိသူများနှင့် (၁.၄) ရာခိုင်နှုန်းမှာ ထပ်ဆောင်းကာကွယ်ဆေး ထိုးနှံထားသူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

**ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့် ရောဂါအခံရှိသူများ၏**
**ကာကွယ်ဆေးထိုးနှံထားရှိမှုအခြေအနေ**

| ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးသည့်ရောဂါအခံရှိသူများ၏ | | |
|---|---|---|
| ၈၁.၄ ရာခိုင်နှုန်းသည် | ၁၇.၂ ရာခိုင်နှုန်းသည် | ၁.၄ ရာခိုင်နှုန်းသည် |
| ကာကွယ်ဆေး လုံးဝထိုးနှံထားခြင်း မရှိသူများနှင့် ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားခြင်းမရှိ သူများ ဖြစ်ကြပါသည်။ | ကာကွယ်ဆေး အကြိမ်ပြည့် ထိုးနှံထားသူများဖြစ်ကြပါသည်။ | ထပ်ဆောင်း ကာကွယ်ဆေး ထိုးနှံထားသူများ ဖြစ်ကြပါသည်။ |

ကိုဗစ်–၁၉ ရောဂါကြောင့် သေဆုံးရသူ နာတာရှည်ရောဂါအခံရှိသူများ၏ မိသားစုဝင်များ ထံမှသိရှိချက်အရ အဆိုပါသေဆုံးရသူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးများထိုးနှံမှုကို ခံယူမှုမရရှိခဲ့ခြင်း၏ အဓိကအကြောင်းရင်းများမှာ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းဖြင့် မိမိတွင်ရှိနေသည့် နာတာရှည်ရောဂါအခံသည် ပိုမိုဆိုးရွားလာမည်ဟူသည့် လွဲမှားသော အယူအဆကြောင့် စိုးရိမ်စိတ်ဖြစ်ပေါ်၍ ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို လာရောက် မခံ ယူခြင်း၊ အသက်အရွယ်ကြီးရင့်မှုနှင့် နာတာရှည်ရောဂါအခံကြောင့် ကာကွယ်ဆေးထိုးစုရပ်များသို့ သွားရောက်ရန် အခက်ခဲရှိခြင်းတို့ကြောင့် ဖြစ်သည်ဟု သိရှိရပါသည်။

သို့ဖြစ်ပါ၍ ကိုဗစ်–၁၉ ရောဂါ ကူးစက်ခံရပါက အသက်အန္တရာယ်ဆုံးရှုံးနိုင်ခြေ ပိုမိုများပြားသည့် ဆီးချို၊ သွေးတိုး၊ နှလုံး၊ အသည်း၊ ကျောက်ကပ်၊ အဆုတ်၊ ကင်ဆာရောဂါစသည့် နာတာရှည်ရောဂါအခံတစ်ခုခု ရှိသူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို မပျက်မကွက်ခံယူကြပါရန်နှင့် ၎င်းတို့၏ မိသားစုဝင်များ၊ မိတ်ဆွေများမှလည်း အဆိုပါနာတာရှည်ရောဂါ အခံတစ်ခုခုရှိသူများအနေဖြင့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုများကို အကြိမ်ပြည့်ထိုးနှံမှုခံယူရေးနှင့် ထပ်ဆောင်းကာကွယ်ဆေးများကို မပျက်မကွက်ထိုးနှံမှုခံယူနိုင်ရေးအတွက် နီးစပ်ရာကာကွယ်ဆေးထိုးစုရပ်များ၊ ကျန်းမာရေးဌာနများ၊ ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးရုံးများနှင့် မပျက်မကွက်ဆက်သွယ်ဆောင်ရွက်ကြပါရန် တိုက်တွန်း အပ်ပါသည်။

ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက် စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

**ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ပြည့်ထိုးနှံမှု ခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာ ခံစားရမှုနှင့် ရောဂါကြောင့် သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။**

### ၉-၁၀-၂၀၂၂ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၉၈၅၄၉၂၄၆ | ၉၅၆၄၆၂၈၆ | ၁၀၈၇၈၇၃ |
| ၂။ | အိန္ဒိယ | ၄၄၆၁၂၀၁၃ | ၄၄၀၅၄၆၂၁ | ၅၂၈၇၉၉ |
| ၃။ | ပြင်သစ် | ၃၅၈၁၂၃၆၂၇ | ၃၄၇၆၀၉၆၂ | ၁၅၅၄၂၂ |
| ၄။ | ဘရာဇီး | ၃၄၇၆၂၈၆၀ | ၃၃၉၀၅၁၂၀ | ၆၈၆၈၉၅ |
| ၅။ | ဂျာမနီ | ၃၃၉၄၈၆၃၂ | ၃၂၅၇၈၆၀၀ | ၁၅၀၅၃၅ |
| ၆။ | တောင်ကိုရီးယား | ၂၄၉၇၀၇၈၉ | ၂၄၄၇၄၃၂၂ | ၂၈၆၇၅ |
| ၇။ | ဗြိတိန် | ၂၃၇၃၅၂၇၃ | ၂၃၃၈၃၈၀၇ | ၁၉၀၈၈၈ |
| ၈။ | အီတလီ | ၂၂၇၈၁၂၉၃ | ၂၂၁၀၆၃၁၈ | ၁၇၇၄၇၈ |
| ၉။ | ဂျပန် | ၂၁၅၃၉၃၁၉ | ၂၀၄၂၈၆၅၅ | ၄၅၄၆၁ |
| ၁၀။ | ရုရှား | ၂၁၂၀၃၃၃၂ | ၂၀၄၁၄၂၂၄ | ၃၈၈၁၉၉ |

### ၉-၁၀-၂၀၂၂ အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| ဗီယက်နမ် | ၁၁၄၈၆၄၁၄ | ၁၀၅၉၆၃၃၆ | ၄၃၁၅၃ |
| အင်ဒိုနီးရှား | ၆၄၄၄၉၄၈ | ၆၂၇၀၅၃၅ | ၁၅၈၂၀၅ |
| မလေးရှား | ၄၈၅၃၅၂၃ | ၄၇၉၄၀၀၄ | ၃၆၃၉၈ |
| ထိုင်း | ၄၆၈၂၁၃၂ | ၄၆၄၂၈၉၄ | ၃၂၇၇၁ |
| ဖိလစ်ပိုင် | ၃၉၆၇၈၆၁ | ၃၈၇၈၂၄၀ | ၆၃၂၆၄ |
| စင်ကာပူ | ၁၉၄၈၄၀၂ | ၁၈၅၇၅၃၆ | ၁၆၂၉ |
| မြန်မာ | ၆၂၆၄၅၈ | ၆၀၀၂၆၆ | ၁၉၄၆၇ |
| ဘရူနိုင်း | ၂၂၇၇၅၆ | ၂၂၂၁၄၀ | ၂၂၅ |
| လာအို | ၂၁၅၉၉၅ | ၂၀၈၃၄၄ | ၇၅၈ |
| ကမ္ဘောဒီးယား | ၁၃၇၉၂၇ | ၁၃၄၇၉၉ | ၃၀၅၆ |

# အစုရှယ်ယာအရောင်း/အဝယ် အမှာစာများ ပေးပို့ခြင်း

**ပြည့်ဖြိုးအောင် (စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန)**

မိမိတို့နိုင်ငံ၌ စတော့အိတ်ချိန်းတစ်ခု ဖွင့်လှစ်ပြီး နောက်ပိုင်းမှအစပြု၍ ယခုအချိန်ထိတိုင်အောင် ဈေးကွက်နှင့် အကျွမ်းတဝင်မရှိကြသေးသည့် အစုရှယ်ယာအရောင်းအဝယ် စတင်ပြုလုပ်မည့်သူများနှင့် ရင်းနှီးမြှုပ်နှံမှုပြုလုပ်လိုသူများ အနေဖြင့် မကြာခဏ မေးမြန်းစုံစမ်းလေ့ရှိကြသည့် မေးခွန်းများမှာ **"အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ (Public Company) များ၏ အစုရှယ်ယာများကို မည်ကဲ့သို့ ဝယ်ယူရမည်နည်း"၊ "စတော့အိတ်ချိန်းသို့ လူကိုယ်တိုင် လာရောက်၍ ဝယ်ယူလို့ရပါသလား"၊ "အများနှင့် သက်ဆိုင်သည့်ကုမ္ပဏီများတွင် မိမိတို့ပိုင်ဆိုင်ထားသည့် အစုရှယ်ယာများအား မည်ကဲ့သို့ပြန်လည်ရောင်းချရမည်နည်း"** တို့ ဖြစ်ပါသည်။ စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများ အရောင်းအဝယ်ပြုလုပ်လိုလျှင် စတော့အိတ်ချိန်းသို့ လူကိုယ်တိုင်လာရောက်ပြီး တိုက်ရိုက်ရောင်းဝယ်၍ မရနိုင်ပါ။ စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများကို အရောင်းအဝယ်ပြုလုပ်နိုင်ရန် ကြားခံအဖွဲ့အစည်းများဖြစ်သည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ (Securities Company) များ၌ ငွေချေးသက်သေခံလက်မှတ်စာရင်း (Securities Account) တစ်ခုဖွင့်လှစ်ရပါသည်။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် ငွေချေးသက်သေခံလက်မှတ်စာရင်း ဖွင့်လှစ်ရန် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီသို့သွားရောက်ဖွင့်လှစ်နိုင်ပြီး Online မှတစ်ဆင့်လည်း ဖွင့်လှစ်နိုင်ပါသည်။

ထို့နောက် တယ်လီဖုန်းဖြင့်ဖြစ်စေ၊ မိုဘိုင်း Application ဖြင့်ဖြစ်စေ ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများထံ ဆက်သွယ်၍ စတော့အိတ်ချိန်းသို့ အရောင်း/ အဝယ် အမှာစာများပေးပို့ကြရပြီး အရောင်းအဝယ်ပြုလုပ်ကြရပါသည်။

စာရင်းဝင်ကုမ္ပဏီများ၏ အစုရှယ်ယာများ အရောင်းအဝယ်ပြုလုပ်နိုင်ရန် ကော်မရှင်က လုပ်ငန်းလုပ်ကိုင်ခွင့်လိုင်စင်ခွင့်ပြုထားသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီ ခြောက်ခုရှိပြီး ယင်းတို့၏ သတင်းအချက်အလက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**ကော်မရှင်က လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ခွင့်ပြုထားသည့် ငွေချေးသက်သေခံလက်မှတ်ကုမ္ပဏီများ**

| လိုင်စင်အမှတ် | ကုမ္ပဏီအမည် | | လိုင်စင်ခွင့်ပြုသည့်နေ့ |
|---|---|---|---|
| နံပါတ်-၀၀၁ | KBZSC | KBZ Stirling Coleman Securities Ltd. | ၂၆-၂-၂၀၁၆ |
| နံပါတ်-၀၀၂ | MSEC | Myanmar Securities Exchange Centre Co. Ltd. | ၂၆-၂-၂၀၁၆ |
| နံပါတ်-၀၀၃ | AYAtrust | AYAtrust Securities Ltd. | ၁-၃-၂၀၁၆ |
| နံပါတ်-၀၀၄ | CB SECURITIES | CB Securities Ltd. | ၁-၃-၂၀၁၆ |
| နံပါတ်-၀၀၅ | KTzRH | KTZRH Securities Ltd. | ၁-၃-၂၀၁၆ |
| နံပါတ်-၀၀၆ | uab securities | UAB Securities Ltd. | ၂၀-၁၁-၂၀၁၆ |

ဓာတ်မြစ်။ ငွေချေးသက်သေခံလက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင်ရုံး

### ဈေးကွက်ပေါက်ဈေးအမှာစာနှင့် ကန့်သတ်ဈေးနှုန်းအမှာစာ

အစုရှယ်ယာများကို အရောင်း/ အဝယ်ပြုလုပ်မည်ဆိုလျှင်ဈေးကွက်ပေါက်ဈေးအမှာစာ (Market Order) နှင့် ကန့်သတ်ဈေးနှုန်းအမှာစာ (Limit Order) ဟူ၍ နှစ်မျိုးရှိသည့်အတွက် မပေးပို့မီ ဈေးကွက်အခြေအနေကို ကြည့်ရှုလေ့လာ၍ မည်ကဲ့သို့သော အမှာစာအမျိုးအစားကို ပေးပို့ရမည်ကို စဉ်းစားဆုံးဖြတ်လေ့ရှိပါသည်။

သို့ဖြစ်ပါ၍ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် အမြင့်ဆုံးနှင့် အနိမ့်ဆုံး ဈေးနှုန်းသတ်မှတ်ချက်အတွင်းရှိ မည်သည့်ဈေးနှုန်းနှင့်မဆို **"ကန့်သတ်ဈေးနှုန်းအမှာစာ (Limit Order)"** ကို ပေးပို့နိုင်သကဲ့သို့ အစုရှယ်ယာများကို အရောင်းဖြစ်စေ၊ အဝယ်ဖြစ်စေ ဦးစားပေးရရှိခြင်းခံရမည့် ဈေးနှုန်းသတ်မှတ်စရာမလိုအပ်သည့် **"ဈေးကွက်ပေါက်ဈေးအမှာစာ (Market Order)"** ကိုလည်း အဆိုပြုပေးပို့နိုင်ပါသည်။

**အစုရှယ်ယာတစ်စောင်၏ အခြေခံဈေးနှုန်းဆိုသည်မှာ**

ဈေးကွက်ပေါက်ဈေးအမှာစာ (Market Order) နှင့် ကန့်သတ်ဈေးနှုန်းအမှာစာ (Limit Order) ကို မစဉ်းစားမီ အစုရှယ်ယာတစ်ခု၏ **အခြေခံဈေးနှုန်းကို**လည်း သိရှိထားသင့်သည်။ နေ့စဉ် အစုရှယ်ယာဈေးကွက်စတင်ဖွင့်လှစ်သည့်အချိန်တွင် ကုမ္ပဏီတစ်ခု၏ အခြေခံဈေးနှုန်းကို စတင်တွေ့မြင်ရမည်ဖြစ်ပါသည်။ ဈေးကွက်ရှိ အစုရှယ်ယာတစ်စောင်၏ အခြေခံဈေးနှုန်း (Base Price) ဆိုသည်မှာ အရောင်းအဝယ်ပြုလုပ်သည့် နေ့ရက်တစ်ရက်အတွင်း အစုရှယ်ယာဈေးနှုန်းများကို အရောင်းအဝယ်ကိုက်ညီသည့်အချိန် (Matching Time) များရှိ အမြင့်ဆုံးဈေးနှုန်း (Upper Limit Price) နှင့် အနိမ့်ဆုံးဈေးနှုန်း (Lower Limit Price) သတ်မှတ်ချက်ကို တွေ့မြင်ဆုံးဖြတ်နိုင်ရန်အတွက်သာ ဖြစ်ပါသည်။ လက်ရှိအချိန်တွင် ရန်ကုန်စတော့အိတ်ချိန်း၌ တစ်ရက်လျှင် **Matching Time** ခုနစ်ကြိမ်ရှိသည့်အတွက် အစုရှယ်ယာတစ်စောင်၏ အခြေခံဈေးနှုန်း **(Base Price)** ခုနစ်ကြိမ်ရှိမည်ဖြစ်ပါသည်။ အဆိုပါအခြေခံဈေးနှုန်းသည် အစုရှယ်ယာတစ်စောင်ကို ကြိုတင်သတ်မှတ်ထားသော သို့မဟုတ် ကြိုတင်မျှော်မှန်း၍ အရောင်းအဝယ်ဖြစ်မည့်ဈေးနှုန်းဟု အဓိပ္ပာယ်မသက်ရောက်ပါ။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မိမိတို့ အရောင်း/ အဝယ်ပြုလုပ်လိုသည့် အဆိုပြုဈေးနှုန်းတစ်ခုကို မှန်းဆမှုအား အထောက်အကူပြုနိုင်စေရန် လွယ်ကူစေသည့်သဘောပင် ဖြစ်ပါသည်။

> ❒ **လက်ရှိအချိန်တွင် ရန်ကုန်စတော့အိတ်ချိန်း၌ တစ်ရက်လျှင်** Matching Time **ခုနစ်ကြိမ်ရှိသည့်အတွက် အစုရှယ်ယာတစ်စောင်၏ အခြေခံဈေးနှုန်း** (Base Price) **ခုနစ်ကြိမ်ရှိမည်ဖြစ်ပါသည်။ အဆိုပါအခြေခံဈေးနှုန်းသည် အစုရှယ်ယာတစ်စောင်ကို ကြိုတင်သတ်မှတ်ထားသော သို့မဟုတ် ကြိုတင်မျှော်မှန်း၍ အရောင်းအဝယ်ဖြစ်မည့်ဈေးနှုန်းဟု အဓိပ္ပာယ်မသက်ရောက်ပါ။ ရင်းနှီးမြှုပ်နှံသူများအနေဖြင့် မိမိတို့ အရောင်း/ အဝယ်ပြုလုပ်လိုသည့် အဆိုပြုဈေးနှုန်းတစ်ခုကို မှန်းဆမှုအား အထောက်အကူပြုနိုင်စေရန် လွယ်ကူစေသည့်သဘောပင် ဖြစ်ပါသည်**

ထို့ပြင် စတော့အိတ်ချိန်း၏ အဆိုပြုထားသည့် အစုရှယ်ယာဈေးနှုန်းများကို ဖြစ်မြောက်အောင် စီမံလုပ်ဆောင်သည့်စနစ် **(Price Execution System)** များဖြစ်သည့် **ဈေးနှုန်းဦးစားပေး (Price Priority)** နှင့် **အချိန်ဦးစားပေး (Time Priority)** နည်းလမ်းနှစ်ခုကိုလည်း ကြိုတင်သဘောပေါက်နားလည်ထားလျှင် ပို၍ကောင်းမွန်ပေမည်။

- ဈေးကွက်ပေါက်ဈေးအမှာစာ **(Market Price Order)** သမားများ အဆိုပြုထားသည့် အစုရှယ်ယာဈေးနှုန်းကို ဈေးနှုန်းဦးစားပေးနည်းလမ်း **(Price Priority)** ဖြင့် စတော့အိတ်ချိန်းသို့ အမှာစာရောက်ရှိချိန် ပို၍အချိန်စောသည့် အမှာစာများကို စီစဉ်တကျ ပထမဦးစားပေး စီမံဆောင်ရွက်ပြီး အရောင်း/ အဝယ် အမှာစာများ အနက် ပို၍ဈေးနှုန်းများသူကို ဆက်လက်စီမံဆောင်ရွက်ပါသည်။
- ထို့နောက် ကန့်သတ်ဈေးနှုန်းအမှာစာ **(Limit Order)** များကို စတော့အိတ်ချိန်းသို့ အမှာစာရောက်ရှိချိန် ပို၍အချိန်စောသည့်အမှာစာများကို စီစဉ်တကျ အမှာစာ လက်ခံရရှိသည့်အချိန်ကို ဦးစားပေးနည်းလမ်း **(Time Priority Method)** ဖြင့် ဆက်လက်၍ စီမံဆောင်ရွက်ပါသည်။

### ဈေးကွက်ပေါက်ဈေးအမှာစာ

ဈေးကွက်ပေါက်ဈေးအမှာစာကို ရွေးချယ်သတ်မှတ်၍ ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများကို ရောင်းချရန် (သို့မဟုတ်) ဝယ်ယူရန် အရောင်း/ အဝယ်အမှာစာကို ပေးပို့မည်ဆိုပါက အောက်ပါအချက်များကို သိရှိထားသင့်ပါသည်-

- ဈေးကွက်ပေါက်ဈေးအမှာစာသည် အစုရှယ်ယာတစ်စောင်၏ဈေးနှုန်းကို သတ်မှတ်စရာမလိုဘဲ တစ်ရက်တာအတွင်း အစုရှယ်ယာဈေးနှုန်းများကို အရောင်းအဝယ် ကိုက်ညီသည့်အချိန် **(Matching Time)** များတွင် ဖြစ်မြောက်စေသည့် ဈေးကွက်ပေါက်ဈေးဖြင့် အရောင်း/ အဝယ်ပြုလုပ်မည်ဖြစ်ကြောင်း အဆိုပြုသတ်မှတ်ထားသည်ဟု အလွယ်တကူ နားလည်နိုင်ပါသည်။
- သဘောတရားမှာ ဈေးကွက်အတွင်း ဝယ်လိုအားနှင့် ရောင်းလိုအားအပေါ်မူတည်၍ ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာဈေးနှုန်းများကို ကိုက်ညီမည်ဖြစ်၍ အရောင်းအဝယ်ပြုလုပ်သူတစ်ဦးသည် ဈေးကွက်ပေါက်ဈေးအမှာစာဖြင့် အဝယ် (သို့မဟုတ်) အရောင်းအမှာစာ ပေးပို့ထားပါက အစုရှယ်ယာဈေးနှုန်းများကို အရောင်းအဝယ်ကိုက်ညီသည့် အချိန် **(Matching Time)** တွင် ဖြစ်စေမည့် အတက်ဈေးနှုန်း (သို့မဟုတ်) အကျဈေးနှုန်း၊ မည်သည့်ဈေးနှုန်းနှင့်မဆို အဝယ်/ အရောင်း ပြုလုပ်ရမည်ဖြစ်ပါသည်။
- သို့ဖြစ်ရာ အစုရှယ်ယာရောင်းချသူ **(Seller)** ဘက်က ကြည့်လျှင် မိမိရောင်းချလိုသည့် ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများကို အတက်ဈေးနှုန်းဖြင့် ရောင်းချနိုင်သကဲ့သို့ အကျဈေးနှုန်းဖြင့် ရောင်းချမိခြင်းကိုလည်း ဖြစ်စေနိုင်ပါသည်။
- အစုရှယ်ယာဝယ်ယူသူ **(Buyer)** ဘက်ကကြည့်လျှင်လည်း မိမိဝယ်ယူလိုသည့်ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများကို အကျဈေးနှုန်းဖြင့် ရရှိနိုင်သကဲ့သို့ အတက်ဈေးနှုန်းဖြင့် ဝယ်ယူရရှိခြင်းမျိုးလည်း ဖြစ်စေနိုင်ပါသည်။

ဈေးကွက်ပေါက်ဈေးအမှာစာ **(Market Order)** ဖြင့် ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာများကို အရောင်း/ အဝယ်ပြုလုပ်သူသည် အစုရှယ်ယာဈေးနှုန်းများကို အရောင်းအဝယ်ကိုက်ညီသည့် အချိန် **(Matching Time)** တွင် ဦးစားပေးရွေးချယ်ခံရမည်ဖြစ်၍ မိမိတို့ အရောင်း/ အဝယ်ပြု လုပ်လိုသည့် အစုရှယ်ယာများကို အဦးဆုံး ပြုလုပ်စေမည်ဖြစ်ပြီး အတက်ဈေးနှုန်း (သို့မဟုတ်) အကျဈေးနှုန်းဖြင့် ရရှိစေမည်ဖြစ်၍ အရောင်း/ အဝယ်ပြုလုပ်ခြင်းမှ ဆုံးရှုံးနိုင်ခြေများကိုလည်း ဖြစ်စေနိုင်ပါသည်။

### ကန့်သတ်ဈေးနှုန်းအမှာစာ

**ကန့်သတ်ဈေးနှုန်းအမှာစာ**ကို ရွေးချယ်သတ်မှတ်၍ အရောင်း/ အဝယ်အမှာစာကို ပေးပို့မည်ဆိုပါက အောက်ပါတို့ကို သိရှိထားသင့်ပါသည်-

- ကန့်သတ်ပေါက်ဈေးအမှာစာ၏ သဘောတရားမှာ တစ်ရက်တာအတွင်း ကုမ္ပဏီတစ်ခု၏ အစုရှယ်ယာဈေးနှုန်းများကို အရောင်းအဝယ်ကိုက်ညီသည့် အချိန် (Matching Time) များတွင် ဈေးကွက်ပေါက်ဈေး (Market Price) မည်မျှပင်ရှိနေပါစေ မိမိအလိုရှိသည့် ဈေးနှုန်း (သို့မဟုတ်) မိမိအတွက် ပိုမိုကောင်းမွန်စေမည့် ထိုထက်ပို၍ အလေးပေးသော (Favourable) ဈေးနှုန်းများဖြင့်သာ အရောင်း/ အဝယ်ပြုလုပ်မည်ဟူ၍ အဆိုပြုသတ်မှတ်ထားသည်ဟု အလွယ်တကူ မှတ်ယူနိုင်ပါသည်။
- သို့ဖြစ်၍ ဈေးကွက်ရှိ အစုရှယ်ယာဈေးနှုန်းများကို အရောင်းအဝယ်ကိုက်ညီသည့်အချိန် **(Matching Time)** များတွင် အများအားဖြင့် မိမိအလိုရှိသည့် ဈေးနှုန်းနှင့် ကိုက်ညီမှုမရှိလျှင် အရောင်း/အဝယ် ဖြစ်မည် မဟုတ်ပါ။
- သို့ရာတွင် အစုရှယ်ယာရောင်းချသူ **(Seller)** ဘက်ကကြည့်လျှင် တစ်ခါတစ်ရံ အစုရှယ်ယာဈေးနှုန်းများကို အရောင်းအဝယ်ကိုက်ညီသည့် အချိန် **(Matching Time)**တွင် ဖြစ်သည့် အစုရှယ်ယာဈေးနှုန်းသည် မိမိသတ်မှတ်ကန့်သတ်ထားသည့် အမှာစာဈေးနှုန်းထက် ပိုမို၍ ဈေးများသည့် အခါတွင် မိမိအလိုရှိသည့်ဈေးနှုန်းထက်များသော **Matching Price** ဖြင့် ရရှိခြင်းမျိုးကို ဖြစ်စေတတ်ပါသည်။ သို့သော် **Matching Price** သည် **Limit Order Price** ထက်နည်းလျှင်မူ မိမိရောင်းချလိုသည့် အစုရှယ်ယာများသည် ရောင်းမထွက်နိုင်ခြင်းမျိုးလည်း ဖြစ်နိုင်ပါသည်။
- အစုရှယ်ယာဝယ်ယူသူ **(Buyer)** ဘက်က ကြည့်လျှင်လည်း တစ်ခါတစ်ရံ အစုရှယ်ယာ ဈေးနှုန်းများကို အရောင်းအဝယ်ကိုက်ညီသည့်အချိန် **(Matching Time)** တွင် အစုရှယ်ယာဈေးနှုန်းသည် မိမိသတ်မှတ်ကန့်သတ်ထားသည့် အမှာစာဈေးနှုန်းထက်

*စာမျက်နှာ ၁၇ သို့*

# ပေါင်းဆန်နှင့် ဆန်ဖြူ အဆင့်မြင့်ကြိတ်ခွဲထုတ်လုပ်မှုနှင့် စက်မှုလယ်ယာဝန်ဆောင်မှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ကြည့်ရှုစစ်ဆေး

**နေပြည်တော် အောက်တိုဘာ ၉**

နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ Myanmar Agribusiness Public Corporation (MAPCO) လီမိတက်၏ ပေါင်းဆန်နှင့် ဆန်ဖြူ အဆင့်မြင့်ကြိတ်ခွဲထုတ်လုပ်မှုလုပ်ငန်း၊ စက်မှုလယ်ယာအငှားလိုက်ဝန်ဆောင်မှုလုပ်ငန်းနှင့် အကျိုးတူကန်ထရိုက်လယ်ယာလုပ်ငန်း ဆောင်ရွက်နေမှုများကို နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးတင်ဦးလွင်၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက အောက်တိုဘာ ၈ ရက်က ကွင်းဆင်းကြည့်ရှုသည်။

**ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုအားပေး**

နေပြည်တော်ကောင်စီဥက္ကဋ္ဌက နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးနှင့် မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေကြောင်း၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်လျက်ရှိသလို ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်နိုင်ရေး၊ အရည်အသွေးကောင်းပြီး တာဝန်ယူမှုရှိသော ရင်းနှီးမြှုပ်နှံမှုများကို ကြိုဆိုအားပေးနိုင်ရေးကိုလည်း အလေးပေးဆောင်ရွက်နေပါကြောင်း၊ လက်ရှိတွင် နေပြည်တော်အတွင်း ခွင့်ပြုထားသည့် နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၄ ခု၊ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၂၈ ခု အနက် MAPCO လီမိတက်၏ ပေါင်းဆန်နှင့် ဆန်ဖြူ အဆင့်မြင့် ကြိတ်ခွဲထုတ်လုပ်မှုလုပ်ငန်း၊ စက်မှုလယ်ယာ အငှားလိုက်ဝန်ဆောင်မှုလုပ်ငန်းနှင့် အကျိုးတူကန်ထရိုက်လယ်ယာလုပ်ငန်းသည် တစ်ခုအပါအဝင်ဖြစ်ကြောင်း၊ MAPCO က ဆောင်ရွက်နေသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းသည် နိုင်ငံတော်က ဦးစားပေးမြှင့်တင်ဆောင်ရွက်နေသည့် လုပ်ငန်းများတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း ပြောကြားသည်။

**ဆောင်ရွက်မည့်လုပ်ငန်းစဉ်များ**

ထို့နောက် MAPCO လီမိတက်မှ မန်နေးဂျင်းဒါရိုက်တာ ဦးရဲမင်းထွန်းက စပါးခွံမှ လျှပ်စစ်ထုတ်လုပ်နိုင်ရေးကိစ္စရပ်များနှင့် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြခဲ့ပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် ဌာနဆိုင်ရာများက ပေါင်းဆန်နှင့်ဆန်ဖြူ အဆင့်မြင့်ကြိတ်ခွဲ ထုတ်လုပ်မှုလုပ်ငန်း၊ စက်မှုလယ်ယာအငှားလိုက်ဝန်ဆောင်မှုလုပ်ငန်းနှင့် အကျိုးတူကန်ထရိုက်လယ်ယာလုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုခဲ့သည်။



**ခရိုင်(ပြန်/ဆက်)**

# နဂါးပွက်တောင်ဈေးဆိုင်တန်းမှ ဈေးသည်များ ရွှေစက်တော်ဘုရားပွဲတော်ရာသီတွင် ဈေးရောင်းကောင်းရန်မျှော်လင့်



**မင်းဘူး အောက်တိုဘာ ၉**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ နဂါးပွက်တောင် ဈေးဆိုင်တန်းမှ ဈေးသည်များမှာ ရွှေစက်တော် ဘုရားပွဲတော်ရာသီတွင် ဈေးရောင်းကောင်းရန် မျှော်လင့်နေကြောင်း ဒေသထွက်ကုန်ပစ္စည်းများ ရောင်းချသူ ဈေးသည်များထံမှ သိရသည်။

**လက်မလည်အောင် ရောင်းချခဲ့ရ**

မင်းဘူး(စကု)မြို့နယ်၌ တန်ခိုးကြီးဘုရားများနှင့် အထင်ကရနေရာများ၊ လည်ပတ်လေ့လာစရာနေရာအများအပြားရှိသည့်အပြင် ဒေသထွက်ပစ္စည်းများပါပေါများသဖြင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများနှင့် လာရောက်အပန်းဖြေလေ့လာသူ များပြားသည်။ ရွှေစက်တော်ဘုရားပွဲတော် ရာသီဖြစ်သော တပို့တွဲ လဆန်း ၅ ရက်မှ မြန်မာနှစ်ဆန်း ၁ ရက်နေ့အထိ အနယ်နယ်အရပ်ရပ်မှ ခရီးသွားပြည်သူများ စည်ကားလှသဖြင့် ဒေသထွက်ကုန်ပစ္စည်းများ ရောင်းချသူဈေးသည်များလည်း လက်မလည်အောင် ရောင်းချကြရသည်။


ယခုအချိန်တွင်မူ ဘုရားပွဲတော်ရာသီမရောက်သေးသဖြင့် ဈေးရောင်းအားကျဆင်းနေကြောင်း မင်းဘူး(စကု)မြို့နယ်၏ ဒေသထွက်ကုန် ပစ္စည်းများဖြစ်သော ပဲပွကြော်၊ ပဲရှုကြော်၊ ပါပလာ၊ လယ်ကိုင်းမရွှေး၊ သစ်ဥ၊ သစ်ဖု၊ ဆေးမြစ်များ၊ ဝက်မြေဥနှင့် သနပ်ခါးတုံးများအပြင် ရွှေစက်တော်အမှတ်တရ အင်္ကျီများပါ ရောင်းချသူတစ်ဦးထံမှ သိရသည်။

**ဇေယျာထက်(မင်းဘူး)**

*စာမျက်နှာ ၁၆ မှ*

ပို၍နည်းသည့်အခါတွင် မိမိ၏ အလိုရှိသည့် ဈေးနှုန်းထက်နည်းသော **Matching Price** ဖြင့် ရရှိခြင်းမျိုးကိုလည်း ဖြစ်စေတတ်ပါသည်။ သို့သော် **Matching Price** သည် **Limit Order** Price ထက်များနေလျှင်မူ မိမိဝယ်ယူလိုသည့် အစုရှယ်ယာများကို ဝယ်ယူရရှိနိုင်မည်မဟုတ်ပေ။ အထက်ဖော်ပြပါအတိုင်း ကန့်သတ်ဈေးနှုန်းအမှာစာ (**Limit Order**) ဖြင့် အစုရှယ်ယာ အရောင်း/အဝယ်ပြုလုပ်သူသည် အစုရှယ်ယာဈေးနှုန်းများကို အရောင်းအဝယ်ကိုက်ညှိချိန် (**Matching Time**) တွင် ဈေးကွက်ပေါက်ဈေးအမှာစာ (**Market Order**) ၏ နောက်မှသာ ရွေးချယ်ခံရမည်ဖြစ်၍ အရောင်း/အဝယ်ပြုလုပ်လိုသည့်အစုရှယ်ယာများကို ဈေးကွက်ပေါက်ဈေးအမှာစာ (**Market Order**)တွင်ရှိသော

**အရောင်းအဝယ်အမှာစာပေးပို့သည့်ပုံစံ**




**အရောင်းအဝယ်ဖြစ်မြောက်သည့်ပုံစံ**

(Before matching time)

| Cumulative Sell order | No. of Sell order | Price | No. of buy order | Cumulative order |
|---|---|---|---|---|
| | 80 | Market order | 200 | |
| 472 | 10 | 44,000 | 30 | 230 |
| 462 | 45 | 43,000 | 40 | 270 |
| 417 | 80 | 42,000 | 52 | 322 |
| 337 | 55 | 41,000 | 16 | 338 |
| 282 | 96 | 40,000 | 8 | 346 |
| 186 | 44 | 39,500 | 100 | 446 |
| 142 | 32 | 39,000 | 80 | 526 |
| 110 | 20 | 38,500 | 52 | 578 |
| 90 | 10 | 38,000 | 25 | 603 |

(Matching result) Price: 41,000, Volume: 337 shares

| Cumulative Sell order | No. of Sell order | Price | No. of buy order | Cumulative order |
|---|---|---|---|---|
| | | Market order | | |
| 135 | 10 | 44,000 | | |
| 125 | 45 | 43,000 | | |
| 80 | 80 | 42,000 | | |
| | | 41,000 | 1 | 1 |
| | | 40,000 | 8 | 9 |
| | | 39,500 | 100 | 109 |
| | | 39,000 | 80 | 189 |
| | | 38,500 | 52 | 241 |
| | | 38,000 | 25 | 266 |

အစုရှယ်ယာများကုန်ဆုံးသွားမှသာ ရရှိနိုင်မည်ဖြစ်ပြီး အရောင်း/ အဝယ် ပြုလုပ်ခြင်းမဖြစ်ပေါ်မည့် ဆုံးရှုံးနိုင်ခြေသည် နည်းပါးလှပါသည်။

ထို့ကြောင့် အကယ်၍သာ အစုရှယ်ယာအရောင်း/အဝယ်ပြုလုပ်သူများအနေဖြင့် ဈေးကွက်ပေါက်ဈေးအမှာစာအဖြစ် အဆိုပြုသတ်မှတ်ထားသော်လည်း ယင်းအရောင်း/ အဝယ် အမှာစာသည် အခြေခံဈေးနှုန်း (Base Price) ၌သာ အမြဲတမ်းအရောင်းအဝယ်ဖြစ်မည်ဟု မှတ်ယူ၍မရနိုင်ပါ။ ဝယ်လိုအားနှင့် ရောင်းလိုအားပေါ်မူတည်၍ အမြင့်ဆုံးနှင့် အနိမ့်ဆုံးဈေးနှုန်းသတ်မှတ်ချက်အတွင်းရှိ ဈေးနှုန်းတစ်ရပ်ရပ်၌သာ အရောင်းအဝယ်ဖြစ်စေမည်ဖြစ်ပါသည်။


**ပမာဏအများအပြား အရောင်းအဝယ် ဆောင်ရွက်ခြင်းအတွက် အမှာစာ**

ဈေးကစားခြင်း၊ ဈေးကွက်အား ကြိုးကိုင်ချယ်လှယ်ခြင်းများမရှိစေရန် ရန်ကန်စတော့အိတ်ချိန်းအရောင်းအဝယ်စနစ်၌ ပုံမှန်အရောင်းအဝယ်များကို အစုရှယ်ယာအရေအတွက် ၁၀၀၀၀ အထိသာပြုလုပ်နိုင်ပါသည်။ ဈေးကွက်တွင် အရောင်းအဝယ်ဆောင်ရွက်မှု ပိုမိုသွက်လက်လာစေရန်အတွက် ပမာဏအများအပြား အရောင်းအဝယ်ဆောင်ရွက်ခြင်းအတွက် ယခင်သတ်မှတ်ချက်ဖြစ်သော အစုရှယ်ယာစောင်ရေ ၁၀၀၀၀ နှင့်အထက် အစား ၁-၉-၂၀၂၂ ရက်မှစတင်၍ အစုရှယ်ယာ စောင်ရေ ၁၀၀၀၀ သို့မဟုတ် အစုရှယ်ယာရောင်းဝယ်မှုတန်ဖိုး ကျပ်သန်း ၃၀ ဟူ၍ ပြင်ဆင်သတ်မှတ်ခဲ့ပါသည်။ ရောင်းသူနှင့် ဝယ်သူအကြား ညှိနှိုင်းသတ်မှတ်ဈေးနှုန်းကို ဈေးကွက်ပေါက်ဈေးနှုန်း၏ အထက်/အောက် ၅ ရာခိုင်နှုန်းထက်မပိုစေဘဲ ရောင်းဝယ်နိုင်မည်ဖြစ်ပြီး အမှာစာကို Fax သို့မဟုတ် E-mail ဖြင့်ပေးပို့နိုင်ပါသည်။

သို့ဖြစ်ပါ၍ အစုရှယ်ယာများ အရောင်း/ အဝယ်ပြုလုပ်ခြင်းနှင့်စပ်လျဉ်းသည့် အမှာစာအမျိုးအစားများနှင့် သဘောသဘာဝများကို သိရှိပြီးနောက် ဈေးကွက်အတွင်း လွယ်ကူလျင်မြန်စွာ ဝယ်ယူရောင်းချခြင်းများ ပြုလုပ်နိုင်ပါစေကြောင်းနှင့် မြန်မာနိုင်ငံ အရင်းအနှီးဈေးကွက် ဖွံ့ဖြိုးတိုးတက်လာစေရေး မှန်းဆရည်ရွယ်ကာ တင်ပြအပ်ပါသည်။

**ရည်ညွှန်း** – **www.ysx-mm.com**
**www.secm.gov.mm**

**ပမာဏအများအပြား အရောင်းအဝယ်ဆောင်ရွက်သည့်ပုံစံ**



# မရှိမဖြစ်

ဆရာမဲဇာ

**ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနအနေဖြင့် ပြည်တွင်းစားသောက်ကုန်များသာမက ပြည်ပမှ တင်သွင်းလာသည့် စားသောက်ကုန်များကိုလည်း ဈေးကွက်မတင်မီကတည်းက စိစစ်ပေးလျက်ရှိရာတွင် အစားအသောက်ထုတ်လုပ်ခြင်း ထောက်ခံချက်ရရှိသည့် အစားအသောက် လုပ်ငန်းပေါင်း ၁၀၅၆ ခုနှင့် သောက်ရေသန့် လုပ်ငန်းပေါင်း ၂၃၆၈ ခု ရှိနေပြီဖြစ်ကြောင်း၊ ဆက်လက်၍ မြန်မာနိုင်ငံမှ ထွက်ရှိသည့် ကော်ဖီ၊ ခေါက်ဆွဲ၊ လက်ဖက်စသည့် စားသောက်ကုန်များကို နိုင်ငံတကာသို့ တင်ပို့နိုင်ရေး စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (မြန်မာ့အလင်း ၂၈-၄-၂၀၂၂)**

စည်းစနစ်တကျ ထုတ်လုပ်ထားသော အစားအသောက်လုပ်ငန်းပေါင်း ၁၀၅၆ ခုနှင့် သက်ဆိုင်သည့် ရောင်းကုန်များကို စူပါမားကက် ကုန်တိုက်ကြီးများနှင့် မီနီမားကက်များတွင်လည်းကောင်း၊ ဈေးများနှင့် လက်လီဆိုင်များတွင်လည်းကောင်း တွေ့ရှိနေရပြီဖြစ်ပါသည်။ အထူးသဖြင့် ကုန်ထုတ်လုပ်သည့် ရက်စွဲ၊ ကုန်ဆုံးသည့်ရက်စွဲများနှင့် ပါဝင်သောပစ္စည်းများကို ထည့်သွင်းဖော်ပြထားသည်မှာ မြင့်မားသော တိုးတက်မှုတစ်ရပ်ပင် ဖြစ်ပါသည်။

ပြည်ပမှတင်သွင်းလာသော စားသောက်ကုန်များတွင်လည်း မြန်မာစာဖြင့် ထင်ထင်ရှားရှားဖော်ပြထားသည်ကို တွေ့နိုင်ပါသည်။ တရားဝင် တင်သွင်းလာခြင်း မရှိသောစားသောက်ကုန်များကိုလည်း တားမြစ်အရေးယူလျက်ရှိနေသည်ကို တွေ့နိုင်ပါသည်။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနကလည်း တွေ့ရှိချက်များထဲမှ လူထုစားသုံးရန် မသင့်သည်များကို အခါအားလျော်စွာ ထုတ်ပြန်ကြေညာသတိပေးလျက်ရှိပါသည်။

**“မြန်မာပြည်တွင်လည်း ထိုကဲ့သို့ အလားတူ ပြဿနာများစွာဖြစ်ခဲ့ပါသည်။ FDA က စားသုံးရန်မသင့်ကြောင်း ကြေညာသည်ကိုလည်း တွေ့ဖူး၏။ သို့ရာတွင် စားသုံးရန်သင့်ပြီဟူ၍ ပြန်လည်ကြေညာသောသတင်းများကို သတိမထားမိပါ။ ထို့ပြင် ကုန်ထုတ်လုပ်သူများက စိတ်မကောင်းကြောင်း၊ တောင်းပန်ကြောင်း၊ ပြုပြင်မည်ဟု ကတိပြုကြောင်း သတင်းများကိုလည်း မကြားမမြင်ခဲ့ရပါ။ လက်ဖက်ထဲမှာပါသည့် ချည်ဆေးဆိုးဆေးများ၊ ငါးပိသာမက မျှစ်အထိ အသုံးပြုသောအရောင်ဆိုးဆေးများ၊ သားငါးများ မပုပ်ရန်အတွက် ဖော်မလင်ဆေးများ၊ ကြာရှည်ခံရန်သုံးသော ယမ်းစိမ်းများကအစ ထုတ်လုပ်ရောင်းချသူတို့၏ လက်ထဲတွင်ရှိပြီး စားသုံးသူတို့မှာ ခံဘက်ကချည်းသာ ဖြစ်ခဲ့ပါသည်”**

## ရည်မှန်းချက်တစ်ရပ်

မြန်မာနိုင်ငံမှ စားသောက်ကုန်များကိုလည်း စစ်ဆေးပြီးမှ ဈေးကွက်တင်လျက်ရှိရာ “ပို့ကုန်လုပ်ငန်းများမှတစ်ဆင့် နိုင်ငံတော်အတွက် နိုင်ငံခြားငွေ ပိုမိုရရှိနိုင်ရေးကို ဆက်လက်လုပ်ဆောင်သွားနိုင်ရန် မျှော်မှန်းပြီး ယခုမူဝါဒကို ရေးဆွဲချမှတ်ရခြင်းဖြစ်ကြောင်း” ဟူ၍ အမျိုးသားအဆင့် အစားအသောက်ဘေးအန္တရာယ်ကင်းရှင်းရေး မူဝါဒချမှတ်ရာတွင် ရည်မှန်းချက်တစ်ရပ်အဖြစ် ထားရှိကြောင်း တွေ့နိုင်ပြီး ထောပတ်သီး၊ ကော်ဖီမှုန့်မှအစ ပို့ကုန်အမယ်သစ်များစွာကို တင်ပို့နေကြောင်း တွေ့နိုင်ပါသည်။

မိမိတို့နိုင်ငံမှာ ထုတ်လုပ်၍ ပြည်ပသို့ တင်ပို့ရောင်းချသည်ဖြစ်စေ၊ ပြည်ပနိုင်ငံများမှ တင်သွင်းလာသည်ဖြစ်စေ စားသုံးသူတို့အတွက် ဘေးအန္တရာယ်ကင်းရှင်းရန် တာဝန်ရှိနေသည်မှာ အမှန်ပင်။ တချိန်ကမူ ကြိုက်ရောင်း ကြိုက်ဝယ်ဖြစ်ပြီး ဈေးကွက်ဝင်ပစ္စည်းများကို ပွင့်လင်းမြင်သာစွာ ရောင်းချရုံမက ကိုယ်တိုင်မြည်းကြည့်ပြီး ကြိုက်မှ ဝယ်ယူသုံးဆောင်ကြပါသည်။ ဤကိစ္စတွင် မန္တလေးဈေးချိုသူတို့မှာ စာဖွဲ့လောက်အောင်ပင် သိမ်မွေ့ကျွမ်းကျင်ကြပါသည်။

ယခုခေတ်တွင်မူ ရောင်းသူဝယ်သူတို့ကြားတွင် ထုပ်ပိုးပစ္စည်းများက ကြားခံသွားပြီ ဖြစ်ပါသည်။ ပလတ်စတစ်အိတ်များတွင် ထည့်သွင်း၍ ရောင်းချရာမှ ပလတ်စတစ်ပေါ်တွင် ပုံနှိပ်လုပ်ငန်းများ ကြီးထွားလာ၏။ ပလတ်စတစ်များက စက္ကူအိတ်များကို အစားထိုးရာမှ ခေတ်ပြောင်းကာ စက္ကူအိတ်များ၊ စက္ကူဘူးများက ဝင်ရောက်ပြန်၏။ မည်သို့ဆိုစေ စားသုံးသူများသည် မိမိတို့နှစ်ခြိုက်ရာ တံဆိပ်ကို ကြည့်၍ ရွေးချယ်ကြ၏။ ရောင်းသူတို့ကလည်း မိမိတို့ ကုန်အမှတ်တံဆိပ်များကို နာမည်ကြီး ဆယ်လီများအား အသုံးပြု၍ စာနယ်ဇင်းများတွင် ကြော်ငြာပြီး တစ်ဆင့်တက်ကာ ရုပ်သံများတွင် ကြော်ငြာ၏။ ထိုထက်ပို၍ ဆိုရှယ်မီဒီယာများ၌ အလျှံအပယ်ကြော်ငြာရာတွင် “ဆယ်လီ”တို့၏ လောကတွင် အံ့သြစရာ အပြောင်းအလဲများကိုလည်း တွေ့လာရပေသည်။ ထိုကြားထဲတွင် ကိုယ့်ကိုယ်ကိုယ်တွင်ကျယ်ချင်သူများကလည်း မဟုတ်မမှန်သတင်းများ ပြူးတူးပြဲတဲထည့်သွင်းကာ လူကြည့်များလာအောင် ကြော်ငြာကြပြန်၏။

## မျက်ခြည်မပြတ်ကြည့်နေရ

ထိုသို့သော ပုဂ္ဂိုလ်၊ ဆယ်လီ မီဒီယာများထဲတွင် ကုန်ထုတ်လုပ်သူတို့ ရင်းနှီးလိုက်ရသော ငွေများမှာ စားသုံးသူတို့ အိတ်ထဲမှ မျှဝေပေးလိုက်ရသော အဖြစ်သို့ ရောက်ရှိသွားလေပြီ။ ထည့်ထားသောပစ္စည်း၏ မူရင်းတန်ဖိုးနှင့် ဈေးကွက်၏ တန်ဖိုး လက်လီစာရင်းတန်ဖိုးများကို စားသုံးသူတို့က ခံနိုင်သမျှ ခံနေကြသော်လည်း ပို၍ပို၍ ဝိသမလောဘကြီးလာသူများက တစ်ကွက်ကောင်း သူဌေးဖြစ် ကလိမ်ကကျစ်နည်းများကို သုံးလာကြသဖြင့် သက်ဆိုင်ရာနိုင်ငံများ၏ (FDA) (အစာဆေးဝါး) တာဝန်ရှိသူများက မျက်ခြည်မပြတ်ကြည့်နေကြရလေသည်။ မူရင်းပါဝင်သော ပစ္စည်း၊ ရောင်းချရန် ထည့်သွင်းထားသော ပစ္စည်းများသာမက ထုတ်လုပ်ရေးလုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ဖြစ်ပေါ်နေသော လစ်ဟာကွက်များကို ထိန်းချုပ်ပြုပြင်နေကြရပါသည်။

## ဟန်ဂေရီနိုင်ငံမှ ဖြစ်စဉ်

၂၀၂၂ ခုနှစ် ဩဂုတ်လက ဟန်ဂေရီနိုင်ငံ၌ ရောင်းချသော အစာမှတစ်ဆင့် စားသုံးသူ ၁၅ ဦးမှာ အသည်းရောင်အသားဝါရောဂါ ဖြစ်ပွားခဲ့၏။ စစ်ဆေးသောအခါတွင် အစာထဲ၌ အသည်းရောင် အသားဝါရောဂါပိုးရပ်စ်ပိုး(အေ) အမျိုးအစားများ ပါဝင်လာသောကြောင့် ဖြစ်ကြောင်း တွေ့ရပါ၏။ နောက်ကြောင်းရာဇဝင်ကို လိုက်လံစုံစမ်းသောအခါ ထိုအစားအစာကုန်ကြမ်းထုတ်လုပ်တင်သွင်းသည့် လက်ခွဲကန်ထရိုက်တို့ထံမှ ရောဂါပိုးဝင်ရောက်မှုကို တွေ့ရှိရလေသည်။ ဟန်ဂေရီပြည်ဖြစ် အစားအစာဖြစ်သော်လည်း ကုန်ကြမ်းကို ပိုလန်နိုင်ငံမှ တင်သွင်းခဲ့ကြောင်း စစ်ဆေးတွေ့ရှိရလေတော့သည်။

“စိုက်ပျိုးရာ၊ ရိတ်သိမ်းရာ၊ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရာ လုပ်ငန်းစဉ်တစ်လျှောက်လုံး အရည်အသွေးပြည့်စုံပြီး ရောဂါကင်းအောင် ကြိုးစားလျက်နဲ့ ဒီလိုဖြစ်ရတာ စိတ်မကောင်းပါဘူး။ လိုအပ်တဲ့ ပြုပြင်မှုအားလုံးကို ပြုပြင်ပြီး ကျွန်တော်တို့ထုတ်ကုန်များအားလုံး အမြဲတမ်း ဘေးကင်းစိတ်ချအောင်လုပ်ပါ့မယ်လို့ တောင်းပန်ပါတယ်” ဟူ၍ ဟန်ဂေရီနိုင်ငံမှ အစားအစာထုတ်လုပ်သော ကုမ္ပဏီတာဝန်ရှိသူက တောင်းပန်ခဲ့လေသည်။ တောင်းပန်ရုံနှင့်မပြီး ထုတ်လုပ်ထားသမျှ ကုန်ပစ္စည်းများကိုလည်း ပြန်လည်သိမ်းဆည်းခဲ့ရလေသည်။ စားသောက်ကုန်ထုတ်လုပ်ပြီး ဈေးကွက်တင်ရမည်ထက် ပြဿနာဖြစ်၍ ပြန်လည်သိမ်းဆည်းရသည်က အလုပ်ပိုရှုပ်ပြီး သိက္ခာကျပါသည်။

## စားသုံးသူတို့မှာ ခံဘက်ကချည်းသာ

မြန်မာပြည်တွင်လည်း ထိုကဲ့သို့ အလားတူ ပြဿနာများစွာဖြစ်ခဲ့ပါသည်။ FDA က စားသုံးရန်မသင့်ကြောင်း ကြေညာသည်ကိုလည်း တွေ့ဖူး၏။ သို့ရာတွင် စားသုံးရန်သင့်ပြီဟူ၍ ပြန်လည်ကြေညာသော သတင်းများကို သတိမထားမိပါ။ ထို့ပြင် ကုန်ထုတ်လုပ်သူများက စိတ်မကောင်းကြောင်း၊ တောင်းပန်ကြောင်း၊ ပြုပြင်မည်ဟု ကတိပြုကြောင်း သတင်းများကိုလည်း မကြားမမြင်ခဲ့ရပါ။ လက်ဖက်ထဲမှာပါသည့် ချည်ဆေးဆိုးဆေးများ၊ ငါးပိသာမက မျှစ်အထိ အသုံးပြုသော အရောင်ဆိုးဆေးများ၊ သားငါးများ မပုပ်ရန်အတွက် ဖော်မလင်ဆေးများ၊ ကြာရှည်ခံရန်သုံးသော ယမ်းစိမ်းများကအစ ထုတ်လုပ်ရောင်းချသူတို့၏ လက်ထဲတွင်ရှိပြီး စားသုံးသူတို့မှာ ခံဘက်ကချည်းသာ ဖြစ်ခဲ့ပါသည်။

ကျွန်တော်တို့အနေဖြင့် ပြည်ပတွင် ဖြစ်ပေါ်နေသော အစားအစာအန္တရာယ်ပြဿနာများကို ပထမဦးဆုံး ကိုင်တွယ်ခဲ့ရသည့်ကိစ္စမှာ နို့နှင့်နို့ထွက်ပစ္စည်းများတွင် ဒိုင်အောက်ဆင်း (Dioxin) ပါဝင်နေသောကိစ္စဖြစ်ပါသည်။ ၁၉၈၆ ခုနှစ်က ဖြစ်ပွားခဲ့သော ချာနိုဘိုင်း အနုမြူဓာတ်အားထုတ်လုပ်ရေးစက်ရုံ ပေါက်ကွဲမှု (ထိုစဉ်က ဆိုဗီယက်ပြည်ထောင်စု ယူကရိန်းပြည်နယ်) ကိစ္စတွင် ပတ်ဝန်းကျင် ဥရောပနိုင်ငံများ၌ ဓာတ်ငွေ့အဆိပ်သင့်ရာမှ နို့နှင့် နို့ထွက်ပစ္စည်းများတွင် ဒိုင်အောက်ဆင်းဓာတ်များ ပါဝင်လာပြီး ကျန်းမာရေးကို အန္တရာယ်ပြုနိုင်ကြောင်း သိရှိရသဖြင့် ထိုဒေသထွက်ကုန်များကို မြန်မာနိုင်ငံတွင် မရောင်းစေရန် ပိတ်ပင်ခြင်း၊ အသိပညာပေးခြင်းများကို ပြုလုပ်ခဲ့ရပါသည်။

## အချိုမှုန့်များနှင့် ကျွဲရိုင်းအချိုရည်များ

နောက်တစ်ကြိမ်မှာ မြန်မာနိုင်ငံအတွင်းသို့ တင်သွင်းလာသော အချိုမှုန့်များနှင့် ကျွဲရိုင်းအချိုရည်များကိစ္စကို အသိပညာပေးကြရပြန်ပါသည်။ ထိုပစ္စည်းများကို ဘေးအန္တရာယ်မကင်းသော အစားအစာမျိုးများအဖြစ် သတ်မှတ်၍ တင်သွင်းမှုပိတ်ပင်ခြင်း၊ ကျန်းမာရေး အသိပညာပေးခြင်းများကို ပြုလုပ်ခဲ့ရပြန်ပါသည်။ တန်ပြန်အနေဖြင့် ထိုပစ္စည်းထုတ်လုပ်သူများကလည်း သူတို့ပစ္စည်းမှာ အန္တရာယ်မရှိကြောင်း၊ နိုင်ငံတကာ အထောက်အထားများပြ၍ အရေးဆိုခဲ့ကြပါသည်။ မည်ကဲ့သို့ပြုလုပ်ကြသည်မသိ။ မြန်မာပြည်၌ ကျွဲရိုင်းအချိုရည်များ၊ အချိုရည်များနှင့် အချိုမှုန့်များသည် ရှင်သန်ဆဲ၊ လူထုက စားသုံးဆဲ၊ ရောင်းချသူရော ကြော်ငြာပေးသူတို့ပါ ကြီးပွားဆဲဖြစ်နေသည်ကို တွေ့မြင်နေရပါသည်။

## တရုတ်နို့မှုန့်နှင့် မယ်လမင်းဓာတ်

အစားအစာဘေးအန္တရာယ် ကာကွယ်ရေးကိစ္စတွင် တရုတ်နိုင်ငံကမူ အတော်ပင် ပြတ်သားသည်ကို တွေ့ရသည်။ ၂၀၀၆ ခုနှစ်က နို့မှုန့်များ၌ မယ်လမင်း (Melamine)ဓာတ်များပါလာကြောင်း စစ်ဆေးတွေ့ရှိကြသဖြင့် တင်သွင်းမှုပိတ်ပင်ခဲ့ကြရာ နာမည်ကြီးနို့မှုန့်ကုမ္ပဏီများပင်ပါဝင်နေ၍ အတော်ပင်ရှုပ်ထွေးသွားခဲ့လေသည်။ လက်သည်မှာ နွားနို့ကျဲကျဲကို ပြစ်အောင်ပြုလုပ်၍ နို့မှုန့်ရောင်းကုန် ဖြစ်လာစေသဖြင့် မူရင်းစက်ရုံတာဝန်ခံ အမျိုးသမီးမှာ တရုတ်နိုင်ငံ၌ သေဒဏ်ချမှတ်ခံခဲ့ရလေသည်။ မယ်လမင်းသည် ပန်းကန်ခွက်ယောက်များ ပြုလုပ်ရာတွင်သုံးပြီး စားသုံးရန်မသင့်သဖြင့် မြန်မာနိုင်ငံတွင် ပိတ်ပင်ခဲ့ပါသည်။

သို့သော် မယ်လမင်းဇာတ်လမ်းသည် မပြီးနိုင်ခဲ့ချေ။ တရုတ်ပြည်တွင် ထုတ်လုပ်ရောင်းချသော နို့မှုန့်များကို အရေးယူနိုင်သည် မှန်သော်လည်း ၎င်းတို့နိုင်ငံမှ နို့မှုန့်ကုန်ကြမ်းများကို ပြည်ပမှ ဝယ်ယူကာ ထုပ်ပိုးရောင်းချမှုများက ရှိနေခဲ့သည်။ ယခု ဟန်ဂေရီပြဿနာကို တွေ့ရသောအခါ ထိုစဉ်က မယ်လမင်းနို့မှုန့်ပြဿနာကို သတိရစရာဖြစ်ခဲ့ပါသည်။ တရုတ်နိုင်ငံ၏ နို့မှုန့်ကုန်ကြမ်းများကို နယူးဇီလန်နိုင်ငံသို့ ရောင်းချပြီး ထိုမှတစ်ဆင့် အခြားနိုင်ငံများသို့ ဥရောပမှ နာမည်ကြီး ကုမ္ပဏီတံဆိပ်ဖြင့် ထပ်ဆင့် တင်သွင်းရောင်းချမှုများကို ကြားသိခဲ့ရသည်။

၂၀၂၂ ခုနှစ်ထဲတွင် အမေရိကန်မှ ထုတ်လုပ်တင်ပို့သော နာမည်ကြီးနို့မှုန့်များတွင် ဘေးအန္တရာယ်ရှိစေသောအရာများပါဝင်ကြောင်းသိရပြီး ထိုနို့မှုန့်ဖြန့်ချိရာနေရာ ကုန်တိုက်များ၊ အရောင်းဆိုင်များမှ ပြန်လည်သိမ်းဆည်းခဲ့ရသည်။ မည်သည့်နေ့ရက်၊ မည်သည့်စက်ရုံမှထွက်သော ကုန်ချောပါဝင်သည့် လက်ခွဲမှ ထုတ်လုပ်သောကုန်ကြမ်း၊ မည်သည့်နိုင်ငံမှ စိုက်ပျိုးရိတ်သိမ်း၊ ဖြန့်ချိသော နိုင်ငံဟူ၍ မီးခိုးကြွက်လျှောက်လိုက်ခဲ့ကြရပါသည်။ မြန်မာနိုင်ငံတွင် အကြီးအကျယ် ကြော်ငြာ၍ ရောင်းချနေသော ထိုနို့မှုန့်များနှင့် ပတ်သက်၍ မည်သည့်သတင်း၊ ကြေညာချက်မှ ထွက်လာခြင်းမရှိချေ။ စားသုံးသူတစ်ယောက်အနေဖြင့် “မည်သို့ဖြစ်ပွားသည်မသိ” ဟုသာ ဆိုရန်ရှိတော့သည်။

ယခုဆောင်းပါးကို ဩဂုတ်လ ၃၁ ရက်ထုတ် မှတ်တမ်းတစ်ရပ်နှင့် နိဂုံးချုပ်လိုက်ပါ၏။ “အစားအစာ ဘေးကင်းလုံခြုံရေး၊ ကုန်သွယ်မှုအခွင့်အလမ်းများ ထိခိုက်မှုမရှိစေရေးတို့အတွက် ပိုးသတ်ဆေးအမျိုးအစားတစ်မျိုးချင်းစီအပေါ်တွင် ရှုထောင့်မျိုးစုံမှ ပြန်လည်သုံးသပ်ပြီး ပိုးသတ်ဆေးဓာတ်ကြွင်းများ ကင်းစင်ရေးအလေးထားဆောင်ရွက်ကြစေလိုကြောင်း” ပိုးသတ်ဆေး မှတ်ပုံတင်အဖွဲ့၏ (၃၇) ကြိမ်မြောက် အစည်းအဝေးတွင် တာဝန်ရှိသူက ပြောကြားခဲ့ကြောင်း သတင်းပင် ဖြစ်ပါသည်။

## မရှိမဖြစ်

ရှေးခေတ်ကမူ စားကုန်ထုတ်သူနှင့် စားသုံးသူတို့ကြားတွင် ပွဲစားများရှိခဲ့ကြ၏။ ယနေ့ခေတ်တွင်မူ ခေတ်မီနည်းစနစ်များ မှန်မှန်ကန်ကန် အသုံးချမှု ရှိ မရှိ ထိန်းကွပ်ပေးရမည့် တာဝန်ရှိသူများမှာ မရှိမဖြစ် ။ ။

# ကချင်ပြည်နယ်အတွင်းရှိ နယ်စပ်ကုန်သွယ်ရေးစခန်းများ၌ ကုန်တင်ယာဉ်များ စနစ်တကျဖြစ်စေရေးဆွေးနွေး

**မြစ်ကြီးနား အောက်တိုဘာ ၉**

ကချင်ပြည်နယ်အတွင်းရှိ မြန်မာ-တရုတ်နယ်စပ်ကုန်သွယ်ရေးစခန်းများဖြစ်သည့် ဝိုင်းမော်မြို့နယ်၊ ကန်ပိုက်တီနှင့် မိုးမောက်မြို့နယ် လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းများမှတစ်ဆင့် တရုတ်နိုင်ငံသို့ ကုန်စည်များ တင်ပို့ရာတွင် စနစ်တကျ ညှိနှိုင်းသယ်ယူပို့ဆောင်နိုင်ရေးအတွက် မြန်မာ- တရုတ်ကုန်စည်ပြန်လည်စီးဆင်းနိုင်ရေး လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၏ ညှိနှိုင်းအစည်းအဝေးကိုအောက်တိုဘာ ၇ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ညှိနှိုင်းအစည်းအဝေးတွင်မြန်မာ-တရုတ်ကုန်စည်ပြန်လည်စီးဆင်းနိုင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ် တိုင်းရင်းသားရေးရာဝန်ကြီး ဦးကျော်မင်းခိုင်က နှစ်နိုင်ငံကုန်စည် စီးဆင်း ရာတွင် အဆင်ပြေချောမွေ့စေရေး ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စရပ်များနှင့် တစ်သျှူးငှက်ပျောအပါအဝင် 



စိုက်ပျိုးရေးသီးနှံထုတ်ကုန်များ နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်ရာတွင် ကုန်တင်ယာဉ်များကို သတ်မှတ်ချက်များနှင့်အညီ စနစ်တကျဖြစ်စေရေး စီမံဆောင်ရွက်ရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် ကော်မတီအဖွဲ့ဝင် ပြည်နယ်အဆင့်ဌာနဆိုင်ရာများ၊ ကချင်ပြည်နယ် ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းရှင်များအသင်း၊ သီးနှံစိုက်ပျိုးထုတ်လုပ်သူများအသင်းတို့မှ တာဝန်ရှိသူများနှင့် မြန်မာ-တရုတ်ကုန်စည် တင်ပို့ရာတွင် တစ်သျှူးငှက်ပျောအပါအဝင် စိုက်ပျိုးရေးထုတ်ကုန်သီးနှံများ အချိန်မီတင်ပို့နိုင်ရေး သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ကုန်စည်သယ်ဆောင်မည့် မော်တော်ယာဉ်အစီးရေနှင့် ကန်ပိုက်တီ- ဟိုချောင်နယ်စပ်တွင် ကွန်တိန်နာဘောက်စ် စနစ်ဖြင့် နယ်စပ်ဖြတ်ကျော်သယ်ယူပို့ဆောင်သွားမည့် အစီအစဉ်များ၊ ရှန်တိန်ယာဉ်မောင်းများဖြင့် ကုန်စည်ဖလှယ်ပို့ဆောင်မည့် အစီအမံများကို ညှိနှိုင်းဆွေးနွေးခဲ့ကြပြီး ပြည်နယ်ဝန်ကြီးက ကုန်တင်ယာဉ်များ စနစ်တကျဖြင့် ကုန်စည်ဖလှယ်သယ်ယူပို့ဆောင်နိုင်ရေး၊ လုပ်ငန်းစဉ်သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။ **ပြည်နယ်(ပြန်/ဆက်)**

# တာမွေမြို့နယ်၌ ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံးများ ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်းမရှိစေရေးလိုက်လံစစ်ဆေး

**တာမွေ အောက်တိုဘာ ၉**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်အတွင်းရှိ ကုန်တိုက်များ၊ စည်ပင်သာယာဈေးများနှင့် စတိုးဆိုင်များ၌ သီတင်းကျွတ်ကာလတွင် ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များ ထုတ်လုပ်ဖြန့်ဖြူး ရောင်းချခြင်းမရှိစေရေးအတွက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ တာဝန်ရှိသူများနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများ ပူးပေါင်း၍ တာမွေမြို့နယ်ရှိ တာမွေ(ယာယီ)ဈေး၊ ဒဂုံညွန့်ဈေးနှင့် Orange ဈေးဝယ်စင်တာတို့တွင် ကွင်းဆင်းစစ်ဆေးခြင်းကို အောက်တိုဘာ ၈ ရက်က ဆောင်ရွက်ခဲ့ကြသည်။



တာမွေမြို့နယ်အတွင်း သီတင်းကျွတ်မီးထွန်းပွဲတော်ကာလကို အကြောင်းပြု၍ ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များ၊ မီးပန်းများကို ပစ်လွှတ်ခြင်း၊ ပစ်ဖောက်ခြင်းများ ပြုလုပ်ရာမှ မီးဘေးအန္တရာယ်ဖြစ်ပေါ်နိုင်ခြင်း၊ အများပြည်သူ အထိတ်တလန့်ဖြစ်နိုင်ခြင်းတို့ကြောင့် မြို့နယ်အတွင်း ပြောက်အိုး၊ မီးရှူးနှင့် မီးဒုံး(ရှူးဒိုင်း)များ၊ မီးပန်းများ ထုတ်လုပ်ခြင်း၊ သယ်ဆောင်ခြင်း၊ ဖြန့်ဖြူးခြင်း၊ သိုလှောင်ခြင်း၊ ရောင်းချခြင်း၊ ပစ်လွှတ်ခြင်းနှင့် ပစ်ဖောက်ခြင်းများ မပြုလုပ်ကြရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တည်ဆဲဥပဒေများအရ ထိရောက်စွာ အရေးယူဆောင်ရွက်မည်ဖြစ်ကြောင်းလည်း အသိပညာပေးခဲ့သည်။ **နိုင်လင်းအောင်(တာမွေ)**

# မိတ္ထီလာ၌ မြန်မာ့သိုင်းနည်းပြ မွမ်းမံသင်တန်းဆင်း

**မိတ္ထီလာ အောက်တိုဘာ ၉**

မိတ္ထီလာခရိုင် အားကစားနှင့် ကာယပညာဦးစီးဌာနက ကြီးမှူးဖွင့်လှစ်သော မြန်မာ့သိုင်းနည်းပြ မွမ်းမံသင်တန်း ( ၁/၂၀၂၂) ဆင်းပွဲကို ပေါက်ချောင်းရပ်ကွက် မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာန မိုးလုံလေလုံအားကစားခန်းမ၌ အောက်တိုဘာ ၈ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် သင်တန်းနည်းပြဆရာ ဦးတင်မောင်ဆွေထံသို့ ဂုဏ်ပြုမှတ်တမ်းလွှာကို ခရိုင်အားကစားနှင့် ကာယပညာကော်မတီအတွင်းရေးမှူး လက်ထောက်ညွှန်ကြားရေးမှူး ဦးကျော်စိုးနိုင်က ပေးအပ်သည်။ ဆက်လက်၍ မြန်မာ့သိုင်းနည်းပြ မွမ်းမံသင်တန်းသို့ တက်ရောက်ခဲ့ကြသော သင်တန်းသားများအား သင်တန်းဆင်းလက်မှတ်များကို သင်တန်းနည်းပြဆရာ ဦးတင်မောင်ဆွေ မန္တလေးတိုင်းဒေသကြီး ဝူရှူးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးကျော်အေး၊ ဒေါက်တာသိန်းသန်းထွန်း(ဆေးပညာရှင်)၊ ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာန အားကစားမှူး ဦးခိုင်မင်းဦးတို့က ပေးအပ်ချီးမြှင့်သည်။

ထို့နောက် မိတ္ထီလာမြို့သိုင်းဆပ်ကော်မတီဝင်များနှင့် သင်တန်းသို့ တက်ရောက်ခဲ့ကြသည့် သင်တန်းသားများက တစ်ဦးချင်း မြန်မာ့သိုင်းကစားကွက်များကို သရုပ်ပြကစားခဲ့ကြသည်။ အဆိုပါ မြန်မာ့သိုင်းနည်းပြမွမ်းမံသင်တန်း (၁/၂၀၂၂) ကို စက်တင်ဘာ ၂၉ ရက်မှ အောက်တိုဘာ ၈ ရက်အထိ ဖွင့်လှစ်ခဲ့ပြီး သင်တန်းသား ၁၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **ချမ်းသာ(မိတ္ထီလာ)**

# နယ်စပ်ဒေသအမျိုးသမီးငယ်များအတွက် အဆင့်မြင့်စက်ချုပ်သင်တန်းဆင်း

**မင်းပြား အောက်တိုဘာ ၉**

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှု သက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း(မင်းပြား)၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း အမှတ်စဉ်(၃) သင်တန်းဆင်းပွဲကို အောက်တိုဘာ ၇ ရက်က ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မင်းပြားမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးစိုးမိုးက သင်တန်းဆင်း အမှာစကားပြောကြားပြီး အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်း ကျောင်းအုပ်ကြီး ဒေါ်ဇင်မီမီစံက နယ်စပ်ဒေသအမျိုးသမီးငယ်များအတွက် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းနှင့် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်း၌ နယ်စပ်ဒေသ တိုင်းရင်းသူလေးများ အသက်မွေးဝမ်းကျောင်း ပညာရပ်များအပြင် ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းထူထောင်ခြင်း၊ လူနေမှုအဆင့်အတန်းမြင့်မားလာခြင်း၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်စောင့်ထိန်းပြီး အကျင့်စာရိတ္တကောင်းမွန်သည့် အမျိုးသမီးလေးများဖြစ်လာစေရန်၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်စေရန် သင်ကြားပေးနေမှုများကို ပြောကြားပြီး သင်တန်း၌ထူးချွန်ဆုရရှိသူ တစ်ဦးအား အပ်ချုပ်စက်တစ်လုံး ပေးအပ်သည်။ ဆက်လက်၍ တက်ရောက်လာသူများက သင်တန်းသူများ၏ လက်ရာများကို ကြည့်ရှုအားပေးကြသည်။

အဆိုပါအမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်း ပညာသင်တန်းကျောင်း၊ အဆင့်မြင့်အိမ်တွင်းမှု စက်ချုပ်သင်တန်းအမှတ်စဉ်(၃) သင်တန်းကို မေ ၉ ရက်မှ အောက်တိုဘာ ၇ ရက်အထိ သင်ကြားပို့ချခဲ့ကြောင်းနှင့် နယ်စပ်ဒေသရှိတိုင်းရင်းသူအမျိုးသမီးငယ် ၃၅ ဦး တက်ရောက်သင်ကြားပြီး အမျိုးသမီးဘဝရပ်တည်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကာ ဒေသဖွံ့ဖြိုးရေးအတွက်လည်း အထောက်အကူပြုမည်ဖြစ်ကြောင်း သိရသည်

**သိန်းနုအောင်(ပြန်/ဆက်)**



# စိုက်ပျိုးမြေဧက ၃၀၀ ကျော်အကျိုးပြုမည့် မန်ကျောင်း-မန်လုံ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီး

**တန့်ယန်း အောက်တိုဘာ ၉**

ရှမ်းပြည်နယ် မြောက်ပိုင်း တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် စိုက်ပျိုးမြေဧက ၃၀၀ ကျော် အကျိုးပြုမည့် မန်ကျောင်း- မန်လုံကျေးရွာ ကုန်ထုတ်လမ်းနှင့် တံတားလုပ်ငန်းများကို ယခုနှစ် ဇူလိုင်လမှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်ဒေသရှိ လယ်ယာစိုက်ပျိုးရေးထုတ်ကုန်များ ဈေးကွက်သို့ ဈေးနှုန်း သက်သာစွာဖြင့် လွယ်ကူလျင်မြန်စွာ ပို့ဆောင်နိုင်ရန်ရည်ရွယ်၍ ကျေးလက်ကုန်ထုတ်လမ်းများ၊ ကုန်ထုတ်တံတားများကို တစ်နိုင်ငံလုံး အတိုင်းအတာအနေဖြင့် ဖောက်လုပ်ပေးလျက်ရှိကြောင်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် မန်ကျောင်း- မန်လုံကျေးရွာ ကုန်ထုတ်လမ်းအရှည် တစ်မိုင်ငါးဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မထု ဖြူန်းကျောက်ခင်းခြင်းလုပ်ငန်းကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေကျပ် ၆၇ ဒသမ ၇၃ သန်းဖြင့် တင်ဒါအောင်မြင်သည့်ကုမ္ပဏီက ယခုနှစ် ဇူလိုင်လမှစတင်ကာ တာဝန်ယူ ဖောက်လုပ်ဆောင်ရွက်ခဲ့ကြောင်း၊ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း တန့်ယန်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှူး ဦးခိုင်မင်းထွန်းထံမှ သိရသည်။ **နီလာ**

# ရောဝတီမြစ်ဆုံအပန်းဖြေစခန်း အဆင့်မြှင့်တင်ရာတွင် သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး ကွင်းဆင်းစစ်ဆေး

**မြစ်ကြီးနား အောက်တိုဘာ ၉**

ကချင်ပြည်နယ်၏ အထင်ကရနေရာတစ်ခုဖြစ်သော မေခမြစ်နှင့် မလိခမြစ်တို့ ဆုံဆည်းရာ မြစ်ဆုံနေရာသည် ပြည်နယ်အတွင်း ခရီးသွားဧည့်သည်များ လာရောက်အပန်းဖြေလည်ပတ်ရာ နေရာတစ်ခုဖြစ်သောကြောင့် ရောဝတီမြစ်ဆုံ အပန်းဖြေစခန်းကို အဆင့်မြှင့်တင်ရာတွင် သဘာဝပတ်ဝန်းကျင် ထိခိုက်မှု မရှိစေရေးအတွက် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ အောက်တိုဘာ ၈ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့အား ကချင်ပြည်နယ် ခရီးသွားလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက မြစ်ကြီးနား- ဆွမ်ပရာဘွမ်- ပူတာအို လမ်းခွဲမှတစ်ဆင့် တန်ဖရဲရွာဘေး၌ မြေကေ၂ဂ ပေါ်တွင် ကားရပ်နားရန်နေရာနှင့် မြစ်ကမ်းဘေး၌ အပန်းဖြေနေရာအဖြစ် တိုးချဲ့ဆောင်ရွက်မည့်နေရာများကို လိုက်လံရှင်းလင်းပြသရာ ပြည်နယ်ဝန်ကြီးချုပ်က ပြည်ထောင်စုလမ်းမကြီးမှတစ်ဆင့် အပန်းဖြေစခန်းအဝင်လမ်းကို လမ်းသားတိုးချဲ့ခင်းနိုင်ရေး မှာကြားသည်။

ထို့နောက် မြစ်ဆုံအပန်းဖြေစခန်းနေရာ၌ ကချင်ပြည်နယ် ခရီးသွားလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌက ရှုခင်းအလှကြည့်ရန် နေရာများအပြင် ရိုးရာစားသောက်ဆိုင်များ၊ မလိခမြစ်နှင့် မေခမြစ်ကို ကောင်းကင်ကြိုးဖြင့် အပျော်စီးဖြတ်သန်းနိုင်မည့် အစီအစဉ် (Zip Line Adventure) အပါအဝင် အဆင့်မြှင့်တင်သွားမည့် အစီအမံများကို ရှင်းလင်းတင်ပြပြီး ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူးက မြစ်ဆုံအပန်းဖြေစခန်းနေရာ၌ ဆိုင်ခန်းများ နေရာချထားပေးမည့်အခြေအနေများ၊ မြစ်ကမ်းထိန်းကျောက်စီနံရံတည်ဆောက်နိုင်ရေး ကွင်းဆင်းဆောင်ရွက်မည့်အစီအစဉ်များကို ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ပြည်နယ်ဝန်ကြီးချုပ်က အပန်းဖြေစခန်း အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ဒေသခံများ အကျိုးစီးပွားထိခိုက်မှုမရှိစေရေး ညှိနှိုင်းဆောင်ရွက်သွားရန်၊ သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေး အလေးထားဆောင်ရွက်သွားရန်နှင့် ရိုးရာယဉ်ကျေးမှုဟန်များဖြင့် ပြင်ဆင်ဆောင်ရွက်သွားရန် မှာကြားပြီး လိုအပ်သည်များကို ဌာနဆိုင်ရာများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရောဝတီမြစ်ဆုံ အဆင့်မြှင့်တင်ဆောင်ရွက်မည့်



နေရာများနှင့် မြစ်ဆုံအလှရှုခင်းများ၊ မြစ်ဆုံနေရာရှိ မလိခနှင့် ဖုန်မိုင်ခမြစ်ဆုံ သမိုင်းကျောက်တိုင်နှင့် မြစ်ဆုံနေရာရှိ ရိပ်သာပျက်စီးယိုယွင်းနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ဆောင်ရွက်ပေးသည်။

အဆိုပါ မြစ်ဆုံအပန်းဖြေစခန်းကို အဆင့်မြှင့်တင်ဆောင်ရွက်ရာတွင် ရိုးရာစားသောက်ဆိုင်များ၊ ရိုးရာလက်ဆောင်ပစ္စည်းအရောင်းဆိုင်များ၊ ကလေးကစားကွင်း၊ အပျော်စီး အမြန်ရေယာဉ်များဖြင့် မြစ်ကြောင်းတစ်လျှောက် ဖြတ်သန်းကြည့်ရှုနိုင်မည့် အစီအစဉ်များ၊ Wadding Garden အပါအဝင် မြစ်ဆုံကျောက်ဖြင့် အလှဆင်ခြင်းလုပ်ငန်း လက်တွေ့ပြသသည့် အစီအစဉ်များနှင့် အပျော်ရွှေကျင်ခြင်း အစီအစဉ်များကို ရေတိုစီမံကိန်းများအဖြစ် ဆောင်ရွက်မည်ဖြစ်ပြီး ရေရှည်စီမံကိန်းအတွက် မီးပုံးပျံစီးနိုင်မည့် အစီအစဉ်များ၊ မေခနှင့် မလိခမြစ်ကို မှန်တံတားဖြင့် ဖြတ်ကူးနိုင်မည့် အစီအစဉ်များကို ဆောင်ရွက်မည်ဖြစ်ရာ ဒေသခံများအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာ ဖန်တီးပေးနိုင်မည်ဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ကျောက်ဆည်၌ ဝါသီးနှံအထွက်နှုန်းမြင့်မားရေး တောင်သူအသိပညာပေး ဆွေးနွေး

**ကျောက်ဆည် အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ ဝါစိုက်ခင်းများတွင် ဝါအထွက်နှုန်းမြင့်မားရေးနှင့် အရည်အသွေးကောင်းဝါဂွမ်းများ ရရှိရေးအတွက် တောင်သူပညာပေး ကွင်းပြပွဲနှင့် နည်းပညာပေး



ဆွေးနွေးပွဲကို အောက်တိုဘာ ၇ ရက်က ကျောက်ဆည်မြို့နယ် လွန်ကျော်ဝါသီးနှံနှင့် နည်းပညာဖွံ့ဖြိုးရေးစင်တာ၌ ပြုလုပ်သည်။

သရုပ်ပြပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးချစ်ဆွေဦးက မျိုးကောင်းမျိုးသန့် ဝါမျိုးစေ့များ အသုံးပြုခြင်း၊ ပြောင်းလဲလာသော ရာသီဥတုနှင့်အညီ သိပ္ပံနည်းကျ စိုက်ပျိုးရေးနည်းစနစ်များကို လိုက်နာဆောင်ရွက်ကြရန်နှင့် ဝါဂွမ်းအရည်အသွေးကောင်းများရရှိရန် စနစ်တကျ ကောက်သိမ်း၊ သိုလှောင်ကြရန် စသည်တို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တောင်သူများ၏ မေးမြန်းဆွေးနွေးမှုအပေါ် ခြံတာဝန်ခံ ဒေါက်တာ အေးအေးမြတ်နှင့် စိုက်ကွင်းတာဝန်ခံများ၊ ခရိုင်မြေ မျိုးပိုး တာဝန်ခံများက ရှင်းလင်းပြောကြားသည်။ အဆိုပါကွင်းသရုပ်ပြပွဲနှင့် နည်းပညာပေးဆွေးနွေးပွဲသို့ ကျောက်ဆည် မြို့နယ်၊ မြစ်သားမြို့နယ်နှင့် စဉ့်ကိုင်မြို့နယ်များမှ တောင်သူများ လာရောက်လေ့လာကြကြောင်း သိရသည်။

မောင်ကျော်ကြီး

## မြိတ်မြို့၌ အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းဆင်း

**မြိတ် အောက်တိုဘာ ၉**

နယ်စပ်ဒေသရှိ တိုင်းရင်းသားပြည်သူများ၏ လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်ပြီး လူမှုစီးပွားဘဝမြှင့်တင်နိုင်ရေးအတွက် နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း(မြိတ်)၌ ဖွင့်လှစ်ခဲ့သည့် အဆင့်မြင့်အိမ်တွင်းမှုစက်ချုပ်သင်တန်းအမှတ်စဉ်(၄)သင်တန်းဆင်းပွဲကို အောက်တိုဘာ ၇ ရက်က မြိတ်မြို့ ကန်ဖျားရပ်ကွက်ရှိ အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

သင်တန်းဆင်းပွဲတွင် မြိတ်ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်ဇော်က အမှာစကားပြောကြားပြီး ထူးချွန်ဆုရ သင်တန်းသူတစ်ဦးအား အပ်ချုပ်စက်တစ်လုံးပေးအပ်ချီးမြှင့်ကာ သင်တန်းကျောင်းကျောင်းအုပ် ဒေါ်စုမြတ်အေးက သင်တန်းသူများအား သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်သည်။

အဆိုပါသင်တန်းတွင် သင်တန်းကာလ ရက်သတ္တ ၂၂ ပတ်ကြာ စာတွေ့လက်တွေ့ သင်ကြားလေ့ကျင့်ပေးခဲ့ပြီး သင်တန်းသူများ၏ နေထိုင်စားသောက်ရေးကိုလည်း အခမဲ့ဆောင်ရွက်ပေးခဲ့သည့်အပြင် သင်တန်းသူများ၏ တူညီဝတ်စုံ၊ သင်ကြားရေးအထောက်အကူပြုပစ္စည်းများ၊ အပြန်ခရီးစရိတ်ငွေများကိုလည်း ကူညီထောက်ပံ့ခဲ့ကြောင်း၊ သင်တန်းသို့ မြိတ်မြို့နယ်မှ ၁၆ ဦး၊ တနင်္သာရီမြို့နယ်မှ ခြောက်ဦး၊ ပုလောမြို့နယ်မှနှစ်ဦး၊ ကျွန်းစုမြို့နယ်မှ ခြောက်ဦး စုစုပေါင်း သင်တန်းသူ ၃၀ တက်ရောက်ပြီး နည်းပြဆရာမ ၁၂ ဦးတို့က အပ်ချုပ်ပညာ၊ လက်မှုပညာများ၊ ခေတ်မီမော်တာစက်ချုပ်နည်းများကို ပို့ချပေးခဲ့ကြောင်း သိရသည်။

မြင့်ဦး(မြိတ်)

## သထုံမြို့နယ်၌ Cash For Work စီမံကိန်းဖြင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

**တန့်ယန်း အောက်တိုဘာ ၉**

မွန်ပြည်နယ် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် Cash For Work စီမံကိန်း ထောက်ပံ့ရန်ပုံငွေနှင့် ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် တောကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများဖြစ်သည့် ကွန်ကရစ်လမ်းခင်းခြင်း နှင့်ကျေးရွာတွင်းလမ်းများ၌ လမ်းဘေး ဝဲ/ ယာ ရေနုတ်မြောင်း တူးဖော်ခြင်းလုပ်ငန်းတို့ကို ဩဂုတ်လစတုတ္ထပတ်မှ စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယနေ့တွင် လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

တောကြီးကျေးရွာ ကျေးရွာတွင်းလမ်း အရှည်ပေ၂၆၀၊ အကျယ် ၁၂ ပေ၌ ကွန်ကရစ်ခင်းခြင်းလုပ်ငန်း နှင့် ကျေးရွာတွင်းလမ်းများ လမ်းဘေး ဝဲ/ယာ ရေနုတ်မြောင်းအရှည်ပေ ၆၉၀၀၊ အကျယ် တစ်ပေ ကိုးလက်မ၊ အနက် တစ်ပေ ကိုးလက်မ တူးဖော်ခြင်းလုပ်ငန်းများကိုဆောင်ရွက်ပြီးစီးခဲ့ခြင်းဖြစ်သည်။

သန်းလွင်(မကွေး)

## အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် ကော်မရှင်အပါအဝင် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများတွင် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါသည်။

၂။ ကော်မရှင်အနေဖြင့် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများ၏ ကြီးကြပ်မှုအောက်ရှိ အများပြည်သူနှင့် ဆက်သွယ်ဆောင်ရွက်လျက်ရှိသော ရုံး/ဌာနများတွင် ဝန်ဆောင်မှုရယူခဲ့ကြသော ပြည်သူများ၏ တယ်လီဖုန်းများသို့ Short Code နံပါတ် “1111” အသုံးပြု၍ SMS မှတစ်ဆင့် မေးခွန်းများမေးမြန်းခြင်းနှင့် တုံ့ပြန်မှုရယူခြင်းအစီအစဉ် (Public Feedback Programme – PFP) ကို အသုံးပြုဆောင်ရွက်လျက်ရှိပါသည်။

၃။ အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်အရ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများထံမှ Short Code နံပါတ် “1111” ဖြင့် ဝန်ဆောင်မှုရယူစဉ်က ကြုံတွေ့ခဲ့ရသည့် အခြေအနေများနှင့်စပ်လျဉ်း၍ ပေးပို့မေးမြန်းလိုက်သော SMS များကို မှန်ကန်စွာ ပြန်လည်ဖြေကြားပေးခြင်းဖြင့် သက်ဆိုင်ရာဌာနအသီးသီး၏ ဝန်ဆောင်မှုလုပ်ငန်းအရည်အသွေးကို သိရှိနိုင်မည်ဖြစ်ပြီး အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် လိုအပ်ချက်များကို ပြုပြင်နိုင်မည်ဖြစ်ပါသည်။

၄။ သို့ဖြစ်ပါ၍ ပြည်သူလူထုအနေဖြင့် ကော်မရှင်နှင့် ပြည်ထောင်စုဝန်ကြီးဌာန/အဖွဲ့အစည်းများရှိ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအဖွဲ့များက Short Code “1111” ဖြင့် SMS ပေးပို့ မေးမြန်းလိုက်သောမေးခွန်းများကို ပြန်လည်ဖြေကြားပေးခြင်းသည် အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးလုပ်ငန်းများတွင် တစ်ဖက်တစ်လမ်းမှ ပါဝင်ဆောင်ရွက်ခြင်းဖြစ်သဖြင့် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကို အတူတကွ ပူးပေါင်းပါဝင်ဆောင်ရွက်စေလိုပါကြောင်း အသိပေးနှိုးဆော်တင်ပြအပ်ပါသည်။

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်**

**“အဂတိလိုက်စားမှုတားဆီးဖို့ “1111” ကို ဖြေကြားစို့”**

**“ဝန်ဆောင်မှုများ ကောင်းစေရေး “1111” ကို ဖြေကြားပေး”**

**“အဂတိပယ်ခွာ ပြည်သာယာဖို့ ပူးပေါင်းဆောင်ရွက်ကြပါစို့”**





# TikTok က မြန်မာအပါအဝင် နိုင်ငံအချို့၌သာ သုံးနိုင်သည့် TikTok Now ကို စမ်းသပ်နေ

**ရန်ကုန် အောက်တိုဘာ ၉**

TikTokထက်ပို၍အသုံးပြုရလွယ်ကူသော ပုံစံဖြစ်မည့် TikTok Now ကို မြန်မာနိုင်ငံ အပါအဝင် နိုင်ငံအချို့၌ စက်တင်ဘာလ ကုန်ပိုင်းမှစ၍ စမ်းသပ်နေကြောင်းနှင့် မြန်မာနိုင်ငံမှ TikTok အသုံးပြုသူများ အနေဖြင့် TikTok Now ကို မူလ TikTok အက်ပလီကေးရှင်းမှဖြစ်စေ၊ TikTok Now အက်ပလီကေးရှင်းအသစ်ကို ထည့်သွင်း၍ဖြစ်စေ ဝင်ရောက်ကြည့်ရှု အသုံးပြုနိုင်ပြီဖြစ်ကြောင်း TikTok မှ သတင်းထုတ်ပြန်ချက်အရ သိရသည်။

TikTok Now သည် TikTok ကဲ့သို့ပင် ဗီဒီယိုများ ဖန်တီးမျှဝေနိုင်သည့် ဖျော်ဖြေရေး ဆိုရှယ်မီဒီယာဖြစ်ပြီး အသုံးပြုသူများ၏ ဘေးကင်းလုံခြုံရေးနှင့် ကိုယ်ရေးကိုယ်တာ အချက်အလက်များကို အလေးထားပြီး ရေးဆွဲဖန်တီးထားကြောင်း၊ TikTok Now တွင် ဗီဒီယိုဖန်တီးသူများအနေဖြင့် ကြည့်ရှုမည့်သူများနှင့် Engage လုပ်မည့်များသူကို ရွေးချယ်ဆုံးဖြတ်နိုင်ကြောင်း၊ အခြားသူများကို Block ခြင်း၊ မည်သည့်မှတ်ချက်များ ထားရှိမည်ကို ရွေးချယ်ခြင်း၊ TikTok ၏ လူမှုအသိုင်းအဝိုင်း လမ်းညွှန်ချက်များကို ချိုးဖောက်မှုတွေ့ရှိပါက တိုင်ကြားခြင်းများလည်း ပြုလုပ်နိုင်ကြောင်း သိရသည်။

ထို့ပြင် ဆယ်ကျော်သက်များအတွက် ဘေးကင်းလုံခြုံမှုနှင့် စိတ်ချမှု ရှိစေရန်အတွက် TikTok ကဲ့သို့ပင် အသက် ၁၃ နှစ်မှ ၁၅ နှစ်ကြား၊ ၁၅ နှစ်မှ ၁၆ နှစ်ကြားနှင့် ၁၈ နှစ်အောက် စသည့် အသက်အရွယ်အလိုက် သီးခြား Setting များ သတ်မှတ်ပေးထားမည်ဖြစ်ပြီး အသက် ၁၆ နှစ်အောက် အသုံးပြုသူများ အနေဖြင့် TikTok Now အကောင့်ဖွင့်မည် ဆိုလျှင် သီးသန့် Private အဖြစ် အလိုအလျောက် သတ်မှတ်ထားမည်ဖြစ်သည်။

TikTok အနေဖြင့် အသုံးပြုသူများအတွက် ပိုမိုအဆင်ပြေချောမွေ့သော နည်းလမ်းများကို ကြိုးစားရှာဖွေလျက်ရှိပြီး TikTok Now သည် လာမည့်ရက်သတ္တပတ်များအတွင်း ကမ္ဘာတစ်ဝန်းရှိ သုံးစွဲသူများထံသို့ ရောက်ရှိလာတော့မည်ဖြစ်ကြောင်းနှင့် TikTok အသုံးပြုသူများအနေဖြင့် TikTok Now ပုံစံအသစ်ကို မည်သို့အသုံးပြု လက်ခံကြသည်ကို ပိုမိုရှာဖွေလေ့လာခြင်းဖြင့် သုံးစွဲသူ အတွေ့အကြုံများကို ဆက်လက်မြှင့်တင်သွားမည်ဖြစ်ကြောင်းလည်း TikTok က သတင်းထုတ်ပြန်ထားသည်။




**ကိုစိုး**

# နိုင်ငံတကာဈေးကွက်မှာ စတင်ရောင်းချတဲ့ တန်ဖိုးနည်းဖုန်းမော်ဒယ်သစ် Redmi A1+

**ရန်ကုန် အောက်တိုဘာ ၉**

Redmi ဟာ တန်ဖိုးနည်းဖုန်း မော်ဒယ် Redmi A1 ကို စက်တင်ဘာလဆန်းက အိန္ဒိယနိုင်ငံမှာ စတင်ရောင်းချပြီး စက်တင်ဘာလကုန်ပိုင်းမှာတော့ စွမ်းဆောင်ရည်ပိုင်း အနည်းငယ်ပိုကောင်းတဲ့ Redmi A1+ ကိုပါ ထပ်မံမိတ်ဆက်ရောင်းချထားပါတယ်။ Redmi A1+ ကိုလည်း အိန္ဒိယမှာပဲ စတင်ရောင်းချပြီး မြန်မာနိုင်ငံဈေးကွက်ကို ရောက်လာမယ့်အချိန်ကို အတိအကျ မသိရသေးပါဘူး။ ဒီဖုန်းဟာ Fingerprint Sensor ပါလာတာက လွဲရင် စွမ်းဆောင်ရည်ပိုင်း အတော်များများမှာ Redmi A1 နဲ့ တူညီပါတယ်။ Redmi A1+ ဖုန်းရဲ့ အဓိကကျတဲ့ အချက်အလက်အချို့ကို ဖော်ပြလိုက်ပါတယ်။

| | |
|---|---|
| မျက်နှာပြင်အကျယ် | ၆ ဒသမ ၅၂ လက်မ |
| မျက်နှာပြင်အမျိုးအစား | IPS LCD |
| Resolution | 1600 x 720 pixel |
| Chipset | MTK Helio A22 |
| CPU | Quad–core 2.0 GHz Cortex–A53 |
| RAM နဲ့ မင်မိုရီ | 3/32 (eMMC 5.1) |
| အန်းဒရွိုက်ဗားရှင်း | Android 12 Go Edition |
| ပင်မကင်မရာ | 8 MP(wide)+ 0.08 MP(QVGA) |
| ဆယ်လ်ဖီကင်မရာ | ၅ မဂ္ဂါပစ်ဇယ် |
| ဘက်ထရီ | Li–Po 5000 mAh |
| အားသွင်းစနစ် | 10W အမြန်အားသွင်းစနစ် |



Redmi A1 တုန်းက စွမ်းဆောင်ရည်နဲ့ ဈေးနှုန်းဟာ သင့်တော်ပေမယ့် Fingerprint မပါဝင်တာကတော့ အားနည်းချက်တစ်ခုဖြစ်ခဲ့ပြီး အခု Redmi A1+ကတော့ ဒီအားနည်းချက်ကိုပါ ပြန်ဖြည့်ဆည်း ပေးလိုက်နိုင်ပါတယ်။ ဈေးနှုန်းကတော့ Redmi A1 က ကျပ်နှစ်သိန်းကျော်လောက်ပဲ ကျသင့်ပေမယ့် A1+ က ကျပ် ၂၄၀၀၀၀ ဝန်းကျင် ကျသင့်နိုင်မှာဖြစ်လို့ ဈေးနှုန်း ပိုများလာပါတယ်။

**ကိုစိုး**

**Application Guide**


# ခလုတ်အစားထိုး အသံအတိုးအကျယ်လုပ်နိုင်တဲ့ Volume Control အက်ပလီကေးရှင်း

ဖုန်းအသုံးပြုသူတွေအနေနဲ့ အသံအတိုးအကျယ်အတွက် ဟာ့ဒ်ဝဲခလုတ်တွေကို အများဆုံးအသုံးပြုကြရာမှာ အချိန်ကြာတဲ့အခါ ခလုတ်တွေပျက်လာလေ့ရှိပါတယ်။ အသံအတိုးအကျယ်ခလုတ် ပျက်နေရင်ဖြစ်စေ၊ မပျက်သေးပေမယ့် ခလုတ်တွေ ကြာရှည်ခံအောင် ခလုတ်အစားထိုး သုံးစွဲဖို့ဖြစ်စေ ရိုးရိုးရှင်းရှင်းနဲ့ အသုံးဝင်တဲ့ အက်ပလီကေးရှင်းတစ်ခုက KR Editor ကထုတ်ထားတဲ့ Volume Control ဆိုတဲ့ အက်ပလီကေးရှင်းဖြစ်ပါတယ်။

ဒီအက်ပလီကေးရှင်းမှာ ဖုန်းရဲ့ မတူညီတဲ့အသံစနစ်တွေဖြစ်တဲ့ ဖုန်းဝင်လာရင် မြည်တဲ့အသံ၊ ဖုန်းပြောတဲ့အသံ၊ မီဒီယာဖိုင်တွေဖွင့်တဲ့အသံနဲ့ Alarm မြည်သံတွေကို ခလုတ်မသုံးဘဲ အလွယ်တကူ အတိုးအကျယ်လုပ်နိုင်တဲ့အပြင် အသံအားလုံးကို အကျယ်ဆုံးပြောင်းတာ၊ Vibrate လုပ်တာနဲ့ Mute လုပ်တာတွေကိုလည်း တစ်ချက်နှိပ်ရုံနဲ့တင် ပြောင်းလဲနိုင်ပါတယ်။

ပလေးစတိုးမှာ Volume Control အက်ပလီကေးရှင်းတွေ အများအပြားရှိပေမယ့် အများစုဟာ အက်ပလီကေးရှင်း icon ကိုနှိပ်ပြီးမှ အက်ပလီကေးရှင်းထဲ ဝင်သုံးရတာမျိုးတွေဖြစ်လို့ အဆင်မပြေပါဘူး။ KR Editor ရဲ့ အက်ပလီကေးရှင်းကတော့ ဖုန်းရဲ့ Notification Panel မှာပါ လုပ်ဆောင်ချက်တွေကို ထုတ်ပေးထားတာကြောင့် အခြားအက်ပလီကေးရှင်းတွေ၊ ဂိမ်းတွေ သုံးနေရင်း ထွက်သွားစရာမလိုဘဲ အသံတိုးတာ ကျယ်တာ လုပ်နိုင်ပါတယ်။ ဒီအက်ပလီကေးရှင်းကို Volume Control KR Editor လို့ ရိုက်ရှာနိုင်ပါတယ်။ ဖိုင်အရွယ်အစားက 2MB လောက်ပဲရှိပြီး အန်းဒရွိုက်ဗားရှင်း 4.2 နဲ့အထက် အားလုံးမှာ အသုံးပြုနိုင်ပါတယ်။

**ကျော်ဇင်ဦး**




# အက်တမ်က Trust Oo နှင့် ပူးပေါင်း၍ အွန်လိုင်းမှ ကျန်းမာရေးဆွေးနွေးသည့် ဝန်ဆောင်မှုများကို စတင်

**ရန်ကုန် အောက်တိုဘာ ၉**

အက်တမ်(ATOM)အနေဖြင့် ထိပ်တန်းကျန်းမာရေးစောင့်ရှောက်မှုစင်တာဖြစ်သော Trust Oo ကုမ္ပဏီလီမိတက်နှင့် ပူးပေါင်း၍ အက်တမ်သုံးစွဲသူများ အားလုံးအတွက် ကျန်းမာရေးဆိုင်ရာများကို ဖုန်းဖြင့် တိုင်ပင်ဆွေးနွေးနိုင်မည့် ဝန်ဆောင်မှုကို အောက်တိုဘာ ၁၀ ရက်မှစ၍ အခမဲ့ ပေးအပ်မည်ဖြစ်ပြီး အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုစနစ်ကို စတင်ရန်အတွက် အက်တမ်နှင့် Trust Oo တို့ စက်တင်ဘာ ၃၀ ရက်က သဘောတူညီမှုလက်မှတ် ရေးထိုးခဲ့ကြကြောင်း၊ တစ်နှစ်တာကြာမြင့်မည့် အစီအစဉ်အတွင်း သုံးစွဲသူပေါင်း ၇၀၀၀၀ မှ ၁၀၀၀၀၀ အထိကို ကူညီရန် ရည်မှန်းထားကြောင်း သိရသည်။

ဤပူးပေါင်း ဆောင်ရွက်မှုသည် ကျန်းမာရေး စောင့်ရှောက်မှု ဝန်ဆောင်မှုများကို နေရာဒေသမရွေးမှ လက်လှမ်းမီနိုင်စေရန် ရည်ရွယ်ချက်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း အက်တမ်မှ သတင်းထုတ်ပြန်ထားသည်။

ATOM ၏ ဒုတိယ အမှုဆောင်အရာရှိချုပ် ဦးဝင်းပိုင်ကျော်က "လူနာတွေအနေနဲ့ Trust Oo Co., Ltd. မှာရှိတဲ့ ကျန်းမာရေးစောင့်ရှောက်မှု ကျွမ်းကျင်ပညာရှင်တွေနဲ့ ၂၄ နာရီ၊ ၇ ရက်ပတ်လုံး အခမဲ့ အလွယ်တကူ တိုင်ပင်ဆွေးနွေးနိုင်အောင် အက်တမ်က ချိတ်ဆက်ပေးလိုပါတယ်။ ဆေးရုံကိုသွားစရာမလိုဘဲ သုံးစွဲသူတွေနဲ့ လူနာတွေက hotline ဝန်ဆောင်မှုကို အဆင်ပြေပြေနဲ့ လွတ်လွတ်လပ်လပ် ဖုန်းခေါ်ဆိုပြီး လိုအပ်တဲ့ အကူအညီတွေကို အမြန်ဆုံးရယူနိုင်ပါတယ်" ဟု ပြောကြားသည်။

အက်တမ်သုံးစွဲသူများသည် အောက်တိုဘာ ၁၀ ရက် (သီတင်းကျွတ်လပြည့်နေ့) မှစတင်၍ အဆိုပါ ကျန်းမာရေးဆွေးနွေးသည့် ဝန်ဆောင်မှုများကို အဆင့်အလိုက် ရရှိနိုင်မည်ဖြစ်ပြီး အက်တမ်နှင့် Trust Oo တို့၏ လူမှုကွန်ရက်စာမျက်နှာများမှ တစ်ဆင့်လည်း မကြာမီ အသိပေးအကြောင်းကြားသွားမည် ဟု သိရသည်။

အက်တမ်သုံးစွဲသူ အားလုံးသည် ဝန်ဆောင်မှုများကို အခမဲ့ သုံးစွဲနိုင်မည်ဖြစ်ပြီး အထွေထွေဖုန်းဖြင့် ဆွေးနွေးတိုင်ပင်မှုအတွက် အက်တမ်ဆင်းကတ်ဖြင့် 7887 သို့ ခေါ်ဆိုရမည်ဖြစ်သည်။ ကျွမ်းကျင်ပညာရှင်များဖြင့် ဆွေးနွေးတိုင်ပင်မှုအတွက် ATOM Store အက်ပ်မှ တိုက်ရိုက်ခေါ်ဆိုရမည်ဖြစ်သည်။ ကျန်းမာရေးဆိုင်ရာ အကြောင်းအရာများ ဆွေးနွေးရန်အတွက်မူ အက်တမ်ဆင်းကတ်မှ 7887 သို့ ခေါ်ဆို၍ဖြစ်စေ အက်ပ်မှ တိုက်ရိုက်ဖြစ်စေ ခေါ်ဆိုနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဆွေးနွေးသော အချက်အလက်များကို လျှို့ဝှက်ထားမည်ဖြစ်ပြီး သုံးစွဲသူများ၏ ဆေးမှတ်တမ်းနှင့် ဆေးကုသမှုသမိုင်းကြောင်းများကို Trust Oo က အကာအကွယ်ပေးထားမည်ဖြစ်ကြောင်း သိရသည်။ **ကျော်ဇင်ဦး**

## မဏိရတနာမြတောင်ကျောင်းတိုက်၏ အဓိပတိမဟာနာယက၊ နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တအကိုရ (အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်မြတ်ကြီး ဘဝနတ်ထံပျံလွန်တော်မူ

**နေပြည်တော် အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် ရတနာဘုမ္မိအနောက်ရပ်ကွက် မဏိရတနာမြတောင်ကျောင်းတိုက်၏ အဓိပတိမဟာနာယက၊ နိုင်ငံတော်သြဝါဒါစရိယ ဘဒ္ဒန္တအကိုရ (အဂ္ဂမဟာပဏ္ဍိတ) မဟာထေရ်မြတ်ကြီးသည် သက်တော်(၉၀)နှစ်၊ သိက္ခာတော်(၇၀)ဝါအရ ၁၃၈၄-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၅ ရက်၊ ယနေ့ တနင်္ဂနွေနေ့၊ နံနက် ၈ နာရီ ၄၁ မိနစ်အချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် အောက်တိုဘာ ၁၅ ရက်တွင် အန္တိမအဂ္ဂိစျာပနပူဇောကို ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်ကုန်းမြို့၌ နေပြည်တော်ကောင်စီက ကြီးမှူးကျင်းပသည့် အသံမစဲမဟာပဋ္ဌာန်းမြတ်ရွတ်ဖတ်ပူဇော်ခြင်း အခမ်းအနားဖွင့်ပွဲကျင်းပ



**တပ်ကုန်း အောက်တိုဘာ ၉**

နေပြည်တော်ကောင်စီက ကြီးမှူးကျင်းပသည့် တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ ပထမအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ခြင်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အောင်ဇေယျရပ်ကွက် မြို့လယ်သာသနဝေပုလ္လ စာသင်တိုက်၊ မဏိရတနာပတ္တမြားကျောင်းတွင် ကျင်းပရာ တပ်ကုန်းမြို့နယ် အနော်ရထာရပ်ကွက်၊ မြို့ရှေ့စန္ဒရုံကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တစန္ဒသိရီ အရှင်သူမြတ်အမှူးပြုသည့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြသည်။

ရှေးဦးစွာ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးဇေယျာလင်း၊ ဦးမြင့်စိုးနှင့် တက်ရောက်လာကြသော ဧည့်ပရိသတ်များက မြို့ရှေ့စန္ဒရုံကျောင်းတိုက်ပဓာနနာယကဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တစန္ဒသိရီအရှင်သူမြတ်ထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး အခမ်းအနားမှူးက ပဋ္ဌာန်းရောင်ခြည်တော်ဖွင့်ဂါထာကို ရွတ်ဖတ်ပူဇော်သည်။

ထို့နောက် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးက သာသနာတော် ဆိုင်ရာများ လျှောက်ထားပြီးနောက် နေပြည်တော်ကောင်စီအဖွဲ့ဝင်နှင့် တာဝန်ရှိသူများက ဆရာတော်၊ သံဃာတော်များထံ ပဋ္ဌာန်းကျမ်းစာအုပ်၊ ပဋ္ဌာန်းပရိတ်ပန်းအိုးနှင့် ပရိတ်ရေများ ဆက်ကပ်ပူဇော်ကာ ဆရာတော်၊ သံဃာတော်များ ဦးဆောင်၍ ပရိသတ်အားလုံးက ပဋ္ဌာန်းပစ္စယုဒ္ဒေသပါဠိတော် သုံးကြိမ် ရွတ်ဖတ်ပူဇော်ခဲ့ကြပြီး ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

တပ်ကုန်းမြို့နယ်လုံးဆိုင်ရာ ပထမအကြိမ် အသံမစဲမဟာပဋ္ဌာန်းမြတ် ရွတ်ဖတ်ပူဇော်ပွဲကို အောက်တိုဘာ ၉ ရက်မှ အောက်တိုဘာ ၁၃ ရက်အထိ ငါးရက်တိုင်တိုင် ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။

**တင်စိုးလွင်**

## တိုင်းဒေသကြီးနှင့် ပြည်နယ်များ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

**နေပြည်တော် အောက်တိုဘာ ၉**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆောင်ရွက်ရာတွင် ကာကွယ်ဆေးထိုးနှံခြင်းသည် အဓိကအခန်းကဏ္ဍတွင် ပါဝင်သည့် လုပ်ငန်းတစ်ရပ်ဖြစ်သောကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ ကာကွယ်ဆေး ထိုးနှံခြင်းကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ ဒေသခံပြည်သူ ၆၅၇ ဦးနှင့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် သုံးမြို့နယ်တို့၌ ဒေသခံပြည်သူ ၂၁၅ ဦးတို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေး ဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။




ထို့ပြင် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကာကွယ်ရာတွင် အထောက်အကူ ဖြစ်စေရန်အတွက် နှာခေါင်းစည်းများကို ပြည်သူများ လက်ဝယ်အရောက် တိုင်းစစ်ဌာနချုပ် အသီးသီးမှ တာဝန်ရှိသူများက အခမဲ့ပေးဝေလှူဒါန်းလျက်ရှိရာ ယနေ့တွင် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့ရှိ စာသင်ကျောင်းများ၊ ဈေးများ၊ လမ်းများ၊ မြို့အဝင်ဂိတ်များနှင့် လူစည်ကားရာ နေရာများတွင် နယ်မြေခံတပ်မတော်သားများက ခရိုင်/ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် အသိပညာပေး ဆောင်ရွက်ခြင်း၊ နှာခေါင်းစည်းများတပ်ဆင်ပြီး သွားလာကြရန် လှုံ့ဆော်ခြင်းနှင့် နှာခေါင်းစည်းများကို ဒေသခံပြည်သူများ လက်ဝယ်အရောက် အခမဲ့ပေးဝေလှူဒါန်းကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

❖ **အပြင်ထွက်တိုင်း ပါးစပ်နှင့် နှာခေါင်းစည်း(mask)ကို စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

## နိုင်ငံတော်သြဝါဒါစရိယ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၊ ရတနာဘုမ္မိအနောက်ရပ်ကွက်၊ မဏိရတနာမြတောင်ကျောင်းတိုက် အဓိပတိမဟာနာယကဆရာတော် ဘဒ္ဒန္တအကိုရ (အဂ္ဂမဟာပဏ္ဍိတ)၏ ထေရုပ္ပတ္တိအကျဉ်း



### ဖွားမြင်တော်မူခြင်း

ဆရာတော် လောင်းလျာသည် ဧရာဝတီတိုင်း ဒေသကြီး မအူပင်မြို့နယ် သူငွေးကုန်းကျေးရွာတွင် ခမည်းတော် ဦးစံထိုက်+မယ်တော်ဒေါ်အေးပုံတို့မှ ၁၂၉၅-ခုနှစ်၊ ကဆုန်လပြည့်ကျော် (၁၃) ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူသော သားရတနာဖြစ်ပါသည်။

### ရှင်ရဟန်းပြုတော်မူခြင်း

ဆရာတော်လောင်းလျာသည် မအူပင်မြို့နယ် သူငွေးကုန်းကျေးရွာ ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တပေါရာဏကို ဥပဇ္ဈာယ်ပြုလျက် မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။ ၁၃၁၅-ခုနှစ်၊ ဒုတိယဝါဆိုလဆန်း ၅ ရက်နေ့တွင် ငါန်းဇွန်မြို့နယ်၊ ရွာဦးကျောင်းခဏ္ဍသိမ်၌ ယင်းကျောင်းဆရာတော်ကို ဥပဇ္ဈာယ်ပြု၍ ဒေါ်ညီမလေး၏ ပစ္စယာနုဂ္ဂဟကိုခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

### ပရိယတ္တိစာပေသင်ယူ ဆည်းပူးတော်မူခြင်း

ဆရာတော်လောင်းလျာသည် မအူပင်မြို့နယ် သူငွေးကုန်းကျေးရွာ ရွာဦးကျောင်းဆရာတော်ဘဒ္ဒန္တပေါရာဏ၊ မန္တလေးမြို့၊ မဏိရတနာ မြတောင်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တကေလာသာဘိဝံသ စသည့်ဆရာတော်များထံမှ ပရိယတ္တိစာပေများကို သင်ယူဆည်းပူးခဲ့ပြီး **“သာသနဓဇ ဓမ္မာစရိယ”** ဘွဲ့ကို ရရှိတော်မူခဲ့ပါသည်။

### သာသနာရေးအားပေး ဆောင်ရွက်တော်မူခြင်း

ဆရာတော်သည် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ် မဏိရတနာမြတောင်ကျောင်းတိုက် ၌ စာသင်သားရဟန်း/ သာမဏေများအား စာပေကျမ်းဂန်များ သင်ကြားပို့ချပေးတော်မူခဲ့ခြင်း၊ သံဃအဖွဲ့အစည်းအဆင့်ဆင့်တွင် ရပ်/ကျေးသံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်အဖြစ် လည်းကောင်း၊ မြို့နယ်ဝိနည်းဓိုရ်၊ တိုင်းဒေသကြီး ဝိနည်းဓိုရ်ဆရာတော်အဖြစ် လည်းကောင်း၊ နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်အဖြစ် လည်းကောင်း ယနေ့အထိ သာသနာ့တာဝန်များကို ဆောင်ရွက်တော်မူခဲ့ပါသည်။

### ဘွဲ့တံဆိပ်တော်အလှူခံ ရရှိတော်မူခြင်း

ဤသို့လျှင် ဗုဒ္ဓသာသနာအကျိုးကို ထက်သန်သော ဝီရိယဖြင့် သယ်ပိုးဆောင်ရွက်တော်မူခဲ့သော သာသနစုရာ ဝဟဂုဏ်၊ ပရဟိတာဝဟဂုဏ်၊ သာသနဟိတဓရဂုဏ်၊ ခမာဇာဂရိယဂုဏ်၊ ရတ္တညူမဟာနာယကဂုဏ်၊ ပိဋကတ္တယဆေကဂုဏ်၊ လဇ္ဇီပေသလသိက္ခာကာမဂုဏ်စသည်တို့နှင့် ပြည့်စုံတော်မူခြင်းတို့ကြောင့် နိုင်ငံတော်အစိုးရက ဆရာတော်ကြီးအား ၂၀၂၂-ခုနှစ် တွင် **“အဂ္ဂမဟာပဏ္ဍိတ”** ဘွဲ့တံဆိပ်တော်မြတ်ကို ဆက်ကပ် လှူဒါန်းခဲ့ပါသည်။

### ဘဝနတ်ထံပျံလွန်တော်မူခြင်း

ဆရာတော်ကြီးသည် သာသနာတော်အကျိုးကို သယ်ပိုးဆောင်ရွက်တော်မူရင်း သက်တော်(၉၀)နှစ်၊ သိက္ခာတော်(၇၀)ဝါအရ ၁၃၈၄-ခုနှစ်၊ သီတင်းကျွတ်လဆန်း ၁၅ ရက်၊ (၉-၁၀-၂၀၂၂)၊ တနင်္ဂနွေနေ့၊ နံနက် ၈:၄၁ နာရီအချိန်တွင် ဘဝနတ်ထံပျံလွန်တော်မူကြောင်းနှင့် ၁၅-၁၀-၂၀၂၂ ရက်နေ့တွင် အန္တိမအဂ္ဂိစျာပနပူဇောကို ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း သာသနာရေးဦးစီးဌာနမှ သတင်းရရှိပါသည်။

**သတင်းစဉ်**



ရွှေယဉ်မျှော်ပြည်တော်ဒေစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

# သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ဘားအံမြို့ရှိ ကျောင်း၊ ကန်၊ ဘုရား၊ စေတီ၊ ပုထိုးများ၌ ကောင်းမှုကုသိုလ်ပြုသူများဖြင့်စည်ကား

ဘားအံ အောက်တိုဘာ ၉

**ကရင်ပြည်နယ် ဘားအံမြို့သည် တည်ငြိမ်အေးချမ်းလျက်ရှိပြီး သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် ဘားအံမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားများ၊ သာသနိကအဆောက်အအုံများတွင် ပန်း၊ ရေချမ်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ကပ်လှူပူဇော်ကြသူများ၊ ကောင်းမှုကုသိုလ်ပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။**

**ဘုရားဖူးများစည်ကား**

သီတင်းကျွတ် လပြည့်နေ့ နံနက်ပိုင်းမှစတင်၍ ဘားအံမြို့ပေါ်ရှိ ဘုန်းတော်ကြီးကျောင်း ၅၀ ကျော်တို့တွင် သီတင်းသုံးနေထိုင်တော်မူကြသည့် ဆရာတော်၊ သံဃာတော်၊ သာမဏေ၊ သီလရှင်များအား ဆွမ်း၊ ခဲဖွယ်နှင့် လှူဖွယ်ဝတ္ထုပစ္စည်း ဆက်ကပ်လှူဒါန်းကြသူများ၊ ဥပုသ်သီလခံယူ ဆောက်တည်ကြသူများဖြင့် စည်ကားလျက်ရှိပြီး မြို့ပေါ်လမ်းတစ်လျှောက် တွင်လည်း ကျောင်း၊ ကန်၊ ဘုရားသွားသူများ၊ မြို့နှင့် ပတ်ဝန်းကျင်ရှိ အထင်ကရနေရာများသို့ တစ်ရက်တာအပန်းဖြေ ဘုရားဖူးထွက်သူများဖြင့် စည်ကားလျက်ရှိသည်။

မြန်မာသက္ကရာဇ် ၄၁၉ နှစ် (အေဒီ-၁၀၅၇) အနော်ရထာမင်း လက်ထက် သထုံပြည်ကို တိုက်ခိုက်သိမ်းယူချိန် သထုံမနူဟာမင်းကြီး၏ သားတော်နှစ်ပါးဖြစ်သော သီဟကုမ္မာရနှင့် စိတ္တကုမ္မာရမင်းသားနှစ်ပါး ရှောင်တိမ်းထွက်ပြေး ခိုလှုံရာမှအစွဲပြုအမည်တွင်သော ရေးကျသောဘုရင့်ညီနောင်လိုဏ်ဂူတွင် ကိန်းဝပ်စံပယ်လျက်ရှိသည့် ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်စေတီတော်၊ ရုပ်ပွားတော်များ၊ ရှေ့ဟောင်းဂဝံအုတ်ချပ်ကြီးများ၊ လက်ရေးစင် အမှတ်အသားပါ အုတ်ချပ်ကြီးများ၊ ကျောက်ကပ်ဘုရားများကို လာရောက်ဖူးမြော်သူများ စည်ကားလျက်ရှိသကဲ့သို့ နွေ၊ မိုး၊ ဆောင်း အဆက်မပြတ် စီးဆင်းနေသော သဘာဝရေပူစမ်းပေါက်ကြီးနှင့် ရေအေးစမ်းပေါက်တို့မှ ရေပူရေအေးများ ရောနှောခြင်းမရှိ တစ်ခြမ်းစီထွက်ရှိ စီးဆင်းနေမှုကို ကွန်ကရစ်ရေကန်များဖြင့် ကာရံ၍ ရေချိုး၊ ရေးကူးသူများလည်း ရှိသည်။

ထို့အတူ သမိုင်းတန်ဖိုးကြီးမားသော ရှေးဟောင်းသမိုင်းဝင် ကော့ဂွန်းဂူတော်ကြီး၏ အတွင်းပိုင်းနှင့် အပြင်ပိုင်းရှိ အုတ်ကျောက်၊ အင်္ဂတေ၊ သစ်သားတို့ဖြင့် ပုံစံအမျိုးမျိုး၊ အရွယ်အစားအမျိုးမျိုး၊ အနေအထားအမျိုးတို့ဖြင့် ထုလုပ်စီမံထားသော ဆင်းတုတော်များ၊ ရုပ်လုံးရုပ်ကြွများ၊ ကျောက်ကပ် အုတ်ခွက်ဘုရားများ၊ မင်စာဟုထင်ရသည့် ရှေးဟောင်းစာများ၊ ရုပ်တော်မူ၊ ထိုင်တော်မူ၊ လျောင်းတော်မူရုပ်ပွားတော်များကို လာရောက်ဖူးမြော်သူများကိုလည်း မြင်တွေ့ရသည်။

လိုဏ်ဂူအတွင်း ကျောက်အမိုးပေါက်တစ်ခုရှိပြီး ရသေ့တစ်ပါးတောင်ကိုဖောက်၍ ကောင်းကင်သို့ ဈာန်ဖြင့် ပျံတက်သွားသောကြောင့် ရသေ့ပျံတောင်ဟု ခေါ်တွင်သည့် ရသေ့ပျံဂူတွင် ဗုဒ္ဓဉာဏ ရသေ့မြတ်သီတင်းသုံး နေထိုင်ခဲ့သည်ဟု အဆိုရှိပြီး ဂူအတွင်း ရသေ့တရား အားထုတ်ခဲ့သော ကျောက်ဖျာ၊ တောင်ကိုထွင်းဖောက်သွားသော ကျောက်အမိုးပေါက်၊ ရသေ့ဆေးထောင်းခဲ့သော ကျောက်ဆုံ၊ ရသေ့မှောက်သွားသော ဆေးသွေးကျောက်ပြင်ကြီးတို့ကို လာရောက်ကြည့်ရှုလေ့လာကြသည့် ဘုရားဖူးခရီးသွားဧည့်သည်များကိုလည်း မြင်တွေ့ရပြီး လုမ္ဗိနီဥယျာဉ်မှ ဗုဒ္ဓရုပ်ပွားတော်များအား လာရောက်ဖူးမြော်သူများ၊ အမြင့် ပေ ၂၃၇၂ ပေရှိ ဇွဲကပင် ဆံတော်ရှင်စေတီသို့ ရှုမျှော်ခင်းကြည့် တက်ရောက်ဘုရားဖူးသူများလည်း ရှိပေသည်။

**ဘေးမဲ့တောင်သဘာဝဥယျာဉ်**

ဘားအံမြို့နှင့် ပတ်ဝန်းကျင်ဒေသရှိ ကြောင့်ကမ်လဘ်စေတီတော်၊ ထွန့်ပတိုင်၊ ကော့ဂွန်းဂူ၊ ဆန္ဒန်ဂူ၊ ရသေ့ပျံဂူ၊ ဘုရင့်ညီနောင် ရတနာလိုဏ်ဂူ၊ ကော့ကသောင်ဂူ၊ ဒုံရင်းရေတံခွန်ရေလျောင်တမံနှင့် အနားယူအပန်းဖြေရာနေရာများတွင် လည်ပတ်သူများဖြင့် ယခင်ကထက် ပိုမိုစည်ကားလျက်ရှိပြီး သစ်မျိုးအရေအတွက် ၇၈ မျိုး၊ အပင်အရေအတွက် ၁၅၅၇ ပင်နှင့် တည်ဆောက်ရေးလုပ်ငန်းပေါင်း ၂၈ ခုဖြင့် ပေါင်းစပ်ကာ အပန်းလည်းပြေ ဗဟုသုတလည်းဖြန့်ဝေပေးသော မြေဧရိယာ ၁၇ ဧကခန့် ကျယ်ဝန်းသည့် ဘားမဲတောင်သဘာဝဥယျာဉ်၊ ဦးပေါက်တံတားနှင့် မြေယာရှုခင်း Landscaping ကို အခြေခံ၍ အရိပ်ရသစ်ပင် ၁၅၀၊ ရွက်လှပန်းပင် ၆၀၀၀၀ ခန့်၊ ပန်းအလှပင် ၃၀၀၀၀ ခန့် စိုက်ပျိုးထားရှိသော ဇွဲကပင်ပန်းခြံတို့တွင်လည်း လူအများလာရောက် လည်ပတ်ကြသည်ကို မြင်တွေ့ရသည်။

တစ်ရက်တာ လည်ပတ်အပန်းဖြေ အပြီးတွင် ဘားအံမြို့ ကမ်းနားလမ်းရှိ ညနေခင်းမုန့်စျေးတန်းနှင့် ကန်သာယာမုန့်စျေးတန်းတို့တွင် မုန့်ပဲသရေစာမျိုးစုံ၊ တောထမင်း၊ တောဟင်းနှင့်ထိုင်း အစားအစာများကို ဝယ်ယူ စားသုံးကြသူများဖြင့်လည်း စည်ကားလှပေသည်။

ထို့အတူ သေဋ္ဌမာန်အောင်ဘုရားကြီး၊ ဘားအံမြို့ပေါ်ရှိ ကျောင်းတိုက်များမှ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများနှင့် သံဃာတော်များက (၃၂) ကြိမ်မြောက် အသံမစဲအဘိဓမ္မာ ခုနစ်ကျမ်းကို စတင်ရွတ်ဖတ်ပူဇော်ကြပြီး ကရင်ပြည်နယ် ဝန်ကြီးချုပ်နှင့် ဇနီး၊ အစိုးရအဖွဲ့ဝင်များနှင့် ဇနီးများ၊ ဌာနဆိုင်ရာများ၊ တပည့်ဒါယကာ၊ ဒါယိကာမများ၊ ဗုဒ္ဓဘာသာနွယ်ဝင် အများပြည်သူများက လာရောက်ဖူးမြော်ကြည်ညိုကြကာ ဘုရားဖူးလာရောက်သူများနှင့် အတူ စည်ကားလျက်ရှိသည်။

ဘားအံမြို့သည် ပတ်ဝန်းကျင်ဒေသများနှင့် ဆက်သွယ်သွားလာရ လွယ်ကူပြီး ပြည်တွင်း၊ ပြည်ပခရီးသွား ဘုရားဖူးဧည့်သည်များ နေ့စဉ်ဝင်ထွက်သွားလာမှုနှင့်အတူ ကျောင်းကန်ဘုရားစေတီပုထိုးများ၌ ကောင်းမှုကုသိုလ်ပြုကြသူများမှာ ကိုဗစ်ကာလနှင့် ယခင်နှစ်များထက် တစ်မူထူးခြားစွာ စည်ကားလျက်ရှိနေသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကျိုင်းတုံမြို့၌ သီတင်းကျွတ်လပြည့်နေ့ ဇီဝိတဒါနငါးလွှတ်ပွဲကျင်းပ

**ကျိုင်းတုံ အောက်တိုဘာ ၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့၌ သီတင်းကျွတ်လပြည့်နေ့ ဇီဝိတဒါန ငါးလွှတ်ပွဲကို အောက်တိုဘာ ၉ ရက် နံနက် ၈ နာရီက ကျိုင်းဖောင်းချောင်း၌ ကျင်းပသည်။

ဇီဝိတဒါနငါးလွှတ်ပွဲသို့ ကျိုင်းတုံမြို့ သီလဓမ္မကုန်းသာတောရကျောင်း၊ ဝစီပိတ်ဆရာတော်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နီလင်းအောင်၊ ပြည်နယ်အစိုးရအုပ်ချုပ်ရေးအဖွဲ့ခွဲ (ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးရဲနိုင်၊ ဌာနဆိုင်ရာဝန်ထမ်းများ စုပေါင်း၍ မြက်စားငါးကြင်းနှင့် တီလားဗီးယား ငါးသားပေါက် အကောင်ရေ ၈၀၀၀ ကို ဇီဝိတဒါန လွှတ်ပေးခဲ့ကြောင်း သိရသည်။ **(အောက်ပုံ)**

**အောင်အောင်**



# သီတင်းကျွတ်လပြည့်နေ့တွင် မြဝတီမြို့နယ်အတွင်းရှိ ဘုရားစေတီပုထိုးများ၌ ကုသိုလ်ကောင်းမှုပြုသူများဖြင့် အထူးစည်ကားလျက်ရှိ

**မြဝတီ အောက်တိုဘာ ၉**

ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သည့် သီတင်းကျွတ်လပြည့်နေ့တွင် ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ဘုရားစေတီပုထိုးများတွင် ဥပုသ်သီတင်းသီလ ဆောက်တည်ကြသူများ၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ သစ်သီး၊ ဆီမီး၊ အမွှေးနံ့သာများ ဆက်ကပ်လှူဒါန်း၍ ကုသိုလ်ကောင်းမှုပြုသူများ၊ တရားဘာဝနာပွားများ ကျင့်ကြံအားထုတ်သူများဖြင့် အထူးစည်ကားလျက်ရှိကြောင်း သိရသည်။

ထိုသို့ စည်ကားလျက်ရှိရာမှာ မြဝတီမြို့ရှိ မြို့ကျက်သရေဆောင် ဆံတော်ရှင် ရွှေမြင်းဝန်စေတီတော်မြတ်ကြီးတွင် လည်းကောင်း၊ ကျောက်လုံးကြီးကျောင်းတိုက်တွင်လည်းကောင်း၊ အဓိဋ္ဌာန်အောင်စေတီတော်တွင်လည်းကောင်း၊ ရွှေတိဂုံပုံတူ မဟာကနက စေတီတော်တွင်လည်းကောင်း တည်ငြိမ်အေးချမ်း ပျော်ရွှင်စွာ ဘုရားဖူးလာသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။

အလားတူ မြဝတီမြို့နယ်အတွင်းရှိ ရပ်ကွက်များအတွင်း၌လည်း စတုဒိသာ ကျွေးမွေးလှူဒါန်းသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**



# ဆံတော်ရှင်ကျိုက်ထီးရိုးစေတီတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲနှင့် ဗုဒ္ဓပူဇနိယပွဲတော် ဖွင့်ပွဲ မင်္ဂလာအခမ်းအနားကျင်းပ

**ကျိုက်ထို အောက်တိုဘာ ၉**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ တည်ရှိသည့် ဆံတော်ရှင်ကျိုက်ထီးရိုး စေတီတော်မြတ်ကြီး၏ ဗုဒ္ဓါဘိသေကအနေကဇာတင်ပွဲနှင့် ဗုဒ္ဓါပူဇနိယပွဲတော် ဖွင့်ပွဲမင်္ဂလာအခမ်းအနားကို မြန်မာသက္ကရာဇ် ၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ အောက်တိုဘာ ၉ ရက် နံနက် ၅ နာရီခွဲ၌ ဆံတော်ရှင် ကျိုက်ထီးရိုးရင်ပြင်တော်၌ ကျင်းပသည်။

ရှေးဦးစွာ ကျိုက်ထီးရိုးရင်ပြင်တော်ရှိ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ရုံး၌ ကျိုက်ထီးရိုးစေတီတော် ဩဝါဒါစရိယ ဆရာတော် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင်ဥူးအာစရ (ဘေးမဲ့မဟာ မရမ်းချိုကျောင်းတိုက်ဆရာတော်) အမှူးပြုသော ဩဝါဒါစရိယဆရာတော် ၁၁ ပါး တို့အား မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဦးမြတ်သွင်နှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ မွန်ပြည်နယ် သာသနာရေးမှူး ဦးအောင်ဝင်းထွန်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဆံတော်ရှင် ကျိုက်ထီးရိုးစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဝင်များက အရုဏ်ဆွမ်းဆက်ကပ်လှူဒါန်းပြီး အခမ်းအနားကို ဆက်လက်ကျင်းပရာ ဩဝါဒါစရိယ ဆရာတော် ၁၁ ပါးက ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော်မြတ်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်လှူ ပူဇော်ပြီး စေတီတော်မြတ်အား ဆရာတော်ကြီးများနှင့် မွန်ပြည်နယ်အစိုးရအဖွဲ့ တာဝန်ရှိသူများက အမွှေးနံ့သာရည်များပက်ဖျန်း၍ ပူဇော်ခဲ့ကြသည်။(**အပေါ်ယာပုံ**)

ယင်းနောက် ဗုဒ္ဓပူဇနိယပွဲတော်ဖွင့်ပွဲ မင်္ဂလာကို နမောတဿ သုံးကြိမ်ရွတ်ဆိုပူဇော်ဖွင့်လှစ်ပြီး အဘယသုတ ကျောင်းတိုက် ဆရာတော်ဘဒ္ဒန္တ သာသနထံမှ ကိုးပါးသီလ ခံယူဆောက်တည်၍ ဆရာတော်ကြီးများက မေတ္တာသုတ် ပရိတ်တရားတော်များ ရွတ်ပွားသရဇ္ဈာယ် ချီးမြှင့်ပေးရာ မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဦးမြတ်သွင်က သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ဩဝါဒါစရိယ ဆရာတော်ကြီးများထံ မွန်ပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ကျိုက်ထီးရိုးဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ဝင်များက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကာ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ (နိုင်ငံတော်သံဃမဟာနာယကအဖွဲ့) အဖွဲ့ဝင်ထံမှ အနုမောဒနာတရား နာယူကြည်ညို၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ ဗုဒ္ဓပူဇနိယပွဲတော် မင်္ဂလာအခမ်းအနားကို ရုပ်သိမ်းခဲ့သည်။



ထို့နောက် မွန်ပြည်နယ် လူမှုရေးဝန်ကြီး ဦးမြတ်သွင်၊ မွန်ပြည်နယ် ဥပဒေချုပ် ဦးမြင့်အောင်၊ ဆံတော်ရှင် ကျိုက်ထီးရိုး စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ခေါင်းဆောင် ဦးစိုးလှတို့က ဆံတော်ရှင် ကျိုက်ထီးရိုးစေတီရင်ပြင်တော်၌ ဗုဒ္ဓပူဇနိယပွဲတော်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ဆွမ်းဆန်စိမ်း လောင်းလှူပွဲကို ကျင်းပရာ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဘုရားဖူးပြည်သူများက ဆွမ်းဆန်စိမ်းနှင့်အတူ လှူဖွယ်ဝတ္ထုများအား လောင်းလှူခဲ့ကြကြောင်း သိရသည်။

**ဝင်းမောင်(ကျိုက်ထို)**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရား၊ စေတီပုထိုးများ၊ အထင်ကရနေရာများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို၊ အပန်းဖြေနေရာများ၌ အများပြည်သူများဖြင့် စည်ကား

**နေပြည်တော် အောက်တိုဘာ ၉**

ယနေ့သည် ၁၃၈၄ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ အဘိဓမ္မာအခါတော်နေ့ ဖြစ်သည်နှင့်အညီ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီ၊ ပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဖူးမြော်ကြည်ညိုခြင်း၊ တရားဘာဝနာ ပွားများကျင့်ကြံအားထုတ်ခြင်း၊ ဒါနပြုကုသိုလ်ယူ သီလတည်ဆောက်ခြင်း၊ အထင်ကရနေရာများ၊ ပန်းခြံများ၊ အပန်းဖြေနေရာများ၌ အပန်းဖြေခြင်းတို့ဖြင့် အထူးစည်ကားလျက်ရှိသည်။



ဝိုင်းမော်မြို့ ရွှေမိုးတောင်ဆုတောင်းပြည့်စေတီတော်မြတ်ကြီးတွင် ဘုရားဖူးလာ ပြည်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများက ဝါကျွတ်ကာလ အခါသမယအဖြစ် ဆီမီးများပူဇော်ခြင်းနှင့် ဖူးမြော် ကြည်ညိုခြင်းများကို ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူကြသည်။ ၎င်းအပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သက်ကြီးအဘိုးအဘွားများအား ပူဇော်ကန်တော့၍ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ၊ အာဟာရဖြည့်စားသောက်ဖွယ်ရာများ ကျွေးမွေးခြင်းများ၊ ဘုရားဖူးလာ မိဘပြည်သူများအား စတုဒိသာကျွေးမွေးခြင်းများကိုလည်း မြန်မာ့ရိုးရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ ပြုလုပ်ခဲ့ကြသည်။

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန် - မန္တလေး အမြန်လမ်းမကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များမှ လမ်းများပေါ်တွင်လည်း ဘုရားဖူးပြည်သူများ၊ အပန်းဖြေခရီးသွားရောက်သူများဖြင့် စည်ကားလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပန်းခြံများ၊ အပန်းဖြေဥယျာဉ်များနှင့် ကမ်းခြေများ၌လည်း သီတင်းကျွတ်ရုံးပိတ်ရက် လာရောက် အပန်းဖြေအနားယူကြသူများဖြင့် အထူးစည်ကား များပြားလျက်ရှိသည်။

အလားတူ ညပိုင်းတွင်လည်း နေပြည်တော် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးအနီးရှိ တပေါင်းကွင်းနှင့် ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်တို့၌လည်း FIREWORK အမျိုးအစား မီးရှူးမီးပန်းများကို ဝါကျွတ်ကာလ အခါသမယအဖြစ် ပစ်ဖောက်ပူဇော်ခဲ့ရာ အများပြည်သူများအနေဖြင့် စိတ်ဝင်တစားလာရောက်ကြည့်ရှု လှေလာခဲ့ကြပြီး အမှတ်တရဓာတ်ပုံရိုက်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

ထို့အပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်းရှိ လမ်းများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများ တပ်ဆင်ခြင်း၊ မီးရောင်စုံများတပ်ဆင်ထားသည့် ပုံစံငယ်များဖြင့် မီးအလှများ ဆင်ယင်ထားသကဲ့သို့ နေပြည်တော် ရေပန်းဥယျာဉ်တွင်လည်း ရောင်စုံမီးများ တပ်ဆင်ထား၍ လာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌လည်း ဆီမီး ၅၀၀၀ ပူဇော်ထွန်းညှိခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ဥယျာဉ်၊ ပန်းခြံများနှင့် အများပြည်သူ အပန်းဖြေနေရာများတွင်လည်း ရောင်စုံမီးများဖြင့် မီးအလှများ တပ်ဆင်ထားရှိကာ ပြည်သူများလာရောက် အနားယူ အပန်းဖြေလျက်ရှိကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပွဲကောက်ရေတံခွန်အပန်းဖြေစခန်းတွင် အနယ်နယ်အရပ်ရပ်မှ လာရောက်အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိ

**ပြင်ဦးလွင် အောက်တိုဘာ ၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်း (BE.FALLS) တွင် အနယ်နယ်အရပ်ရပ်မှ လာရောက် အပန်းဖြေသူများနှင့် စည်ကားများပြားလျက်ရှိသည်။

ပြင်ဦးလွင်-လားရှိုး ကားလမ်းမကြီးအနီးရှိ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းကို နိုင်ငံတကာအဆင့်မီ အပန်းဖြေစခန်းတစ်ခုအဖြစ် အဆင့်မြှင့်တင်ရာ လုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာလက စတင်ဖွင့်လှစ်ခဲ့ပြီး အဆင့်မြင့် ခေတ်မီ 5D LED DIGITAL မှန်တံတား၊ ခေတ်မီကလေးကစားကွင်း၊ Jumping Cloud၊ ကြိုးတံတား၊ အလှသစ်လုံးအိမ်၊ တောတွင်းလျှောက်လမ်း၊ အမှတ်တရ အလှဓာတ်ပုံ ရိုက်ကူးရန်နေရာများ၊ အဆင့်မြင့် ကော်ဖီဆိုင်နှင့် စားသောက်ဆိုင်များ၊ အမှတ်တရပစ္စည်း အရောင်းဆိုင်များ၊ ဒေသထွက်ပစ္စည်း အရောင်းဆိုင်များနှင့် ဒေသထွက်အစားအစာ စားသောက်ဆိုင်များ စီစဉ်ထားသည့်အပြင် ဆင်လိမ္မာလေးများ၏ အလှပြကစားမှုများ၊ တေးဂီတ (Unplugged) ဖျော်ဖြေရေး အစီအစဉ်များကို စီစဉ်ထားရှိကာ အပန်းဖြေစခန်းအတွင်း လှည့်လည်ကြည့်ရှု အပန်းဖြေရာတွင် Buggy ယာဉ်ငယ်များဖြင့်လည်း လှည့်လည်ကြည့်ရှု အပန်းဖြေနိုင်ရေး စီစဉ်ပေးထားသည်။ ထို့ပြင် လာရောက် အပန်းဖြေသူများ အေးချမ်းပျော်ရွှင်စွာ အပန်းဖြေအနားယူနိုင်ရေးနှင့် ဘေးအန္တရာယ်ကင်းရှင်း စေရေးတို့အတွက် လုံခြုံရေးနှင့် သဘာဝဘေးအန္တရာယ် ကယ်ဆယ်ရေးလုပ်ငန်းများကိုပါ ကြိုတင်ပြင်ဆင်စီမံထားရှိကြောင်း သိရသည်။



ယခုအခါ သီတင်းကျွတ် အခါသမယဖြစ်သည့် အားလျော်စွာ ပွဲကောက်ရေတံခွန် အပန်းဖြေစခန်းသို့ ပြင်ဦးလွင် ဒေသခံပြည်သူများသာမက အနယ်နယ်အရပ်ရပ်မှ မိသားစုအလိုက်သော်လည်းကောင်း၊ အသင်းအဖွဲ့အလိုက်သော် လည်းကောင်း လာရောက်လည်ပတ် အပန်းဖြေအနားယူသူများဖြင့် စည်ကားများပြားလျက်ရှိပြီး ယနေ့ သီတင်းကျွတ်လပြည့်နေ့ တွင် လူဦးရေ တစ်သောင်းကျော် လာရောက် အပန်းဖြေခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တရားမဝင် သစ်မျိုးစုံ၊ အီလက်ထရွန်နစ်ပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၉**
တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင် ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ အောက်တိုဘာ ၇ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စွယ်တော်ကြီးကားကြီးကွင်း အနီး၌ ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ရှောင်တခင်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မသင်္ကာဖွယ်ရပ်တန့်ထားသော မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထား တင်ပြနိုင်ခြင်း မရှိသော ရေခဲသေတ္တာအဟောင်း အလုံး ၃၀ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၄၄၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်ထားသော NISSAN CONDOR MK37A TRUCK အမျိုးအစား မော်တော်ယာဉ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၄၄၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ အောက်တိုဘာ ၉ ရက်တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ စစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မုံရွာမြို့နယ်၌ လိုင်စင်မဲ့ မော်တော်ယာဉ်လေးစီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၀၀၀၀၀၀) နှင့် ဆိုင်ကယ်တစ်စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀)၊ စုစုပေါင်း ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၃၂၀၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန် ဥပဒေနှင့်အညီ အရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တိုင်းဒေသကြီး သစ်တောဦးစီးဌာနဦးဆောင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ သာယာဝတီခရိုင်အတွင်း တရားမဝင် ကျွန်းသစ်နှင့် ပျဉ်းကတိုးသစ်ခွဲသား (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၇၇၁၀၁၂)ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



သို့ဖြစ်ပါ၍ အောက်တိုဘာ ၇ ရက်နှင့် ၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲရှစ်မှု၊ (ခန့်မှန်းတန်ဖိုး ငွေကျပ် ၅၇၃၇၁၀၁၂) ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## စားသုံးရန်မသင့်သော အစားအသောက်များနှင့်ပတ်သက်၍ အများပြည်သူသိရှိရန် အသိပေးကြေညာချက်

ကျန်းမာရေးဝန်ကြီးဌာန အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနသည် အရည်အသွေး စစ်မှန်ကောင်းမွန်ပြီး ဘေးအန္တရာယ်ကင်းရှင်းသော အစားအသောက်များကို အများပြည်သူတို့ စားသုံးနိုင်ရန် စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိပါသည်။

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေး ကော်မတီအဖွဲ့ဝင်များနှင့် ပူးပေါင်း၍ ဘုရင့်နောင်ပွဲရုံ "အုံ့ထူး" ငရုတ်သီးမှုန့်နှင့် ကုန်စုံဆိုင်သို့ ရှောင်တခင်သွားရောက်စစ်ဆေးခဲ့ရာ ငရုတ်သီးမှုန့်များတွင် ခွင့်မပြုဆိုးဆေးများ ပါဝင်နေကြောင်း တွေ့ရှိရသဖြင့် သိမ်းဆည်းဖျက်ဆီးခဲ့ပြီး ခံဝန်ကတိရေးထိုးခြင်းများ ဆောင်ရွက်ခဲ့ပါသည်။ ထိုသို့ ခွင့်မပြုဆိုးဆေးပါဝင်သော ငရုတ်သီးမှုန့်များကို စားသုံးခြင်းမပြုရန်နှင့် ထိတွေ့မိပါက အရေပြား၊ မျက်စိ၊ နှာခေါင်းနှင့်လည်ချောင်းများကို ယားယံစေခြင်း၊ ရေရှည်စားသုံးမိပါက အသည်းနှင့်ကျောက်ကပ် ပျက်စီးနိုင်ခြင်းနှင့် ကင်ဆာရောဂါဖြစ်ပွားနိုင်ခြင်း၊ အချိန်တိုအတွင်း ပမာဏအများအပြားစားသုံးမိပါက အဆိပ်သင့်ခြင်းများ ဖြစ်ပွားနိုင်ပါသည်။

ရောင်းချသူများအနေဖြင့် ထိုကဲ့သို့စားသုံးရန်မသင့်သော အစားအသောက်များကို ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချခြင်း မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက အမျိုးသားအစားအသောက် ဥပဒေ ပုဒ်မ ၂၈ (က)အရ အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

**"အုံ့ထူး" ငရုတ်သီးမှုန့်နှင့် ကုန်စုံဆိုင်မှ ထုတ်လုပ်သည့် စားသုံးရန်မသင့်သော ငရုတ်သီးမှုန့်နမူနာများစာရင်း**

| စဉ် | အစားအသောက် အမျိုးအစား | အမှတ်တံဆိပ် နှင့် ထုပ်ပိုးပုံ အရွယ်အစား | ပစ္စည်းနမူနာပုံများ |
|---|---|---|---|
| ၁။ | ငရုတ်သီးအစိမ်းမှုန့် | - |  |
| ၂။ | ငရုတ်သီးခွဲခြမ်းမှုန့် | - |  |
| ၃။ | ငရုတ်သီး အကြမ်းမှုန့် | - |  |
| ၄။ | အစိမ်းမှုန့် | - |  |
| ၅။ | ငရုတ်သီး အကျက်မှုန့် | - |  |
| ၆။ | ငရုတ်သီးခွဲခြမ်းဖတ် | - |  |

**အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## သီပေါမြို့နယ်၌ ကော်စေ့ထည့်ပစ်ရသည့် သေနတ်ဖြင့် ခြိမ်းခြောက်ငွေတောင်းခံသူ အမျိုးသား ငါးဦး ဖမ်းဆီးရမိ

**နေပြည်တော် အောက်တိုဘာ ၉**
ရှမ်းပြည်နယ် သီပေါမြို့နယ်၌ အောက်တိုဘာ ၇ ရက်က ကော်စေ့ထည့်ပစ်ရသည့် သေနတ်ဖြင့် ခြိမ်းခြောက်ငွေတောင်းခံသူ အမျိုးသား ငါးဦး ဖမ်းဆီးအရေးယူထားကြောင်း သိရသည်။

ဖြစ်စဉ်မှာ အောက်တိုဘာ ၇ ရက် ည ၁၁ နာရီက သီပေါမြို့နယ် မြို့လယ်ရပ်ကွက်နေ ဒေါ်ရီရီဝင်း (၆၂နှစ်) သည် နေအိမ်၌ရှိနေစဉ် နေအိမ်သို့ အမျိုးသားငါးဦးသည် ဆိုင်ကယ်နှစ်စီးဖြင့် ရောက်ရှိလာပြီး စိုင်းမြတ်ထွေး(ခ)အိုက်လျှန်း နှင့် တွေ့လိုကြောင်းပြောကာ သေနတ်ပြ၍ ငွေကျပ် ၃၀၀၀၀၀ ခန့်ကို လုယက်ယူဆောင်သွားသဖြင့် သီပေါမြို့မ ရဲစခန်းမှ တပ်ဖွဲ့ဝင်များက လိုက်လံစုံစမ်းခဲ့ရာ အဆိုပါလုယက်သူ ငါးဦးမှာ တောင်မြို့ရပ်ကွက်ရှိ "ရွှေအိမ်သူ" KTV ၌ စားသောက်ပြီး သီချင်းဆိုနေကြောင်း သိရှိရသောကြောင့် သွားရောက်ဖမ်းဆီးရာ ပန်စောက်မိန်းကျေးရွာနေ ဟိန်းမင်းသူ (၂၁ နှစ်)၊ မြန်မာရပ်ကွက်နေ ဇွဲသီဟ (၁၈ နှစ်)၊ ရန်ပိုင်ထွေး(ခ)ရန်နန်ခ (၂၅ နှစ်)၊ ဈေးရပ်ကွက်နေ ဖြိုးလွင်ဦး (ခ) ကိုဖြိုး(၂၇ နှစ်) နှင့် ပန်းတိမ်တောင်ရပ်ကွက်နေ ထူးကိုကိုခန့် ၂၁ နှစ်တို့ ငါးဦးကို ကော်စေ့ထည့်ပစ်ရသည့် သေနတ်အတို တစ်လက်၊ ဓားဦးချွန်တစ်ချောင်း၊ ဆိုင်ကယ်နှစ်စီး၊ လက်ကိုင်ဖုန်း နှစ်လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီး သီပေါမြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**

## မြစ်သားမြို့နယ် ပန်းလောင်မြစ်အတွင်း ငါးမျိုးများစိုက်ထည့်ပေး

**မန္တလေး အောက်တိုဘာ ၉**
မန္တလေးတိုင်းဒေသကြီးငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် ပန်းလောင်မြစ်အတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကို အောက်တိုဘာ ၆ ရက်က မြစ်သားမြို့ ပန်းလောင်မြစ်၌ ပြုလုပ်သည်။

အခမ်းအနားသို့ ကျောက်ဆည်ခရိုင် ငါးလုပ်ငန်းဦးစီးဌာန၊ ခရိုင်တာဝန်ခံ ဒေါ်ခိုင်ခိုင်ဝင်း၊ မြစ်သားမြို့နယ် ငါးမျိုးစိုက်ထည့်မှု ကြီးကြပ်ရေးအဖွဲ့ဝင်များ၊ ကူမဲမြို့အုပ်ချုပ်ရေးမှူး ဦးနေလင်းထက်၊ ကူမဲငါးလုပ်ငန်း စခန်းတာဝန်ခံနှင့် ဝန်ထမ်းများက နှစ်လက်မအရွယ် ငါးမြစ်ချင်း သားပေါက်ကောင်ရေ ၂၀၀၀၀၀၊ ငါးခုံးမကြီးသားပေါက်ကောင်ရေ ၅၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၂၅၀၀၀၀ ကို မျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## အမျိုးသား/အမျိုးသမီး ယူ-၂၅၊ ယူ - ၁၈ ဘတ်စကက်ဘော ပြိုင်ပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၉**
မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော အမျိုးသား/အမျိုးသမီး ယူ-၂၅၊ ယူ-၁၈(3x3) ဘတ်စကက်ဘောပြိုင်ပွဲကို ယနေ့နံနက် ၉ နာရီက ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁)၌ ကျင်းပသည်။

အဆိုပါပထမနေ့ပြိုင်ပွဲတွင် အမျိုးသားယူ-၂၅ အုပ်စုပတ်လည်ပြိုင်ပွဲ၊ ယူ - ၁၈ အမျိုးသား အုပ်စုပတ်လည်ပြိုင်ပွဲ၊ ယူ - ၂၅၊ ယူ-၁၈ အမျိုးသမီးပတ်လည်ပြိုင်ပွဲ စုစုပေါင်း ၆၆ ပွဲကျင်းပခဲ့သည်။ ယင်းပြိုင်ပွဲတွင် ယူ-၂၅ အမျိုးသား ၁၆သင်း၊ ယူ-၁၈ အမျိုးသားအသင်း ၃၀၊ ယူ-၂၅/ယူ-၁၈ အမျိုးသမီးအသင်းလေးသင်းစီ ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ရန်ကုန်၊ တောင်ငူ၊ ပြည်၊ ဒိုက်ဦး၊ ကရင်၊ တောင်ကြီး၊ တနင်္သာရီ၊ မွန်ပြည်နယ်အသင်းများမှ အားကစားသမား ၂၀၀ ခန့် ဝင်ရောက် ယှဉ်ပြိုင်ခဲ့ကြကာ ပြိုင်ပွဲကို အောက်တိုဘာ ၁၁ ရက်အထိ ကျင်းပမည်ဖြစ်ပြီး မည်သူမဆို အခမဲ့ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

ထို့ပြင် ၂၀၂၂ ခုနှစ် မြန်မာနိုင်ငံ ဘတ်စကက်ဘောအဖွဲ့ချုပ် အမျိုးသားတံခွန်စိုက် ဖလားပြိုင်ပွဲကို အောက်တိုဘာ ၁၁ ရက်မှ ၁၈ ရက်အထိ ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်းသိရသည်။ **အာကာစိုး**

# ကရင်ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံအသက်(၁၈)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲဆုချီးမြှင့်ပွဲကျင်းပ

**ဘားအံ အောက်တိုဘာ ၉**

ကရင်ပြည်နယ်မှ ထူးချွန်ထက်မြက်သည့် အမျိုးသမီးရွက်ပုန်းသီး အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရန်နှင့် နေပြည်တော်တွင်ကျင်းပမည့် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၈) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲတွင် အောင်မြင်မှုများ ရယူဆွတ်ခူးနိုင်ရန် ရည်ရွယ်ကျင်းပသည့် ပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၁၈) နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်နှင့်ဆုချီးမြှင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၈ ရက် မွန်းလွဲ ၃ နာရီခန့်က ဘားအံမြို့ အောင်သံလွင် အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ် ဘားအံမြို့နယ် အမျိုးသမီးဘောလုံးအသင်းနှင့် ကော့ကရိတ်မြို့နယ် ဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် ဇနီးဒေါ်နန်းဘောဘီမြင့်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ခင်ဆွေထွန်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဘောလုံးအားကစား ဝါသနာရှင်များက ကြည့်ရှုအားပေးကြပြီး ပွဲအပြီးတွင် ဘားအံမြို့နယ်အသင်းက ကော့ကရိတ်မြို့နယ်အသင်းအား နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ဗိုလ်လုပွဲစဉ်အပြီးတွင် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဆက်လက်ကျင်းပရာ ပြည်နယ်အားကစားနှင့်ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးစိုးနိုင်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ၎င်းတို့၏ ဇနီးများနှင့် ပြည်နယ်ဝန်ကြီးချုပ်၏ဇနီး ဒေါ်နန်းဘောဘီမြင့်တို့က ပြိုင်ပွဲတစ်လျှောက်ကူညီပေးခဲ့ကြသော ကြက်ခြေနီသူနာပြုတပ်ဖွဲ့၊ ဒိုင်အဖွဲ့တို့အား ဂုဏ်ပြုငွေများ၊ ဗိုလ်လုပွဲနေ့အကောင်းဆုံး အားကစားသမားဆု၊ ဒုတိယဆုရရှိသော ကော့ကရိတ်မြို့နယ်အသင်းအား တစ်ဦးချင်းလည်ဆွဲဆု၊ ပထမဆုရရှိသော ဘားအံမြို့နယ်အသင်းအား တစ်ဦးချင်းလည်ဆွဲဆု၊ နေရာအလိုက် အကောင်းဆုံး အားကစားဆုများကို ပေးအပ် ချီးမြှင့်ခဲ့ကြပြီး ပြည်နယ်တရားလွှတ်တော် တရား




သူကြီးချုပ် ဒေါ်ခင်ဆွေထွန်းက ဒုတိယရ ကော့ကရိတ်မြို့နယ် အမျိုးသမီးဘောလုံး အသင်းအား ငွေသားဆု ခုနစ်သိန်းနှင့် ဆုကလပ်တို့ကို ပေးအပ်ချီးမြှင့်ကာ ပြည်နယ်ဝန်ကြီးချုပ်က ပထမဆုရ ဘားအံမြို့နယ် အမျိုးသမီးဘောလုံးအသင်းအား ငွေသားဆု ၁၀ သိန်း နှင့် ပထမတံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။(**အပေါ်ပုံ**)

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## အမျိုးသမီးလိဂ်ပြိုင်ပွဲ သစ္စာအားမာန်အသင်း နိုင်ပွဲဆက်

**ရန်ကုန် အောက်တိုဘာ ၉**

၂၀၂၂ ရာသီ မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ် (၂) ဒုတိယနေ့ကို သုဝဏ္ဏလေ့ကျင့်ရေးကွင်း – ၁ နှင့် ဗဟန်းမြက်ခင်းတုကွင်း၌ ကျင်းပရာ သစ္စာအားမာန်အသင်း နိုင်ပွဲဆက်ပြီး YREO အသင်း နိုင်ပွဲစတင်ရရှိခဲ့သည်။

သုဝဏ္ဏလေ့ကျင့်ရေးကွင်း – ၁ ၌ ကျင်းပသည့်ပွဲတွင် သစ္စာအားမာန်အသင်းက အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ သစ္စာအားမာန်အသင်းသည် ပွဲပြီးခါနီးတွင် သွင်းယူသည့်ဂိုးဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ သစ္စာအားမာန်အသင်းအတွက် အနိုင်ဂိုးကို မိနစ် ၈၀ တွင် ရှုပါခိုင်က သွင်းယူခဲ့သည်။ အား/ကာ ဦးစီးဌာနအသင်းမှာမူ နိုင်ပွဲဆက်ရေးကြိုးပမ်းခဲ့သော်လည်း ရှုံးပွဲနှင့် ရင်ဆိုင်ခဲ့ရသည်။

ဗဟန်းမြက်ခင်းတုကွင်း၌ ကစားသည့်ပွဲတွင် YREO အသင်းက တနင်္သာရီအသင်းကို ၁၄ ဂိုး – ဂိုးမရှိဖြင့် အနိုင်ရခဲ့သည်။ အဖွင့်ပွဲတွင် အရေးနိမ့်ထားသည့် နှစ်သင်းတွေ့ဆုံခြင်းဖြစ်ပြီး YREO အသင်းက ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။ အသင်းသစ် တနင်္သာရီအသင်းမှာမူ ပြိုင်ဘက်အသင်းများကို ယှဉ်ကစားနိုင်ခြင်းမရှိသေးဘဲ နှစ်ပွဲဆက် ဂိုးပြတ်အရေးနိမ့်ခဲ့ရသည်။ YREO အသင်းအတွက် အနိုင်ဂိုးများကို ၅၊ ၇၃၊ ၈၀ မိနစ်တွင် ဖျားမြာမိုမို့အေး၊ ၁၄ မိနစ်တွင် ယမင်းသူ၊ ၂၃၊ ၇၈၊ ၈၂ မိနစ်တွင်ဆွေမာအောင်၊ ၂၆၊ ၂၉၊ ၄၄၊ ၇၁၊ ၈၅ မိနစ်တွင် ဇင်မိုးပြည့်၊ ၃၁ မိနစ်တွင် ဒေဇီအောင်၊ မိနစ် ၅၀ တွင် အေးအေးထွေးတို့သွင်းယူသည်။

ပွဲစဉ် (၂) အပြီးတွင် သစ္စာအားမာန်အသင်းက နှစ်ပွဲကစား ခြောက်မှတ်ဖြင့် ဦးဆောင်နေပြီး အား/ကာသိပ္ပံနှင့် မြဝတီအသင်းက တစ်ပွဲကစား သုံးမှတ်စီ၊ YREO အသင်းနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနအသင်းက နှစ်ပွဲကစား သုံးမှတ်စီ၊ Young Lionesses နှင့် တနင်္သာရီအသင်းက နှစ်ပွဲကစားနှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**ရဲရင့်လွင်**

## အား/ကာသိပ္ပံအသင်း နိုင်ပွဲပြန်လည်ရယူ

**ရန်ကုန် အောက်တိုဘာ ၉**

၂၀၂၂ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ် (၁၅) ဒုတိယနေ့အဖြစ် ရခိုင်ယူနိုက်တက်အသင်းနှင့် အား/ကာ သိပ္ပံအသင်းတို့ အောက်တိုဘာ ၉ ရက်က ယှဉ်ပြိုင်ကစားရာ အား/ကာသိပ္ပံက လေးဂိုး– တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဇယားအောက်ဆုံး ရောက်နေသည့် ရခိုင်ယူနိုက်တက်အသင်းအတွက် ဖိအားတိုးစေသည့် နောက်ထပ်ရှုံးပွဲဖြစ်ခဲ့ပြီး ၁၃ ပွဲကစားပြီးချိန်တွင် နိုင်ပွဲလုံးဝမရသေးသည့် အနေအထားကြောင့် MNL တွင် ဆက်လက်ကျန်ရှိရန် ခက်ခဲသွားပြီဖြစ်သည်။ အား/ကာ သိပ္ပံအသင်းမှာမူ ဂိုးပြတ်နိုင်ပွဲဖြင့် နိုင်ပွဲပြန်လည် ရှာဖွေနိုင်ခဲ့သည်။

နှစ်သင်းစလုံး အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့ပြီး ရခိုင်အသင်းမှာမူ ပွဲထွက် လူစာရင်းတွင် နိုင်ငံခြားသား ကစားသမားနှစ်ဦးကို ထည့်သွင်းအသုံးပြုခဲ့သည်။ နှစ်သင်းစလုံး အနိုင်ရရှိရေး ပွဲစကတည်းက ကြိုးပမ်းခဲ့သော်လည်း အား/ကာ သိပ္ပံအသင်းက ဒုတိယပိုင်းသွင်းဂိုးများကြောင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။ ပွဲအစ ၅ မိနစ်တွင် မင်းမြတ်စိုးက အား/ကာသိပ္ပံအသင်းအတွက် ဦးဆောင်ဂိုး စတင်သွင်းယူခဲ့သော်လည်း ၄၃ မိနစ်တွင် သိန်းသန်းဝင်းက ရခိုင်ယူနိုက်တက် အသင်းအတွက် ချေပဂိုးပြန်သွင်းခဲ့သဖြင့် ပထမပိုင်းအပြီးတွင် တစ်ဂိုးစီသရေကျနေသည်။ ဒုတိယပိုင်းတွင်မူ အား/ကာသိပ္ပံအသင်းက အခွင့်အရေးများ အသုံးချနိုင်ခဲ့ပြီး သိန်းဇော်သီဟက ၅၁၊ ၅၅ မိနစ်တွင် နှစ်ဂိုးဆက်သွင်းယူခဲ့သည်။ နှစ်ဂိုးဆက် ပေးလိုက်ရသဖြင့် ရခိုင်အသင်း ချေပဂိုးပြန်ရရန် ကြိုးပမ်းခဲ့သော်လည်း အား/ကာသိပ္ပံအသင်းခံစစ်က အမှားအယွင်းမရှိ ဖျက်ထုတ်နိုင်ခဲ့ပြီး အနိုင်သေချာစေမည့် စတုတ္ထဂိုးကို ၉၀+ ၄ မိနစ်တွင် ကျော်မျိုးနိုင်က သွင်းယူခဲ့သည်။ ယခုပွဲအပြီးတွင် အား/ကာသိပ္ပံအသင်းက ၁၃ ပွဲကစား ရမှတ် ၂၀ ရရှိထားပြီး ရခိုင်ယူနိုက်တက်အသင်းက ၁၃ ပွဲကစား ပွဲတိုင်းအရေးနိမ့်ကာ အမှတ်မရသေးပေ။



ပွဲစဉ် (၁၅) တတိယနေ့ကို အောက်တိုဘာ ၁၀ ရက် **(ယနေ့)** ဆက်လက် ကျင်းပမည်ဖြစ်ပြီး ရှောဝတီအသင်းနှင့် ဟံသာဝတီအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **ရဲရင့်လွင်၊ ဓာတ်ပုံ – MNL**

## ဝက်စ်ဟမ်းတို့ ဖူလ်ဟမ်ကို ဂိုးပြတ်နိုင်ပြီး အာဆင်နယ်က လီဗာပူးကို အနိုင်ယူ



ဝက်စ်ဟမ်းကစားသမား ဖူလ်ဟမ်ဘက်သို့ ဂိုးသွင်းနိုင်ရန် ကြိုးစားစဉ်။

ပရီမီယာလိဂ်ပွဲစဉ် (၁၀) မှ ဒေးဗစ်မိုယက်စ်၏ ဝက်စ်ဟမ်းနှင့် မာကိုစ်ဆေးဗားလ်၏ ဖူလ်ဟမ်အသင်းတို့ပွဲစဉ်ကို အောက်တိုဘာ ၉ ရက် ညပိုင်းက ဝက်စ်ဟမ်းအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ဝက်စ်ဟမ်းက သုံးဂိုး–တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ယခုနှစ်ရာသီတွင် ပုံစံကောင်းရရှိရန် ရုန်းကန်နေရသည့် ဝက်စ်ဟမ်းအသင်းက ဖူလ်ဟမ်အသင်းကို ပွဲချိန်တစ်လျှောက် ဖိအားပေးကစားနိုင်ခဲ့ပြီး အဖိုးတန်သုံးမှတ်ကို ရယူနိုင်ခဲ့သည်။ ယခုပွဲစဉ်အတွက် အဖွင့်ဂိုးကို ဖူလ်ဟမ်အသင်းက ပွဲချိန်ငါးမိနစ်တွင်ရရှိခဲ့ပြီး ပါရဲရားက သွင်းယူပေးခဲ့သည်။ ထို့နောက်တွင် ဝက်စ်ဟမ်းအသင်းက ချေပဂိုးရရှိရေးကြိုးစားလာရာ ပွဲချိန် ၂၉ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ဘိုဝင်က သွင်းယူပေးခဲ့သည်။

ဝက်စ်ဟမ်းအသင်းအတွက် ဒုတိယဂိုးကို ပွဲချိန် ၆၂ မိနစ် တွင် ရရှိခဲ့ပြီး စကမ်မက္ကာက သွင်းယူပေးခဲ့သည်။ ဝက်စ်ဟမ်းအသင်းအတွက် အနိုင်သေချာစေမည့် တတိယဂိုးကို ပွဲချိန်ပြည့်ခါနီးတွင် ရရှိခဲ့ပြီး လူစားဝင်ကစားသမား အန်တိုနီယိုက သွင်းယူပေးခဲ့သည်။ ဝက်စ်ဟမ်းအသင်းက ယခုနိုင်ပွဲကြောင့် ရမှတ် ၁၀ မှတ်အထိ ရရှိလာပြီဖြစ်သည်။ အခြားသောပွဲစဉ်တွင် ခရစ္စတယ်ပဲလေ့စ်နှင့် လိဒ်စ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ပြီး ပဲလေ့စ်အသင်းက နှစ်ဂိုး – တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

အာဆင်နယ်နှင့် လီဗာပူးတို့ပွဲစဉ်တွင် အာဆင်နယ်တို့က သုံးဂိုး–နှစ်ဂိုးဖြင့်နိုင်ပြီး ဇယားထိပ်တွင် ဆက်လက်ဦးဆောင်နေသည်။ အသင်းကြီးနှစ်သင်း ထိပ်တိုက်တွေ့ဆုံသည့်ပွဲဖြစ်၍ ပွဲမှာအကြိတ်အနယ်ရှိခဲ့ပြီး ပွဲအစတစ်မိနစ်တွင် မာတင်နယ်လီက အာဆင်နယ်အတွက် အဖွင့်ဂိုးသွင်းယူပေးသည်။ ၃၄ မိနစ်တွင် နူနက်ဇ်က လီဗာပူးအတွက် ချေပဂိုးသွင်းယူပေးသည်။ ၄၅မိနစ်တွင် ဆာကာက အာဆင်နယ်အတွက် ဒုတိယဂိုးသွင်းယူပေးကာ ပွဲကိုဦးဆောင်ခဲ့သည်။ ဒုတိယပိုင်း ၅၃ မိနစ်တွင် ဖာမီနို က လီဗာပူးအတွက် ဒုတိယချေပဂိုးသွင်းယူပေးသော်လည်း ၇၆ မိနစ်တွင် ဆာကာက ပယ်နယ်တီမှ တတိယအနိုင်ဂိုး သွင်းယူပေးခဲ့သည်။ အာဆင်နယ်တို့ ရမှတ် ၂၄ မှတ်ဖြင့် ဇယားထိပ်မှ ဆက်လက်ဦးဆောင်ခဲ့သည်။

**အောင်ဇော်**



Thint Myat Clinic

အထူးကုသပေးသောရောဂါများ– လိပ်ခေါင်းရောဂါ၊ မျိုးပွားမှုဆိုင်ရာရောဂါ၊ အဆစ်အမြစ်ကိုက်ခဲ ထုံကျင်မှုရောဂါ၊ကျောက်ကပ်၊ ဆီးချို၊ အရေပြားရောဂါ၊ အစာအိမ်၊ ချိုင်းချွေးနံ့။

တိကျမှန်ကန်ခေတ်မီသော စက်ကိရိယာ၊ ကျွမ်းကျင်သောကုသမှု၊ ကောင်းမွန်သော ဝန်ဆောင်မှု

လိပ်စာ– အမှတ်(၁၃၈/၁၃၉)၊ ဘုရင့်နောင်လမ်းမ၊ ပိတောက်လမ်းမှတ်တိုင်အနီး၊ မြို့သစ်(ဂ)ရပ်ကွက် အင်းစိန်မြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး။

PH:09-670 818 999
09-670 868 999 ဆေးခန်းဖွင့်ချိန်– နံနက်(၈:၀၀)နာရီမှညနေ(၅:၀၀) နာရီပိတ်ရက်မရှိ

လိပ်ခေါင်း

အတွင်းလိပ်ခေါင်း၊ အပြင်လိပ်ခေါင်း၊ ရောရာလိပ်ခေါင်း၊ဂရင်ဂျီနာ၊ စအိုကွဲ၊ စအိုအူကျွံ၊ ဝမ်းသွားသွေးထွက် စသည့်လိပ်ခေါင်းများကို ခေတ်မီအမေရိကန် USA HCPT နည်းပညာများဖြင့် ဝေဒနာများကိုမခွဲစိတ်၊ မနာကျင်၊ သွေးထွက်နည်း၊ ဆေးရုံတက်ရန်မလို ချက်ချင်းကု၊ ချက်ချင်းထိရောက်စွာလိပ်ခေါင်းများကို အမြစ်ပြတ် ကုသပေးပါသည်။

ဖုန်းဖြင့် တုန်ကင်ရိုက်ယူပါက
၁။ ခေတ်မီစက်များဖြင့် စမ်းသပ်ခ Discount (50%)
၂။ ကုသမှု စရိတ်ကို Discount (30%)လျှော့ပေးပါမည်။


## (၃၂) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ(ဗဟိုအဆင့်)တွင် မန္တလေးတိုင်းဒေသကြီးကိုယ်စားပြုယှဉ်ပြိုင်ကြမည့် ပြိုင်ပွဲဝင်များအတွက် မောရိယတိုင်းရင်းဆေးဝါးများ ထောက်ပံ့

**မန္တလေး အောက်တိုဘာ ၉**

(၃၂) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ (ဗဟိုအဆင့်)တွင် ယှဉ်ပြိုင်ကြမည့် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြု ပြိုင်ပွဲဝင်များအတွက် သီရိသုဓမ္မသိင်္ဂီ ဒေါက်တာငွေးငွေးခိုင် (မောရိယတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)မှ မောရိယတိုင်းရင်းဆေး (၈) မျိုး ထောက်ပံ့ပေးအပ်ခြင်းကို အောက်တိုဘာ ၈ ရက်က မန္တလေးစက်မှုဇုန်(၁)ရှိ အဆိုပါအလုပ်ရုံတွင် ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး ဦးသိန်းငွေး၊ လူမှုရေးရာဝန်ကြီး ဦးယဉ်ထွေး၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (မန္တလေး)မှ ပါမောက္ခချုပ် ဦးအောင်ဆန်းဦးနှင့် အောင်နိုင်ရေးအဖွဲ့ ခေါင်းဆောင် ဒုတိယ ပါမောက္ခချုပ်တို့ တက်ရောက်ကြကာ မောရိယတိုင်းရင်းဆေးဝါး ထုတ်လုပ်ရေးမှ တာဝန်ရှိသူတစ်ဦးက ထောက်ပံ့လှူဒါန်းရခြင်း ရည်ရွယ်ချက် ပြောကြားပြီးမောရိယတိုင်းရင်းဆေးဝါးများကို ထောက်ပံ့ပေးအပ်ရာ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် ပါမောက္ခချုပ်တို့က လက်ခံယူသည်။ **(အောက်ဝဲပုံ)**



ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးများနှင့် အဖွဲ့သည် မန္တလေးတက္ကသိုလ်တွင် စခန်းသွင်းလေ့ကျင့်လျက်ရှိသော ပြိုင်ပွဲဝင်နှင့် မန္တလေးတက္ကသိုလ် မြတ္တမာဆောင်တွင် တွေ့ဆုံပြီး လိုအပ်သည်များမှာကြားကာ မောရိယတိုင်းရင်းဆေး ထုတ်လုပ်ရေးမှ ထောက်ပံ့လှူဒါန်းသည့် မောရိယတိုင်းရင်းဆေးများကို အောင်နိုင်ရေးအဖွဲ့ ခေါင်းဆောင်နှင့် ပြိုင်ပွဲဝင်များထံသို့ ပေးအပ်ခဲ့သည်။

အဆိုပါ လှူဒါန်းမှုတွင် မောရိယတိုင်းရင်းဆေးတစ်မျိုးလျှင် (၃၅၀) ဘူးဖြင့် မောရိယမန်းဆေး၊ မောရိယအကြောပြေဒဏ်ကြေဆေး၊ မောရိယ ချွဲသလိပ်ပျောက်ရင်လူးဆေး၊ မောရိယ ရှူလိမ်းဆီ၊ မောရိယကွမ်းရွက်အခိုးပွင့်ဆေး၊ မောရိယ ဆေးလက်ဖက်ခြောက်၊ မောရိယရှူဆေး၊ မောရိယအစာကြေလျက်ဆား ဆေးရှစ်မျိုးဖြစ်ပြီး စုစုပေါင်း တန်ဖိုး ၄,၇၀၉,၀၀၀ ကျပ်ရှိကြောင်း သိရသည်။

သတင်းစဉ်






## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (ဆ/ခ)ရပ်ကွက်၊ လေးထောင့်ကန်လမ်း၊ ရွှေကိန္နရီအိမ်ရာ၊ တိုက်အမှတ် (၃)၊ အခန်းအမှတ်–(၄၀၃) (စတုတ္ထထပ်)၊ အကျယ်အဝန်း (၇၅၀) စတုရန်းပေရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နွယ်နီဝင်း (၁၂/ဗဟန (နိုင်) ၀၁၅၇၆၈) ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကိုဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)
Hein Htet San Law Firm

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈)
၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆

## အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဒေါ်ခင်ခင်သက်(၁၂/မဂတ(နိုင်)၀၂၈၃၆၀)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန်ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ မှန်/တောင်ရပ်ကွက်၊ပြည်သူ့ကွက်သစ်(၃)လမ်း၊ တိုက်အမှတ်(၅၃)၊ အခန်းအမှတ်–မြေညီထပ် (ခေါင်းရင်းခန်း)(A)၊ အကျယ်အဝန်း (၁၁.၅ ပေ × ၄၇ ပေ)ရှိ တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဒေါ်ငွေငွေဝင်း (၁၂/စခန (နိုင်) ၀၃၃၇၇၈)ထံမှ (၁၁–၇–၂၀၁၇)နေ့စွဲပါ နှစ်ဦးသဘောတူတိုက်ခန်းအပြီးအပိုင် အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူထားသော တိုက်ခန်းဖြစ်ပါသည်။ အဆိုပါတိုက်ခန်းနှင့် ပတ်သက်၍ ကျွန်ုပ်မိတ်ဆွေ ဒေါ်ခင်ခင်သက် ၏ခွင့်ပြုချက်မရရှိဘဲ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ တနည်းနည်းဖြင့်လွှဲပြောင်းခြင်းတို့ကို မပြုလုပ်ရန် အများသိစေရန်ကြေညာအပ်ပါသည်။ ပြုလုပ်ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ကြောင်း တည်ဆဲတရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

ဦးခင်မောင်ဦး
LL.B, D.B.L, D.I.L.,
တရားလွှတ်တော်ရှေ့နေ(စဉ်–၈၈၅၂)
Hein Htet San Law Firm

ဒေါ်လင်းလင်းထက်
LL.B,
အထက်တန်းရှေ့နေ(စဉ်–၄၈၃၃၈)
၀၉ ၅၅၀ ၆၁ ၄၆ ၊ ၀၉၄၅ ၅၅၀ ၆၁၄၆

## မုန်တိုင်းနှင့်ပတ်သက်သော အရောင်အဆင့် သတ်မှတ်ချက်များ

### အဝါရောင်အဆင့်

အဝါရောင်အဆင့်သည် ဘင်္ဂလားပင်လယ်အော်၊ ကပ္ပလီပင်လယ်အော်တွင် မုန်တိုင်းဖြစ်ပေါ်နေပြီး မုန်တိုင်း၏အခြေအနေကို သတိထားနိုင်ရန်။

### လိမ္မော်ရောင်အဆင့်

လိမ္မော်ရောင်အဆင့်သည် ကမ်းရိုးတန်းသို့ဦးတည်နေပြီး မုန်တိုင်းသည် မိမိနေထိုင်ရာ ဒေသသို့ ဦးတည်ရွေ့လျားသည်ဟု သတင်းရရှိပါက မုန်တိုင်း၏ ပြောင်းလဲမှုကို အထူး သတိထား စောင့်ကြည့်နိုင်ရန်။

### အနီရောင်အဆင့်

အနီရောင်အဆင့်သည် ကမ်းရိုးတန်းသို့ ၁၂ နာရီနောက်ပိုင်း မုန်တိုင်းရောက်ရှိလာမည် ဖြစ်ပြီး အန္တရာယ်ရှိနိုင်သဖြင့် လုံခြုံစိတ်ချရသည့်နေရာများသို့ ပြောင်းရွှေ့နေရာယူရန်။

### အညိုရောင်အဆင့်

အညိုရောင်အဆင့်သည် မုန်တိုင်းအန္တရာယ် ကျရောက်နေချိန်ဖြစ်ပြီး လုံခြုံစိတ်ချရသည့် နေရာတွင် ခိုလှုံပြီးစီးရန်။

### အစိမ်းရောင်အဆင့်

အစိမ်းရောင်အဆင့်သည် မုန်တိုင်းအားပျော့ ပျက်ပြယ်သွားပြီဖြစ်ပြီး မိမိတို့၏ နေအိမ် များသို့ ပြန်နိုင်သောအခြေအနေဖြစ်ကြောင်း သတ်မှတ်ထားပါသည်။

## လျှပ်စစ်ဓာတ်အားကို ချွေတာနိုင်သည့် နည်းလမ်းများ

➢ အိမ်ပြင်ပဉ်ထွန်းသော မီးများကို နေ့အလင်းရောင်ရှိချိန်တွင် ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို ချွေတာပါ။






# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ) | ၂၇၉. ၀၀ | ၇၂၀ ဆူ | ၄၂၃ ဆူ | ၂၉၇ ဆူ |
| ၂။ | သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ | ၄၀၀၀၀ | ၁ လုံး | ၁၃၀၀၀ သိန်း | ၂၇၀၀၀ သိန်း |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅. ၀၀ | ၁၈ ခု | ၁ ခု | ၁၇ ခု |
| ၄။ | High Mast မီးတိုင် (၂၀ မီတာ (၁) တိုင်) | ၄၉၄. ၀၀ | ၉ တိုင် | ၁ တိုင် | ၈ တိုင် |
| ၅။ | မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂. ၀၀ | ၂၀၀ ခန်း | ၈ ခန်း | ၁၉၂ ခန်း |
| ၆။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁. ၀၀ | ၄၅၅ ခန်း | ၅၈ ခန်း | ၃၉၇ ခန်း |
| ၇။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅. ၀၀ | ၅၀ တိုင် | ၄၁ တိုင် | ၉ တိုင် |
| ၈။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀. ၀၀ | ၁၈၀ တိုင် | ၁၈၀ တိုင် | - |
| ၉။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇. ၀၀ | ၆၅၂ ခု | ၁၁၄ ခု | ၅၃၈ ခု |
| ၁၀။ | စကျင်ကျောက်ပြား ၁ ကျင်းနှုန်း | ၄. ၇၀ | ၂၁၁၉. ၅၃ ကျင်း | ၆၀ ကျင်း | ၂၀၅၉. ၅၃ ကျင်း |
| ၁၁။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄. ၁၀ | ၂၁၈. ၁၄ ကျင်း | ၂၄ ကျင်း | ၁၉၄. ၁၄ ကျင်း |
| ၁၂။ | ကွန်ကရစ် ၈ လက်မထုခင်းခြင်း | ၃. ၆၀ | ၅၉၁၀. ၆၆ ကျင်း | ၁၈ ကျင်း | ၅၈၉၂. ၆၆ ကျင်း |
| ၁၃။ | ကြွေပြား ၁ ကျင်း | ၂. ၀၀ | ၁၇၃၆. ၀၈ ကျင်း | ၁၂၈ ကျင်း | ၁၆၀၈. ၀၈ ကျင်း |
| ၁၄။ | မုစလိန္ဒအိုင် | ၁၀၅၁၉. ၀၀ | ၁ | ၁၅၀၀ သိန်း | ၉၀၁၉ သိန်း |
| | (က) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှု လုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆. ၀၀ | ၁ ခု | - | ၁ ခု |
| | (ခ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ × ၂၃၄ ပေ) | ၁၆၂၄. ၀၀ | ၁ ကန် | - | ၁ ကန် |
| | (ဂ) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇. ၀၀ | ၁ ခု | - | ၁ ခု |
| | (ဃ) ရေကန်အပြင်ပတ်လမ်းဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈. ၀၀ | ၁ ခု | - | ၁ ခု |
| | (င) ရေကန်ပတ်လမ်းမီးတိုင်များထွန်းညှိပေးခြင်း လုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃. ၀၀ | ၇၄ တိုင် | - | ၇၄ တိုင် |
| ၁၅။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ) | ၁၉၃. ၀၀ | ၈၂ ခု | - | ၈၂ ခု |
| ၁၆။ | ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)လှူဒါန်းနိုင်ရေး [၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင် | ၁၂. ၀၀ | ၅၀၀ စုံ | ၁၄၄ စုံ | ၃၅၆ စုံ |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

**(ခ) ဒေါ်အေးအေးကြည်** ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

# အများသိစေရန်ကြေညာချက်

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ အစီအစဉ်ဖြင့်ဆောင်ရွက်ခဲ့သော အိမ်ရာရှိ တိုက်ခန်းအား အဆောက်အအုံနေထိုင်ခွင့်စာချုပ် အမည်ပေါက်ထံမှ ဝယ်ယူပြီးငင်းအမည်သို့ပြောင်းလဲ၍ အဆောက်အအုံနေထိုင်ခွင့်စာချုပ် ချုပ်ဆိုခွင့်ပြုပါရန် တင်ပြလျှောက်ထားလာခြင်းအား ခွင့်ပြုရန်မသင့်ကြောင်း ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၄ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာအပ်ပါသည်-

| စဉ် | တိုက်ခန်းအမည်ပေါက် အမည်၊ မှတ်ပုံတင်အမှတ် | အမည်ပြောင်းလျှောက်ထားသူ အမည်၊ မှတ်ပုံတင်အမှတ် | လျှောက်ထားသည့် တိုက်နှင့်အခန်းအမှတ် |
|---|---|---|---|
| ၁။ | ဦးဇော်ဇော်လတ် ၁၂/ပဇတ(နိုင်)၀၀၁၇၀၇<br>ဒေါ်ဖြူဖြူ ၁၂/သကတ(နိုင်)၀၈၃၁၅၁(မှ) | ဦးမြင့်နိုင်ဝင်း<br>၁၂/အစန(နိုင်)၁၆၇၅၅၁<br>ဒေါ်ခင်ညိမ်းညိမ်းဇော်<br>၁၂/ကမရ(နိုင်)၀၀၀၅၃၅ | တိုက်(E)၊ အခန်းအမှတ်(၀၇-၀၇)၊<br>ပုလဲကွန်ဒိုမီနီယမ်အိမ်ရာ၊<br>ဗဟန်းမြို့နယ်။ |

ဌာနမှူး၊ အင်ဂျင်နီယာဌာန(အဆောက်အအုံ)

# လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
# လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း
# (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ် ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ ဒေါင်ငြိမ်းကျေးရွာနှင့် မြို့ကုန်း၊ ကံစုကျေးရွာများ လျှပ်စစ်ဓာတ်အားရရှိရေးအတွက် ဓာတ်အားလိုင်းနှင့် ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းအား Turnkey စနစ်ဖြင့် လုပ်ငန်းအပ်နှံခြင်းအား မြန်မာကျပ်ငွေ (Kyat)ဖြင့် လုပ်ငန်းအပ်နှံလိုပါသည်-

**တင်ဒါပိတ်မည့်ရက်** - (၂၅-၁၀-၂၀၂၂)

**တင်ဒါပိတ်မည့်အချိန်** - မွန်းတည့် (၁၂:၀၀)နာရီ

၂။ တင်ဒါပုံစံနှင့် အချက်အလက်များကို သတ်မှတ်နှုန်းထားအတိုင်း ဝယ်ယူ၍ သတ်မှတ်ရက်အတွင်း လျှောက်ထားရမည်။

၃။ အသေးစိတ်အလက်အချက်များသိရှိလိုပါက ဖုန်း-၀၆၇-၈၁၀၄၂၄၄၊ ၀၆၇-၈၁၀၄၂၄၅၊ Fax - ၀၆၇-၈၁၀၄၂၄၆ ဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

တင်ဒါကော်မတီ

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ပြည်သူ့ကျန်းမာရေးဦးစီးဌာန
# လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန တိုင်းဒေသကြီး/ပြည်နယ် ပြည်သူ့ကျန်းမာရေးဌာနများ လက်အောက်ရှိ ကျန်းမာရေးဌာနများတွင် သားဖွားဆရာမ (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀) ရာထူး(၅၀၂)နေရာအတွက် လျှောက်လွှာများ တင်သွင်းနိုင်ပါသည်။

၂။ လျှောက်ထားသူသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်၊

(ခ) ကျန်းမာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ခဲ့သော ဘက်စုံသားဖွား(၁၈)လသင်တန်း (သို့မဟုတ်)ဘက်စုံသားဖွားဒီပလိုမာ(၂)နှစ်သင်တန်းဆင်းအောင်လက်မှတ် ရရှိပြီးသူ ဖြစ်ရမည်၊

(ဂ) လျှောက်လွှာပိတ်သည့် ၃၁-၁၀-၂၀၂၂ ရက်တွင် အသက်(၃၀)နှစ်ထက် မကျော်လွန်သူ ဖြစ်ရမည်၊

(ဃ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း (Dismiss)၊ ထုတ်ပယ်ခြင်း (Remove)၊ ရာထူးခန့်ထားခြင်းမှ အမိန့်စာပယ်ဖျက်ခြင်း ခံရသူများ လျှောက်ထားခွင့်မရှိ၊

(င) ပြစ်မှုကင်းရှင်းသူဖြစ်ရမည်၊

(စ) မည်သည့်တိုင်းဒေသကြီး/ပြည်နယ်မဆိုသွားရောက်တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်၊

(ဆ) နိုင်ငံ့ဝန်ထမ်းအဖြစ် (၃)နှစ်မပျက်မကွက် (မပျက်မကွက်) တာဝန်ထမ်းဆောင်နိုင်သူဖြစ်ရမည်။

၃။ လျှောက်ထားသူသည် အောက်ပါအချက်အလက်များကို ပြည့်စုံစွာ ပူးတွဲပေးပို့ရမည် -

(က) ကိုယ်တိုင်ရေးလျှောက်လွှာနှင့်အတူ (၆)လအတွင်း ရိုက်ထားသော (၁") ပတ်လည် ကာလာလိုင်စင်ဓာတ်ပုံ (၂)ပုံ၊

(ခ) သားဖွားအောင်လက်မှတ် (မိတ္တူမှန်)၊

(ဂ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူမှန်)

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပါတီနိုင်ငံရေးကင်းရှင်းကြောင်းနှင့် ပြစ်မှုကင်းရှင်းကြောင်း သက်ဆိုင်ရာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး ထောက်ခံချက်(မူရင်း)နှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့စခန်းထောက်ခံချက်(မူရင်း)

(င) သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကျန်းမာရေး/ကုသရေးဦးစီးဌာနမှူး၏ ကျန်းမာကြောင်းဆေးထောက်ခံစာ(မူရင်း)၊

(စ) သားဖွားသင်တန်းတက်ရောက်ရာတွင် ရွေးချယ်ခံရမှု**(ပုံမှန်/အထူး)** အထူးရွေးချယ်တက်ရောက်ခဲ့ပါက ဖော်ပြရန် (မိခင်ကလေး/နယ်စပ်အထူး/ကျန်းမာရေးဝန်ထမ်း) စသည်ဖြင့် ပြည့်စုံစွာဖော်ပြရန်၊

၄။ ပြည့်စုံစွာဖြည့်စွက်ထားသောလျှောက်လွှာအား လိုအပ်သောစာရွက်စာတမ်းများနှင့်အတူ ပူးတွဲပြီး ညွှန်ကြားရေးမှူးချုပ်၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်သို့ လိပ်မူ၍ လျှောက်လွှာပိတ်ရက် (၃၁-၁၀-၂၀၂၂)ရက်နေ့ နောက်ဆုံးထား ပေးပို့လျှောက်ထားရမည်။ **(သတ်မှတ်ချက်နှင့်မကိုက်ညီ၊ မပြည့်စုံသောလျှောက်လွှာများနှင့် သတ်မှတ်ရက်ထက်ကျော်လွန်မှ ရောက်ရှိလာသော လျှောက်လွှာများကို လက်ခံစဉ်းစားမည်မဟုတ်ပါ)**

၅။ အသေးစိတ်သိရှိလိုသည်များရှိပါက စီမံခန့်ခွဲရေးဌာနခွဲ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန(ရုံးချုပ်)ရုံးအမှတ် (၄၇)၊ နေပြည်တော် ဖုန်း-၀၆၇- ၄၃၁၀၇၄ သို့ ရုံးချိန်အတွင်း ဆက်သွယ် စုံစမ်းမေးမြန်းနိုင်ပါသည်။

ပြည်သူ့ကျန်းမာရေးဦးစီးဌာန

# ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9L/3328, Toyota Crown JZS 171, Saloon (4x2) ယာဉ်လက်ဝယ်ရှိသူ ဦးဖြိုးဝေလင်း ၁၂/သလန(နိုင်)၀၀၂၄၂၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

# ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီမရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်နိုင်ရန် အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊

(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊

(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ အတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေး ဆောင်ရွက်ရန်၊

(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျ ဝတ်ဆင်ရန်၊

(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံး မွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ်ရေးအဖွဲ့၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေး လုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်း သတင်းပို့ရန်၊

(ဈ) ရောဂါကြိုတင် ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်း လုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင် ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# ငြင်းချက်ထုတ်ရန်သမ္မန်စာ
# (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ -၂၀)
# ထားဝယ်ခရိုင်တရားရုံးတော်၌
# ၂၀၂၀ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၆၀

| | | |
|---|---|---|
| ၁။ ဒေါ်သန်းပို<br>၂။ ဦးသန်းမောင်<br>၃။ ဦးအောင်ရွှေ<br>၄။ ဦးမောင်ဆန်း<br>(ကိုယ်တိုင်နှင့်အမှတ် ၁၊၂၊ ၃ တရားလိုတို့၏အထွေထွေကိုယ်စားလှယ်စာရသူ) | နှင့် | ၁။ ဦးကျော်မောင်<br>၂။ ဦးမောင်နိုင်(ခ)ဦးအေးနိုင်<br>၃။ ဒေါ်သီတာ<br>၄။ ဒေါ်စန္ဒာခိုင်<br>၅။ ဦးဇော်နိုင်<br>၆။ ဒေါ်လွင်လွင်ဦး<br>၇။ ဦးသန်းထူး<br>၈။ ဦးအောင်သန်းဦး<br>၉။ ဒေါ်ယဉ်မင်းလှ<br>၁၀။ ဒေါ်အေးအေးခိုင်<br>(ကိုယ်တိုင်နှင့်အမှတ် ၆၊၇၊၈၊၉ တရားပြိုင်တို့၏အထွေထွေကိုယ်စားလှယ်စာရသူ) |
| **တရားလိုများ** | | **တရားပြိုင်များ** |

တနင်္သာရီတိုင်းဒေသကြီး၊ ရေဖြူမြို့နယ်၊ ကံပေါက်ဒေသ၊ ဗိုလ်ချုပ်လမ်းနေ အမှတ်(၄) တရားပြိုင် ဒေါ်စန္ဒာခိုင် (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်သန်းပိုပါ(၄)ဦးက အမွေပုံပစ္စည်းစီမံခန့်ခွဲပေးစေလိုမှုလျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက်၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၂ခုနှစ် အောက်တိုဘာ ၃၁ရက် (၁၃၈၄ ခုနှစ် တန်ဆောင်မုန်းလဆန်း ၈ရက်)မွန်းမတည့်မီ ၁၀နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့်စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၂ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဝင်းဝင်းနွယ်)
ခရိုင်တရားသူကြီး
ထားဝယ်ခရိုင်တရားရုံး

# ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9H/8679 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

# ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 5N/4278 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပြည်)၊ ပြည်မြို့**

# ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်4F/5417 Toyota Dyna Try 220 Light Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီနီမာ ၅/မရန(နိုင်)၂၁၉၆၃၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)အင်းစိန်**

# အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၈ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၃၄၅)၊ မြေညီထပ်၏ပိုင်ရှင် ဦးစိုးဝင်း (ကွယ်လွန်)၏ဇနီးဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ချောပပမိမိကျော် ၁၂/ကတတ(နိုင်)၀၁၉၀၀၀ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ၈ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၃၄၅)၊ မြေညီထပ်အခန်း(ဆိုင်ခန်း) သည်ကျွန်ုပ်မိတ်ဆွေ ဒေါ်ချောပပမိမိကျော်၏ ခင်ပွန်း ဦးစိုးဝင်း(ကွယ်လွန်) နှင့်ဦးသိန်းဝင်းတို့ပိုင်ဆိုင်သည့်အခန်းဖြစ်ကြောင်းနှင့် အဆိုပါအခန်းအား အရောင်းအဝယ်ပြုလုပ်ရာတွင်ပိုင်ဆိုင်မှုအရှုပ်အရှင်း မဖြစ်ပေါ်စေရန် အလို့ငှာ အများသိစေလိုခြင်းဖြစ်ပါသည်။ သို့ပါ၍ အဆိုပါအခန်းပူးတွဲပိုင်ဆိုင်သူဦးစိုးဝင်း(ကွယ်လွန်)၏ဇနီး ဒေါ်ချောပပမိမိကျော်သိရှိခြင်းမရှိဘဲ ဦးသိန်းဝင်းအပါအဝင် မည်သူတစ်ဦးတစ်ယောက်မှုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ လွှဲပြောင်းခြင်းစသည့် တစ်စုံတစ်ရာ ဆောင်ရွက်ခြင်း မပြုလုပ်ရန်နှင့် ထိုကဲ့သို့ ပြုလုပ်မည်ဆိုပါကလည်း ဦးစိုးဝင်း၏ဇနီး ဒေါ်ချောပပမိမိကျော်၏ သဘောတူလက်မှတ်ရေးထိုးဆောင်ရွက်ခြင်းပါရှိမှသာ ပိုင်ဆိုင်မှုအရှုပ်အရှင်းကင်းမည်ဖြစ်ကြောင်းကို အများသိစေအပ်ပါသည်။ အကယ်၍ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးဝင်း၏ဇနီးဒေါ်ချောပပမိမိကျော် သိရှိပါဝင်ခြင်းမရှိဘဲဖော်ပြပါ အခန်းအား ဦးသိန်းဝင်းတစ်ဦးတည်းမှသော်လည်းကောင်း၊ အခြားမည်သူတစ်ဦးတစ်ယောက်ကမှု သော်လည်းကောင်း၊ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ လွှဲပြောင်းခြင်းများကိုပြုလုပ်မည်ဆိုပါက ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကျွန်ုပ်၏မိတ်ဆွေ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးစိုးဝင်း၏ဇနီး ဒေါ်ချောပပမိမိကျော်၏လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသိဒ္ဓိအောင်(LL.B)** | **ဒေါ်ကေခိုင်ဦး(LL.B,LL.M)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **စဉ်-၁၆၆၁၈ (၂၃-၁-၂၀၂၀)** | **စဉ်-၈၈၄၃ (၂၁-၃-၂၀၁၃)** |

**အမှတ်-၁၄၃၊ ဒုတိယထပ်၊ ၃၇လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၄၃၁၂၈၂၆**

# ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ အမှတ် ၂ရပ်ကွက်၊ ခနသိဒ္ဓိလမ်း၊ အမှတ်-၁၄၊ မြေညီထပ်(ခြေရင်း)တိုက်ခန်းနှင့်စပ်လျဉ်း၍
# အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ ၂ရပ်ကွက်၊ ခနသိဒ္ဓိလမ်း၊ အမှတ် ၁၄ ဟုခေါ်တွင်သော မြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နှစ်ခန်းတွဲ၊ သုံးထပ်ခွဲ၊ ငါးထပ် ကန်ထရိုက်တိုက်၏ မြေညီထပ်(ခြေရင်းဘက်ခြမ်း) တိုက်ခန်းကို ဦးအောင်ဇော်လင်း ၉/ဝတန(နိုင်)၁၂၀၀၉၅ မှဒေါ်လွဲလွဲနိုင် ၁၄/မအပ(နိုင်)၃၁၀၉၅၈ ထံသို့ အပြီးအပိုင်လွှဲပြောင်းခဲ့ပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းကို ကျွန်ုပ်မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်စရန်ငွေ အချို့တစ်ဝက်ကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ တိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါရှိသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း သက်ဆိုင်သည့် ခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဇော်အောင်စိုး**
**LL.B, C.B.L., D.B.L., D.I.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၁၂၈၅)**
**အမှတ်(၁၆-က)၊ ပထမထပ်(ခြေရင်းခန်း)၊ အထက်ဗဟိုလမ်း၊ ၂ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း-၀၉-၅၄၀၃၁၈၃၊ ၀၁-၆၆၆၉၃၄**

# အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဝင်းမင်းမင်းဗိုလ် ၁၂/ရကန(နိုင်)၀၅၉၈၉၃ သည် ဦးအောင်ထက်ပိုင်ထူး ၉/သစန(နိုင်)၁၂၉၅၀၁ တရားဝင်လက်ရှိထားပိုင်ဆိုင်သည့် ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ၁၂ရပ်ကွက်၊ မိဂသီ(၁၈)လမ်း၊ အမှတ် ၂၄၇၊ အခန်းအမှတ် (ပဉ္စမထပ်-အေ)၊ ခြောက်လွှာ၊ အကျယ်အဝန်း(အလျား ၁၄ပေXအနံ ၅၄ပေ) ဟု ခေါ်တွင်သော တိုက်ခန်းနှင့်ထိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကိုအပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်သဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ သုံးရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော ပိုင်ဆိုင်မှုစာမှတ်စာတမ်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မော်မော်ခင်**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၇၃၃၆)**
**တိုက်(၁၂၇)၊ အခန်း(၆)၊ ရန်နိုင်လမ်းသွယ်(၅)၊ (၄)ရပ်ကွက်၊ ရန်ကင်းမြို့နယ်**
**ဖုန်း-၀၉-၅၀၂၉၉၅၈၊ ၀၉-၄၃၀၉၅၄၈၆**

# ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်6P/9972 ယာဉ်လက်ဝယ်ရှိသူ ဦးငွေမောင် ၉/ကဆန(နိုင်)၀၁၆၀၇၆ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ကျောက်ဆည်)**

# ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ်1A/6619 Mitsubishi Canter FE 305 B,L/T(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးထိန်ဝင်း ၈/မထန(နိုင်)၀၆၀၀၇၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊ ခရိုင်ရုံး(သရက်)**

# ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် ၅၀ဃ/၅၀၈၂၀ Honda Click 125 ယာဉ်လက်ဝယ်ရှိသူAuto RY Co.,Ltd က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊တိုင်းရုံး(မကွေး)**

# သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ အမှတ် ၂၀၆၊ အနောက်စံပြ (၁)လမ်းနေ ဦးရွှေမှတ်၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအကြောင်းကြားသိစေအပ်ပါသည်-

ကျွန်ုပ်အမှုသည်၏သား မောင်ဇော်မင်းထိုက်(ခ)ပေတူး ၁၄/မမန(နိုင်)၁၅၂၈၁၆ သည် မိဘ၏ဆိုဆုံးမမှုအားနားမထောင်ဘဲ စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုလုပ်နေပါသဖြင့် ယနေ့မှစ၍ မောင်ဇော်မင်းထိုက်(ခ)ပေတူးအား သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင်၎င်းတို့နှင့်ပတ်သက်သော ကိစ္စအဝဝများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ-** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဦးရွှေမှတ်** | **ဒေါ်ခင်မြတ်ဆု** |
| | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၉၇၈)** |
| | **အမှတ်(၃၁)၊ ကံ့ကော်မြိုင်၊ ၁၄လမ်း၊** |
| | **မြောင်းမြမြို့** |

# ခင်ပွန်းအဖြစ်မှ မသက်ဆိုင်ပါကြောင်း

မန္တလေးမြို့၊ အကွက်(၂၁)၊ ဘုရားငါးဆူနေ ဦးဝင်းဇော်ဦး-ဒေါ်မိမိခိုင်တို့၏သမီးဖြစ်သူ မအိန္ဒြာပြုံးဇော် ၉/အမဇ(နိုင်)၁၀၁၈၂၉ နှင့် ဘုန်းတော်တိုးရပ်ကွက်နေ ဦးတင်ငြိမ်း-ဒေါ်ခင်လေးရွှေ တို့၏သား မောင်ထက်နိုင်လင်း ၉/အမဇ(နိုင်)၁၄၉၅၁၀ တို့သည် စိတ်သဘောထားချင်း မတိုက်ဆိုင်၍ ခင်ပွန်းဖြစ်သူ မောင်ထက်နိုင်လင်းသည် နေအိမ်မှဆင်းသွားပါသဖြင့် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝအားလုံးသည် မအိန္ဒြာပြုံးဇော်နှင့် မသက်ဆိုင်ကြောင်း ကြေညာအပ်ပါသည်။

**မအိန္ဒြာပြုံးဇော်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
# ကျန်းမာရေးဝန်ကြီးဌာန
# ပြည်သူ့ကျန်းမာရေးဦးစီးဌာန
## သားဖွားဆရာမ ရာထူးလျှောက်လွှာပုံစံ

ဓာတ်ပုံ

**အမည်** - ----------------

**မွေးသက္ကရာဇ်၊ အသက်** - ----------------

**နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်** - ----------------

**မိဘအမည်** - ----------------

**နေရပ်လိပ်စာ အပြည့်အစုံ** - ----------------

----------------

**အောင်မြင်သည့် ခုနှစ်၊ လ၊ ရက်** - ----------------

**အောင်မြင်သည့် သင်တန်းကျောင်း** - ----------------

**အောင်မြင်သည့် ခုံအမှတ်** - ----------------

**သားဖွားသင်တန်းတက်ရောက်ရာ** - ----------------

**ရွေးချယ်ခံရမှု [ပုံမှန်/အထူး( မိခင်ကလေး/ နယ်စပ်အထူး/ ကျန်းမာရေးဝန်ထမ်း)]**

**ဦးစားပေး လျှောက်ထားသည့် တိုင်းဒေသကြီး/ပြည်နယ်** - (၁) ----------------

(၂) ----------------

(၃) ----------------

အထက်ဖော်ပြပါ အဆိုပြုနေရာများသို့ မရရှိပါက မည်သည့်နေရာဒေသမဆို သွားရောက်တာဝန်ထမ်းဆောင်မည်/ မထမ်းဆောင်နိုင်ပါ။

ထမ်းဆောင်ပါမည်။ (          )          မထမ်းဆောင်နိုင်ပါ။ (          )

**လက်မှတ်** ----------------

**အမည်** ----------------

**ဖုန်းနံပါတ်** ----------------

**ရက်စွဲ။ ၂၀၂၂ ခုနှစ်၊          လ၊          ရက်**

# ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်သန်းထွန်းဇော် ၈/ဆပဝ(နိုင်)၁၂၄၆၆ ၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၇၇၉၃၀၈၈၃**

# ပတ်စ်ပို့ပျောက်

ကျွန်တော် မောင်ဟိန်းလင်းအောင် ၈/မဘန(နိုင်)၁၈၆၀၆၉ ၏နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၀၈၈၆၆၆၂၆**

# ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 1H/5704 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

# ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 3L/7691 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## ဗိုလ်ကြီး ဟန်ညွန့်(ငြိမ်း)
**D.S.A(19th Intake)**
**ကြည်း-၁၄၃၁၃**
**အသက်(၆၈)နှစ်**

ရေဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ်(၄၄)နေ (ဦးမောင်သိန်း-ဒေါ်သန်းကြည်)တို့၏သား၊ (ဦးတင်ရွှေ-ဒေါ်အုန်းမြင့်)တို့၏သားသမက်၊ ဒေါ်ကြင်ယုံ-(ဦးကြင်ဟန်)တို့၏ ညီမောင်၊ ဒေါ်မြင့်ငွေး ၏အစ်ကို၊ (ဒေါ်သန်းသန်းအေး)၏ ခင်ပွန်း၊ ကိုအောင်သူရ-မငြိမ်းစုဟန်တို့၏ဖခင်၊ မဆုဝတ်ရည်၏အဘိုး၊ တူ၊ တူမ သုံးယောက်တို့၏ဦးလေးဖြစ်သူ ဗိုလ်ကြီး ဟန်ညွန့်(ငြိမ်း) သည် ၉-၁၀-၂၀၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၃:၅၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၂၂ရက် (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ဟသ်ာတမြို့ မီးသင်္ဂြိုဟ်စက်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**
## ဒေါ်စမ်းမြင့်(ဖြူးမြို့)
**ကုန်သွယ်/လယ်ယာ(ငြိမ်း)**
**အသက်(၇၇)နှစ်**

ဖြူးမြို့နေ(ဦးပွ-ဒေါ်ထွေး)၊ ရန်ကုန်မြို့နေ(ဗိုလ်ကြီးစောလှ-ဒေါ်ခင်မှီ)တို့၏သမီး/ချွေးမ၊ (ဦးအုံးသွင်)၏ဇနီး၊ ရန်ကုန်မြို့နေ ဦးမင်းလွင်-ဒေါ်နွယ်နီထိုက်၊ (ဒေါ်ချိုချိုသွင်)၊ ဦးတင်အေး-ဒေါ်ဖြိုးဖြိုးသွင်၊ ဦးဟန်ဦး-ဒေါ်တိုးတိုးသွင်၊ ဒေါ်သစ်သစ်သွင်၊ ဦးရန်နောင်သွင်-ဒေါ်ခင်မျိုးခက်ခက်တို့၏ချစ်လှစွာသောမိခင်၊ မနှင်းအဉ္ဇလီ၊ မောင်သုတမင်းလွင်၊ မောင်အံ့ဘုန်းမြတ်သွင်တို့၏ချစ်လှစွာသော အဘွားသည် ၉-၁၀-၂၀၂၂ ရက် နံနက် ၁၁:၁၀ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၂၂ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉:၃၀ နာရီတွင် ထွက်ပါမည်။)

**ကျန်ရစ်သူမိသားစု**

---

# အထူးကျေးဇူးဥပကာရတင်ရှိခြင်း

၆-၁၀-၂၀၂၂ ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်အနိစ္စရောက်ရှိသွားပြီဖြစ်သော ကျွန်တော်၊ ကျွန်မတို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးသိန်းလွင် အသက်(၈၁)နှစ်၊ ညွှန်ကြားရေးမှူး(ငြိမ်း)၊ အကောက်ခွန် (OTS 29) ၏ ဈာပနကိစ္စအဝဝကို အဘက်ဘက်မှ လိုလေသေးမရှိအောင် ဝိုင်းဝန်းကူညီပေးကြပါသော လူမှုရေးအသင်း(ရန်ကုန်)နှင့် မော်လမြိုင်ကျွန်းမြို့နယ်အသင်း၊ အကောက်ခွန်ဦးစီးဌာနမှ ဝန်ထမ်းဟောင်းများ၊ လှူဖွယ်ပစ္စည်းများ ပေးပို့လှူဒါန်းကြသော ဆွေမျိုးမိတ်သင်္ဂဟများ၊ ရပ်ဝေးရပ်နီးမှ တယ်လီဖုန်းဖြင့်ဆက်သွယ်၍ နှစ်သိမ့်အားပေးကြသူများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို ကျန်ရစ်သူမိသားစုမှ အထူးကျေးဇူးဥပကာရတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

---

### ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်ကျော်မြင့်ထွန်း ၅/ယမပ(နိုင်)၀၅၁၇၂၁ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၀၈၀၇၂၂၄

### ပျောက်ဆုံးကြောင်း
ကျွန်မ မမေဝင်း ၅/ယမပ(နိုင်)၀၆၂၄၆၃ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြား ပေးပါရန်။
ဖုန်း-၀၉-၄၀၀၈၀၇၂၂၄

### ပျောက်ဆုံးကြောင်း
ကျွန်မ စုလှိုင်ထွန်း ၅/ဆလက(နိုင်)၀၇၀၆၇၉ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၉၀၀၂၁၂၈

### ပျောက်ဆုံးကြောင်း
ကျွန်တော် မောင်ကောင်းမြတ်သူ ၅/မကန(နိုင်)၁၀၃၈၅၇ ၏ နိုင်ငံကူးလက်မှတ်နံပါတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၀၇၁၄၁၂၉၆

## သတိပေး နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်း မပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်**
**ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

### မောင်နှမအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်းကြေညာခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့၊ ရပ်ကွက်(၆)၊ နိဗ္ဗာန်လမ်းနေ ကိုဇေတိမ်ယံဝင်း ၅/ကသန(နိုင်) ၀၅၇၅၃၅၊ ကိုဘုန်းသောင်းဝင်း ၅/ကသန (နိုင်) ၀၇၄၄၂၈ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့၊ ရပ်ကွက်(၆)၊ နိဗ္ဗာန်လမ်းနေ ကျွန်ုပ်မိတ်ဆွေများ၏ညီမဖြစ်သူ မဂျူလိုင်ဝင်း ၅/ကသန(နိုင်) ၀၅၇၅၄၇သည် (၅-၉-၂၀၂၂)ရက်တွင် မိဘ၊ မောင်နှမများခွင့်မလွှတ်နိုင်သည့်ကိစ္စကို ၎င်း၏သဘောဆန္ဒအလျောက် လုပ်ဆောင်သွားခဲ့သဖြင့် မဂျူလိုင်ဝင်းအား မောင်နှမအဖြစ်မှ မသက်ဆိုင်တော့ပါကြောင်း။

မိသားစုဝင်အဖြစ်မှ စွန့်လွှတ်ကြောင်းနှင့်ယနေ့မှစ၍နောက်နောင်တွင် ၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်သန္တာထွန်း**
**အထက်တန်းရှေ့နေ(စဉ်-၂၄၉၈၁/၂၀၁၀)**
**အမှတ်(၃၄၃/က)၊ ငွေပုလဲလမ်း၊ (၃၅)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့၊**
**ဖုန်း-၀၉-၇၉၅၈၁၂၃၀၉**

### ဖောင်းကြွပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 4K/9792 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
**ကညန(ရွှာသာကြီး)**

### ပြင်ဆင်ဖတ်ရှုပါရန်
၇-၁၀-၂၀၂၂ရက်ထုတ် ဤသတင်းစာ စာမျက်နှာ(၂၄)ပါ ဖခင်ဦးကြူကြူ၏ သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း ကြော်ငြာတွင် မောင်ကျော်စိုး ၁၂/ရကန(နိုင်) ၀၆၇၂၉၅အား မောင်ကျော်စိုး ၁၂/ရကန(နိုင်) ၀၆၄၂၉၅ ဟု ပြင်ဆင်ဖတ်ရှုပါရန်။
**ဖခင်- ဦးကြူကြူ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**
## ဗိုလ်ကြီး ဟန်ညွန့်(ငြိမ်း)
**B.Sc, D.S.A (19th Intake)၊ ကြည်း-၁၄၃၁၃**
**အသက်(၆၈)နှစ်**

ရေဝတီတိုင်းဒေသကြီး၊ ဟသ်ာတမြို့၊ အမှတ်(၄၄)နေ (ဒေါ်သန်းသန်းအေး)၏ခင်ပွန်း၊ ကိုအောင်သူရ-မငြိမ်းစုဟန်တို့၏မွေးသဖခင်၊ မဆုဝတ်ရည်၏ အဘိုးဖြစ်သူ ဗိုလ်ကြီး ဟန်ညွန့်(ငြိမ်း)သည် ၉-၁၀-၂၀၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၃:၅၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ အထူးဝမ်းနည်းကြေကွဲရပါသည်။

ချစ်သူငယ်ချင်း ကောင်းရာသုဂတိလားပါစေ

**စစ်တက္ကသိုလ် အပတ်စဉ်(၁၉)မှ**
**သူငယ်ချင်းများနှင့် မိသားစုများ**

---

**ဘုရား၊ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း ဒါယကာကြီး**
## ဦးအောင်မြင့်(တွံတေး)
**ဌာနခွဲ မန်နေဂျာ-(ငြိမ်း) ဗဟိုသမဝါယမအသင်း**
**General Manager (ငြိမ်း)Silver Wave Energy Co.,Ltd**
**အသက်(၇၂)နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၀)ရပ်ကွက်၊ဇေယျာ ၈လမ်း၊ အမှတ် ၃၆၇နေ ဒေါ်တင်တင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးဇော်လွင်ဦး-ဒေါ်ဥမ္မာပပအောင်၊ (ဦးကျော်ဝဏ္ဏအောင်)၊ ဒေါ်သဥ္ဇာပပအောင်၊ ဦးအောင်ဗိုလ်ဗိုလ်-ဒေါ်ကလျာပပအောင်တို့၏ဖခင်ကြီး၊ မသိမ့်ရတီအောင်၊ မအကြင်နာကြယ်စင်ဦး၊ မယွန်းချစ်ဝတီအောင်တို့၏ ချစ်လှစွာသော အဘိုး ဦးအောင်မြင့်သည် ၉-၁၀-၂၀၂၂ရက် (သီတင်းကျွတ်လပြည့်နေ )နံနက် ၆:၀၃နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၁-၁၀-၂၀၂၂ရက်(အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည် ဖြစ်ပါသည်။

(နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၀-၂၀၂၂ရက် (စနေနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## ဒေါက်တာ တင်ဦးလှိုင်
**(ဦးစီးအရာရှိ၊ မြို့နယ်ဦးစီးမှူး)မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန**
**ကျောက်ပန်းတောင်းမြို့၊ ညောင်ဦးခရိုင်**
**အသက်(၄၇)နှစ်**

သာစည်မြို့နယ်၊ ညောင်ရမ်း၊ ဝေွးကုန်းအရှေ့ရွာနေ ဦးအေးသောင်-ဒေါ်မေ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ လလ ၆၂(၁+၂)နေ ဦးထွန်း-ဒေါ်အမ တို့၏မြေး၊ ဦးမြင့်-ဒေါ်သန္တာ(လ/ထ ကထိက၊ စစ်ကိုင်းပညာရေးကောလိပ်)၊ ဒေါ်ခင်သီတာ(ချမ်းသာအောင် ကား)၊ ဒေါက်တာ မောင်မောင်စိုး(ပါမောက္ခ၊ တရုတ်ဘာသာဌာန)တို့၏ညီ/မောင်၊ ဒေါ်သင်းသင်းလှိုင်( အင်ဂျင်နီယာ၊ သုခထွန်းခေါင် ဆောက်လုပ်ရေး)၏ အစ်ကို၊ ဒေါက်တာ စိန်လှိုင်(အရိုးအထူးကု)-ဒေါ်စန်းစန်း(အထပြ၊ အထက-၄)တို့၏သားကြီးသည် ၈-၁၀-၂၀၂၂ရက် (စနေနေ့)ည ၁၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၁၀-၂၀၂၂ရက် (တနင်္လာနေ့)ညနေ ၃နာရီတွင် ကျောက်ပန်းတောင်းမြို့ မီးသင်္ဂြိုဟ်စက်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအကြောင်းကြားပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အများသိစေရန်ကြေညာခြင်း

ဦးရဲဇင်လတ် ၁၂/ဗဟန(နိုင်)၀၈၃၂၄၆ နှင့် ဒေါ်ခိုင်ဇာလင်း ၁၂/သဃက(နိုင်) ၁၅၀၇၂၃ တို့ လင်မယားနှစ်ဦး ပူးတွဲပိုင်ဆိုင်သော အောက်ဖော်ပြပါ ပစ္စည်းများအပါအဝင် မည်သည့်ပစ္စည်းကိုမဆို မည်သူမျှ ဒေါ်ခိုင်ဇာလင်းမှမသိရှိဘဲသော်လည်းကောင်း၊ သဘောတူညီချက်မရှိဘဲသော်လည်းကောင်း၊ ခွင့်ပြုချက်မရှိဘဲသော်လည်းကောင်း၊ ရောင်းချခြင်း၊ ပေးကမ်းခြင်း၊ လှူဒါန်းခြင်း၊ ငှားရမ်းခြင်း၊ လဲလှယ်ခြင်း၊ ပြောင်းလဲခြင်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်း၊ အာမခံအဖြစ်တင်သွင်းထားရှိခြင်းမပြုပါရန်နှင့် ပြုလုပ်ဆောင်ရွက်လာလျှင် ကန့်ကွက်ကြောင်းနှင့် ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

- ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၅)၊ မြေကွက်အမှတ် ၁၂၅၃၊ ဂရန်မြေကွက် နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်၊ နတ်ရေကန် (၁)လမ်း၊ အိမ်အမှတ် ၁၂၅၃၊
- HONDA FIT – 2I/2433(YGN)(ပုလဲရောင်)
- PAJERO – 5F/7476(YGN)(ခဲရောင်)
- GENO – 9I/3492(YGN)(ခဲရောင်)

**ဒေါ်ခိုင်ဇာလင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဝင်းထိန် B.A, H.G.P, R.L,D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၅၈/၃)၊ အဝေရောလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး ဖုန်း-၀၉-၄၂၀၀၇၂၉၇၇**

---

## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း

ကျွန်တော် ဦးထွန်းလင်းသူ ၁၂/ဥကတ(နိုင်)၁၃၂၉၀၃ နှင့် ဒေါ်ပပထွန်း ၁၂/စခန(နိုင်)၀၁၉၅၀၂ တို့သည် ၃၁-၅-၂၀၀၈ ရက်တွင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်လာခဲ့ကြပါသည်။ ယခုအခါ စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် မိမိတို့ နှစ်ဦးမှ သဘောတူညီစွာဖြင့် ၉-၆-၂၀၂၀ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခြင်း ကတိစာချုပ်ကိုချုပ်ဆို၍ ကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ နောက်နောင် တစ်ဦး၏အကြောင်းကိစ္စများကို ကျန်တစ်ဦးမှ ဝင်ရောက်နှောက်ယှက်ပြောဆိုပြုမူခြင်းများမပြုလုပ်ကြရန် ကတိပြုလက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းလင်းသူ ၁၂/ဥကတ(နိုင်)၁၃၂၉၀၃**
**အမှတ်(၁၇၇-က)၊ ၇လမ်း၊ (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်**

---

## သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့၊ ရပ်ကွက်(၆)၊နိဗ္ဗာန်လမ်းနေ ဒေါ်သစ် သစ်ဦး ၅/ကသန(နိုင်)၀၅၇၀၂၄ ၏လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့၊ ရပ်ကွက်(၆)၊ နိဗ္ဗာန်လမ်းနေ (ဘ)ဦးစံဝင်း (မိခင်) ဒေါ်သစ်သစ်ဦးတို့၏သမီး မဂျူလိုင်ဝင်း ၅/ ကသန(နိုင်) ၀၅၇၅၄၇သည် ၅-၉-၂၀၂၂ရက်တွင် မိဘ၊ မောင်နှမများခွင့်မလွှတ်နိုင်သည့် ကိစ္စကို ၎င်း၏သဘောဆန္ဒအလျောက် လုပ်ဆောင်သွားခဲ့သဖြင့် မဂျူလိုင်ဝင်းအား သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းနှင့် မဂျူလိုင်ဝင်းသည် ယနေ့မှစ၍ မိမိတို့မိသားစုဝင်မဟုတ်တော့သဖြင့် နောက်နောင်တွင် ၎င်းနှင့်ပတ်သက် သည့် မည်သည့်ကိစ္စအဝဝကိုမျှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်မြင့်သန္တာထွန်း**
**အထက်တန်းရှေ့နေ (စဉ်-၂၄၉၈၁/၂၀၁၀)**
**အမှတ် ၃၄၃/က၊ ငွေပုလဲလမ်း၊ (၃၅)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၇၉၅၈၁၂၃၀၉**

---

**(၁)လပြည့် သတိတရ အလွမ်း**
**ဘုရား၊ တန်ဆောင်း၊ ကျောင်း၊ မုခ်ဦး ဒါယကာကြီး**
## ဦးကျော်ခင်
**အသက်(၈၄)နှစ်**

အဖေနှင့်အမေ မင်္ဂလာနှစ်သက်တမ်း (၇၀)ပြည့်တွင် မိသားစုနှင့် ရုတ်တရက် ခွဲခွာသွားသော အဖေအား လွမ်းဆွတ်သတိရလျက် ရှိပါကြောင်းနှင့် ကောင်းမှုကုသိုလ်အစုစုတို့ကို ရရှိပါစေကြောင်း အမျှပေးဝေပါ၏။ ကောင်းရာဘုံဘဝ ရောက်ရှိပါစေ။

**ကျန်ရစ်သူမိသားစု**
**ဦးမြင့်ရွှေ (MD.Shwe Paw Kyun Co.,Ltd)-ဒေါ်ခင်စန်းဝင်း(နေပြည်တော်)**
**ဦးကျော်သောင်း-ဒေါ်ခင်ညိုရီ(မလှိုင်မြို့)**
**ဦးအောင်မျိုးခိုင်-ဒေါ်မြင့်ရီ(မလှိုင်မြို့)**

---

## ဒေါ်သန်းလှ
**အသက်(၈၃)နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျောက်ရေတွင်းရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်ခ/၆နေ (ဦးစိန်လှိုင်)၏ ဇနီး၊ ဦးထွန်းအေးချို (ဦးဝင်းကြည်)၊ ဦးကျော်ကျော်တို့၏ အစ်မကြီး၊ ဒေါ်ငွေငွေလှိုင်၊(ဒေါ်ချိုချိုလှိုင်)၊ဒေါ်ထွန်းထွန်းလှိုင်၊ ဦးအောင်အောင်နိုင်၊ ဒေါ်သီတာလှိုင်တို့၏ မွေးသမိခင်၊ မြေးခြောက်ယောက်တို့၏ ဘွားဘွား ဒေါ်သန်းလှသည် ၉-၁၀-၂၀၂၂ရက် (တနင်္ဂနွေနေ့)နံနက် ၈:၀၅ နာရီတွင် (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါသောကြောင့် ၁၁-၁၀-၂၀၂၂ရက်(အင်္ဂါနေ့)နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ မိတ်ဆွေများအား အကြောင်းကြားအပ်ပါသည်။

(နေအိမ်မှကားများ နံနက် ၉:၃၀နာရီတွင် ထွက်ခွာပါမည်။)

ကွယ်လွန်သူအားရည်စူး၍ ၁၅-၁၀-၂၀၂၂ရက် (စနေနေ့)တွင် အထက်ပါ နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

---

## အများသိစေရန်ကြေညာအပ်ပါသည်

မော်လမြိုင်မြို့ဖက်တန်းရပ်ကွက်၊အောက်လမ်းမကြီး၊ အမှတ် ၁၃၀နေ ဦးတင့်လွင် ၁၀/မလမ(နိုင်)၀၂၆၇၇၆၊ ဒေါ်သင်းသင်းနွယ် ၁၀/မလမ(နိုင်)၀၆၈၃၂၁ တို့မှ မော်လမြိုင်မြို့ဖက်တန်းရပ်ကွက်၊ အောက်လမ်းမကြီး၊ အကွက်အမှတ်(၃၉)၊ ဦးပိုင်အမှတ် (၅၇/ခ)၊ ဧရိယာ ၀ဒသမ ၀၅၇ ဧကရှိ ဘိုးဘပိုင်မြေကွက်သည် မြေစာရင်းဦးပိုင်(၁-က) မှတ်ပုံတင်စာရင်းအရ ဒေါက်တာ ဦးအိန်ဗုက် (ဇနီး) ဒေါ်တင်လှိုင်(သမီး) မအေးအေး အမည်ဖြင့် အမည်ပေါက် ပိုင်ဆိုင်လျက်ရှိပြီး ဦးအိန်ဗုက် ကွယ်လွန်ပြီးနောက် ဇနီးဖြစ်သူ ဒေါ်တင်လှိုင်၊ သမီးဖြစ်သူ ဒေါ်အေးအေးတို့မှ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် (၃၀/၂၀၁၀)၊ အမွေဆက်ခံကြေညာစာချုပ်အမှတ်(၃၁/၂၀၁၀) အရ ပိုင်ဆိုင်လာပြီးနောက် ဦးတင့်လွင်၊ ဒေါ်သင်းသင်းနွယ်တို့အား အိမ်နှင့်မြေ အရောင်းအဝယ်စာချုပ်မှတ်ပုံတင်အမှတ် (၁၂၁/၂၀၂၂)အရ ရောင်းချပေးခဲ့သဖြင့် ၎င်းတို့မှ တရားဝင်ပိုင်ဆိုင်မှုအပေါ် မူလအမည်မှ ဦးတင့်လွင်၊ ဒေါ်သင်းသင်းနွယ်တို့ အမည်သို့ အမည်ပြောင်းလဲပေးပါရန် လျှောက်ထားမှုအပေါ် မော်လမြိုင်မြို့နယ်၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနသို့ အထောက်အထား ခိုင်လုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန**
**မော်လမြိုင်ခရိုင်၊ မော်လမြိုင်မြို့**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊မြေတိုင်းရပ်ကွက်အမှတ် ၄၂၊ မြေကွက်အမှတ် ၁၄၀၅၊ မြေကွက်တည်နေရာ အမှတ် ၁၄၀၅၊ ဇော်ဂျီလမ်း၊ (၄၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဦးစိန်ညွန့် SRM ၀၁၅၉၈၉ အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ် (ဂရန်) မြေအား အမည်ပေါက် ဦးစိန်ညွန့် SRM ၀၁၅၉၈၉ (၎င်းကိုယ်စား GP ၃၀၃/၂၀၂၁ ရသူ ဒေါ်ကေသီဝေ ၉/မထလ(နိုင်)၀၇၉၀၉၇) ထံမှ အရောင်းအဝယ်စာချုပ်အမှတ် ၄၇၈၄/၂၀၂၁ (၃-၁-၂၀၂၂)ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးကောင်းထွဋ်ကျော် ၁၂/လကန(နိုင်)၁၉၅၃၅၅၊ ဒေါ်ဖူးငုံသန့်ကျော် ၁၀/သဖရ(နိုင်)၁၅၇၅၉၂ တို့မှ ဂရန်၊ နိုင်/ကတ်၊ အမြတ်ခွန်ချလန်၊ အရောင်းအဝယ်စာချုပ်တို့ တင်ပြ၍ အမည်ပြောင်း လျှောက်ထားလာရာတွင် မြေစာရင်းမှတ်ချက်(၁)ရှိ (၂၀၀၅)ခုနှစ် အမည်ပေါက် ဦးစိန်ညွန့်မှ အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားခဲ့သည့် မြေစာရင်းမှတ်ချက်နှင့် ပတ်သက်၍ အဆိုပါ မြေကွက်အား အရှုပ်အရှင်းမရှိ ဝယ်ယူပိုင်ဆိုင်ထားသူဖြစ်ပြီး အခြားသူတို့ရောင်းချပေါင်နှံပေးကမ်း၊ စွန့်လွှတ်ထားခြင်း၊ အာမခံအဖြစ်တင်သွင်းထားခြင်း၊ လှူဒါန်းထားခြင်းတို့မှ ကင်းရှင်းပါကြောင်း၊ အမည်ပေါက် ဦးစိန်ညွန့် (၂၀၀၅)ခုနှစ်တွင် ကူးယူခဲ့သော အရောင်းမြေပုံမူရင်းပျောက်ဆုံးသွားသည်မှာ မှန်ကန်ပါကြောင်း၊ ပြဿနာတစ်စုံတစ်ရာပေါ်ပေါက်လာပါက တာဝန်ယူဖြေရှင်းပေးမည်ဖြစ်ပါကြောင်း ဝန်ခံကတိပြု ကျမ်းကျိန်လွှာ(၂၃-၈-၂၀၂၂)ရက်စွဲပါ ရှင်းလင်းတင်ပြစာတို့တင်ပြလာပါသဖြင့် ဦးကောင်းထွဋ်ကျော်၊ ဒေါ်ဖူးငုံသန့်ကျော်တို့မှ အမည်ပြောင်း လျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်သည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ ပြည်လမ်း၊ အမှတ်(၉၁၁/ဂ)နေ ဦးထိန်လင်း (၁၂/အစန(နိုင်)၁၈၁၀၈၉)နှင့် ဒေါ်စန်းငွေး (၁၂/အစန(နိုင်)၁၈၁၀၉၀)တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေငြာအပ်ပါသည်-

ဦးထိန်လင်း နှင့် ဒေါ်စန်းငွေးတို့၏ သားဖြစ်သူ မောင်စိန်ပိုက်အောင် (၁၂/အစန(နိုင်)၂၅၀၀၄၉)သည် မိဘများ၏ဆုံးမ၊ ပဲ့ပြင်မှုများအား နာခံခြင်းမရှိ မိဘတို့အား အမြဲတမ်း ကိုယ်စိတ်နှစ်ပါးဆင်းရဲအောင် ပြုလုပ်သည့်အပြင် ဂုဏ်သိက္ခာကျဆင်းစေသည် အပြုအမူများအား အကြိမ်ကြိမ်ပြုလုပ် ဆောင်ရွက်နေသူ တစ်ဦးဖြစ်သောကြောင့် မောင်စိန်ပိုက်အောင်အား ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ပါကြောင်းနှင့် နောက်နောင်တွင် ၎င်းနှင့် ပတ်သက်သည့် ကိစ္စအဝဝ တို့သည် ဦးထိန်လင်း၊ ဒေါ်စန်းငွေးတို့နှင့် သက်ဆိုင်ခြင်းမရှိကြောင်း၊ တာဝန်ယူ ဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

**ဦးနေထွန်းအောင် (LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၈၃၀)**
**အမှတ်(၄)၊ ပဒေသာလမ်း၊ မြေ/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉ ၂၅၀၀၅၈၅၄၃**

---

**သင့် သွေး ဖြင့် အ သက် ကယ် ပါ**

**စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေဖို့ အခြေခံဟာ "လွတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ" ပဲ ဖြစ်ပါတယ်။ ရွေးကောက်ပွဲကမှတစ်ဆင့် ရရှိလာတဲ့ရလဒ်တွေအရ လွှတ်တော်အသီးသီးနဲ့ အစိုးရအဖွဲ့တို့ကို ဖွဲ့စည်းတည်ဆောက်ပြီး နိုင်ငံတော်ယန္တရားကို လည်ပတ်ကြရပါတယ်။ ဒါ့ကြောင့် ရွေးကောက်ပွဲမှာ တိုင်းရင်းသားတွေ၊ ဒေသတွေနဲ့ နိုင်ငံအနှံ့ လူထုလူတန်းစားအလွှာအသီးသီးကို ကိုယ်စားပြုတဲ့သူတွေ ဝင်ရောက်အရွေးချယ်ခံနိုင်ဖို့နဲ့ နိုင်ငံအနှံ့ အကြားအလပ်မရှိ ရွေးကောက်ပွဲကျင်းပနိုင်ဖို့ လိုအပ်ကြောင်း တင်ပြလိုပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ ဇူလိုင်လ ၃၁ ရက်နေ့တွင် ပြုလုပ်သော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ အစည်းအဝေး (၂/၂၀၂၂) တွင် ပြောကြားချက်များမှ ကောက်နုတ်ချက်)

၃၁-၇-၂၀၂၂

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ" ကို ဆက်လက် လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# မြန်မာ့ခရီးသွားရာသီအစ ပုဂံရှုခင်းများကြည့်ရန် Balloons များ စတင်ပျံသန်း

**ညောင်ဦး အောက်တိုဘာ ၉**

မြန်မာ့ခရီးသွားရာသီအစ ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်းယဉ်ကျေးမှု နယ်မြေရှိ ပုဂံရှုခင်းများကြည့်ရှုရန် ရွှေလေတံခွန် (နီညိုရောင်) မီးပုံးပျံခေတ်ငွေ့ Balloons အဖွဲ့မှ အောက်တိုဘာ ၉ ရက် နံနက် ၆ နာရီ မိနစ် ၄၀ က ပုဂံမြို့သစ် ဂန့်ဂါရပ်ကွက်ရှိ ဟိုတယ်ဇုန် (၄) မှ စတင်ပျံသန်း၍ ယခုနှစ် ဆောင်းရာသီ Balloons ပျံသန်းခြင်းများ စတင်ပျံသန်းခဲ့ပြီဖြစ်ကြောင်း ညောင်ဦးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်ထံမှ သိရသည်။

*စာမျက်နှာ ၂ ကော်လံ ၃ ➝*



**ယနေ့ သတင်းအညွှန်း**


**နျူကလီးယားစစ်ပွဲခြိမ်းခြောက်မှုများ သမိုင်းကနေ သင်ခန်းစာယူကြရန် ပုပ်ရဟန်းမင်းကြီးဖရန့်စစ် တိုက်တွန်း** — နိုင်ငံတကာသတင်း — စာ - ၁၃

**အစုရှယ်ယာအရောင်း/အဝယ် အမှာစာများ ပေးပို့ခြင်း** — ဆောင်းပါး — စာ - ၁၆

**TikTok က မြန်မာအပါအဝင် နိုင်ငံအချို့၌သာ သုံးနိုင်သည့် TikTok Now ကို စမ်းသပ်နေ** — နည်းပညာ — စာ - ၂၂

**ဝက်စ်ဟမ်းတို့ ဖူလ်ဟမ်ကို ဂိုးပြတ်နိုင်ပြီး အာဆင်နယ်က လီဗာပူးကို အနိုင်ယူ** — အားကစားသတင်း — စာ - ၂၇


## ၂၀၂၂ ခုနှစ် (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၉**

၂၀၂၂ ခုနှစ် (၂၃) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကို အောက်တိုဘာ ၁၁ ရက်မှ အောက်တိုဘာ ၁၈ ရက်အထိ နေပြည်တော် မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂)၊ အမျိုးသားစာကြည့်တိုက်၊ အမျိုးသားပြတိုက်၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမနှင့် လေ့ကျင့်ရေးဇာတ်ရုံတို့၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၁၁ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (၂) ၌ ကျင်းပမည်ဖြစ်ရာ ယင်းအခမ်းအနား ကျင်းပပုံများကို အောက်တိုဘာ ၁၁ ရက် နံနက် ၈ နာရီ မိနစ် ၅၀ မှစတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV-HD၊ MRTV News၊ MWD၊ MWD Variety၊ MITV၊ MOI Website၊ MOI Youtube၊ MRTV Website နှင့် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM၊ ပဥ္စဝတီ FM၊ ရွှေ FM၊ ပတ္တမြား FM၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှ တိုက်ရိုက် (LIVE) ထုတ်လွှင့်ပြသသွားမည်ဖြစ်သည်။ **MRTV**